# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၁၂)

၁၃၈၈ ခုနှစ်၊ ကဆုန်လပြည့်နေ့
၂၀၂၄ ခုနှစ်၊ မေ ၃၀ ရက်၊ ကြာသပတေးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၉

ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို ဘာသာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်နှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တို့တွင် မေလ ၃၀ ရက်၌ ခမ်းနားထည်ဝါစွာနှင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ MRTV Farmer's Channel မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသမှုနှင့်အတူ MRTV Website၊ MRTV APPနှင့် Online တို့မှလည်းကောင်း Live Streaming ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ အခမ်းအနားအစီအစဉ်များအနက် ယင်းနေ့ညနေ (၃)နာရီ၊ မိနစ်(၅၀)မှစတင်၍ ဆီမီးတိုင်များနှင့်လှည့်လည်ပူဇော်ပွဲကို မော်တော်ယာဉ်များဖြင့် တပေါင်းကွင်းမှ ဥပ္ပါတသန္တိစေတီတော်၊ ဥပ္ပါတသန္တိစေတီတော်မှ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်မုခ်ဦးမှတစ်ဆင့် မာရဝိဇယစေတီတော်ကြီးအထိလည်းကောင်း၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်နှင့်ဥပ္ပါတသန္တိစေတီတော်ရှိ မဟာဗောဓိပင်နေရာများတွင် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်းအခမ်းအနားများကို ည(၇)နာရီမှစတင်၍လည်းကောင်း၊ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဂ္ဂါဓိပတိသာသနဗိမာန်တော်တွင် ဓမ္မသဘင်ပွဲ ဆင်ယင်ကျင်းပပုံကို ည(၈)နာရီခွဲမှစတင်၍လည်းကောင်း တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။ **မြဝတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သာစည် ၄၀ မဂ္ဂါဝပ်နှင့် သပြေဝ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ရှိ Leader Power Co., Ltd. မှ တည်ဆောက်သော သာစည် ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် မိတ္ထီလာမြို့နယ်ရှိ Hanzar Solar Energy Co., Ltd. မှတည်ဆောက်သော သပြေဝ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

စာမျက်နှာ ၅ ကော်လံ ၁ →




**ခရိုင်အုပ်ချုပ်ရေးဆိုင်ရာ ညွှန်ကြားချက်ထုတ်ပြန်** စာ - ၉ သို့

**မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် ထုတ်ပြန်** စာ - ၉ သို့

**ဆောင်းပါး**

**ကြည်နူးပူဇော် ကဆုန်ညောင်ရေသွန်းပွဲတော်** စာ - ၁၃ သို့




မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ တွင်းအမှတ်(၁၄)မှ သဘာဝဓာတ်ငွေ့များထွက်ရှိနေမှုကို တွေ့ရစဉ်။

## ဧရာဝတီတိုင်းဒေသကြီး မအူပင်(တောင်) ရေနံနှင့်သဘာဝဓာတ်ငွေ့မြေ တွင်းအမှတ်(၁၄)ရှိ သဲကြောများအား သုတေသနပြုဆန်းစစ်ပြီးဖောက်ယူရာ သဘာဝဓာတ်ငွေ့များတိုးတက်ထွက်ရှိ

နေပြည်တော် မေ ၂၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်၏ စွမ်းအင်လုံခြုံရေး၊ နိုင်ငံတော်၏စီးပွားရေးကဏ္ဍတွင် စွမ်းအင်အသုံးပြုခြင်းအား အကျိုးရှိထိရောက်စွာစီမံခန့်ခွဲနိုင်ရေး၊ စွမ်းအင်ဆိုင်ရာအခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ပြည်ပမှ စွမ်းအင်သွင်းကုန်များလျှော့ချပြီး ပြည်တွင်းစွမ်းအင်အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးဆိုင်ရာ ကိစ္စရပ်များကို ရေတို/ရေရှည်အစီအမံများချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်တွင်းတွင် ရေနံထွက်ပစ္စည်းများကို ကိုယ်တိုင်ချက်လုပ်သုံးစွဲနိုင်ရန် ခေတ်မီရေနံချက်စက်ရုံအသစ်တည်ဆောက်ခြင်း၊ ပြည်တွင်းရှိ ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့များပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ခေတ်မီနည်းပညာများအသုံးပြုခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ရေနံနှင့်သဘာဝဓာတ်ငွေ့အထွက်တိုးလုပ်ငန်းများဆောင်ရွက်စေခြင်းများကို လုပ်ဆောင်လျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၅ ➤




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၃၀ ရက်)

## နှလုံးစိတ်ဝမ်းလွန်အေးချမ်း များပြည်သူတို့ ရွှင်ရွှင်လန်း

မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာထွန်းကားသောနိုင်ငံဖြစ်ပြီး ဗုဒ္ဓဘာသာအား နိုင်ငံသားအများစု ကိုးကွယ်ရာဘာသာအဖြစ် အသိအမှတ်ပြုထားသည်။ ဗုဒ္ဓဘာသာသည် လူသားတို့၏ စိတ်နှလုံးကို နူးညံ့သိမ်မွေ့စေသည်။ မကောင်းမှုပြုရမည်ကိုရှက်ခြင်း၊ မကောင်းမှုပြုရမည်ကိုကြောက်ခြင်းတို့ကြောင့် မကောင်းမှုကိုရှောင်ကြဉ်ကြသည်။ ကောင်းမှုကိုဆောင်ထားကြသည်။ စိတ်နှလုံးကိုဖြူအောင်ထားရှိကြသည်။ နှစ်အစမှ နှစ်ကုန်အထိ ရာသီပွဲတော်များနှင့်စည်ကားလှသည်။

မြန်မာတို့၏ ဆယ့်နှစ်လ၊ ဆယ့်နှစ်ရာသီပွဲတော်များအနက် ညောင်ရေသွန်းပွဲတော်မှာ ကဆုန်လပြည့်နေ့တွင်ကျင်းပသောပွဲတော်ဖြစ်သည်။ ညောင်ရေသွန်းပွဲတော်မှာထူးမြတ်သောပွဲတော်ဖြစ်သည်။ အခါရာသီအားဖြင့်လည်း သင့်တင့်လျောက်ပတ်ပါပေသည်။ ကဆုန်လမှာ "ဂိမှာန" ဆိုအပ်သောနွေရာသီတွင်ကျရောက်သောကြောင့်ပူပြင်းလှသည်။ ကောင်းကင်မိုးယံ ထက်နဘံတွင်လည်း မိုးသားတိမ်တိုက်တို့ အုံ့မှိုင်းကာ မိုးချုန်းသံပေးနေတတ်သည်။ တန်ခူးရေကုန်၊ ကဆုန်ရေခန်း ဆိုသည့်အတိုင်း မြစ်ချောင်းအင်းအိုင်တို့ရေများခန်းခြောက်လေ့ရှိသည်။ ဤသို့အပူရှိန်ပြင်းကာ ရေပြတ်လပ်သောကြောင့် အချို့သစ်ပင်၊ ပန်းပင်များညှိုးနွမ်းကြသည်။ ထိုအချိန်တွင် ဗုဒ္ဓဘာသာဝင်တို့အထွတ်အမြတ်ထားသော ပရိဘောဂစေတီထိုက်သည့် မဟာဗောဓိညောင်ပင်များ ညှိုးခြောက်ပျက်စီးသွားမည်ကို ရှေးမြန်မာတို့စိုးရိမ်ဟန်တူသည်။ ထို့ကြောင့် ကဆုန်ညောင်ရေသွန်းခြင်းပေါ်ထွန်းလာသည်။

ညောင်ရေသွန်းပွဲတော်မှာ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခဲ့ရာ ဗောဓိညောင်ပင်၏ ဆင့်ပွားဗောဓိညောင်ပင်များကို အမွှေးနံ့သာရည်များဖြင့်လည်းကောင်း၊ သန့်စင်အေးမြသော ရေများဖြင့်လည်းကောင်း သွန်းလောင်းပူဇော်သောပွဲတော်ဖြစ်သည်။ မြန်မာမှုနယ်ပယ်တွင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ဥဒ္ဒိဿစေတီ၊ ပရိဘောဂစေတီဟုစေတီလေးပါးရှိရာ ဗောဓိပင်ကို ရေစင်သွန်းလောင်းပူဇော်သည်မှာ ပရိဘောဂစေတီအဖြစ်ရည်စူးပူဇော်ခြင်းဖြစ်သည်။ မြန်မာတို့၏ညောင်ရေသွန်းပွဲတော်ကား မြန်မာတို့၏ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်သည်။ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓနေ့ဟုဆိုသည့်အတိုင်း မြတ်စွာဘုရားရှင်သည် သုံးလောကထွတ်ထားမြတ်ဘုရားအဖြစ်သို့မရောက်မီ သုမေဓာရှင်ရသေ့ဘဝတွင် ဒီပင်္ကရာမြတ်ဘုရားခြေတော်ရင်း၌ နိယတဗျာဒိတ်ခံယူတော်မူသောနေ့၊ သိဒ္ဓတ္ထမင်းသားအဖြစ်ဖွားမြင်သောနေ့၊ မြတ်စွာဘုရားရှင်သည် ဗောဓိဟူသော သဗ္ဗညုတဉာဏ်တော်ကိုရရှိပြီး ဘုရားအဖြစ်သို့ရောက်တော်မူသောနေ့နှင့် မြတ်စွာဘုရားပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့တို့မှာ ကဆုန်လပြည့်နေ့တွင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။ ကဆုန်လပြည့်နေ့ကို **"ဗျာဒိတ်ဖွားမြင် ဗောဓိပင် စံဝင်နိဗ္ဗာန်နန်း"** ဟူ၍မှတ်တမ်းတင်ထားသည်။

မဟာဗောဓိပင်ဆိုသည်မှာ ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားဖွားမြင်တော်မူသောနေ့တွင် အတူတကွဖြစ်ထွန်းပေါ်ပေါက်လာခဲ့သည့် ဖွားဖက်တော်ခုနစ်ပါးတွင်တစ်ပါးပါဝင်သည်။ ဘုရားပွင့်ရာ မဟာဗောဓိပင်ကို ပရိဘောဂစေတီထိုက်၍လည်း ပူပြင်းသောနွေကာလ၌ ရေစင်သွန်းလောင်းခြင်းဖြင့် ကုသိုလ်ယူကြသောပွဲလည်းဖြစ်သည်။ ကဆုန်လသည် နွေကာလဖြစ်သည့်အတွက် ရေခတ်ခန်းခြောက်လေ့ရှိသည်။ ဗောဓိပင်များအား ကဆုန်ညောင်ရေသွန်းလောင်းခြင်းသည် မဟာဗောဓိပင်များစိမ်းလန်းစိုပြည်၍ အခက်အလက်များဝေဆာစေခြင်း၊ သက်တမ်းရှည်ကြာစေခြင်းနှင့်မြတ်စွာဘုရားရှင်အား ရည်မှန်းပူဇော်ရာရောက်ခြင်းတို့ကြောင့် ပူဇော်သူတို့၏စိတ်နှလုံးကိုအေးချမ်းစေသည်။

ဗုဒ္ဓဘာသာဝင်တို့ အမွန်အမြတ်ထားသော ညောင်ရေသွန်းဓလေ့များမှာ ရှေးမြန်မာဘုရင်များလက်ထက်ကပင် ပေါ်ပေါက်ခဲ့သောပွဲတော်ဖြစ်ပြီး ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ကြီးမှူး၍ ကျင်းပလေ့ရှိရာ အလွန်ကြီးကျယ်ခမ်းနားသည်ဟုဆိုသည်။ မင်းနေပြည်တော်တွင် ညောင်ရေသွန်းပွဲကျင်းပ၍ စည်ကားလှပုံကို တောင်ငူခေတ်စာဆို မင်းဇေယျရန္တမိတ်က "ကဆုန်လတွင် ပြာစင်ညက်ဖြူ ရွှေပြည်သူတို့၊ သင်းကြူကြိုင်စွာ၊ ရေနံ့သာဝယ်၊ ရင်းမာကွမ်းဘူး၊ စကားဦးနှင့်၊ ကွန့်မြူးလျှံမောင်း၊ မွေတော်ပေါင်းကို၊ ပုံ့လှောင်းကြိုင်ရွှန်း၊ အဲသီချင်းနှင့်၊ ပြန်တင်းရည်စောင်၊ အဆောင်ဆောင်သည်၊ ခါညောင်မသွန်းလှည့်လေတော့"ဟုဖွဲ့ဆိုထားခဲ့သည်။ လောကဗျူဟာအင်ရုံစာတမ်းတွင် "ပတ္တမြားစေတီညောင်ရေသွန်းရာမှာ ရမည်းသင်းမင်းတရားလက်ထက်တော်တွင် ကဆုန်လ မိုးမရွာ၍ အိပ်မက်ရာတွင်၊ ပတ္တမြားစေတီ ဘုရားညောင်ရေသွန်းကိုစီရင်၍သွန်းရာတွင် အပြန်ကို မိုးသည်းစွာရွာသည်။ သည်နှစ်ကစ၍ နှစ်စဉ်ပတ္တမြားစေတီဘုရားညောင်ရေကို သွန်းရသည်"ဟု ဆိုထားသည်။

ကဆုန်လပြည့်နေ့တွင် ဘုရားစေတီများရှိ ဗောဓိညောင်ပင်များတွင် မိသားစုလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့များအလိုက်သော်လည်းကောင်း စုပေါင်း၍ညောင်ရေသွန်းလောင်းခြင်းပြုကြသည်။ သက်တော်ထင်ရှားမြတ်စွာဘုရားရှင်အားရည်မှန်းပူဇော်၍ ဗုဒ္ဓရုပ်ပွားတော်များအားရေသပ္ပာယ်ကြသည်။ ကုသိုလ်ကောင်းမှုသည် ပြုလုပ်သူအတွက်ကောင်းကျိုးများဖြစ်ထွန်းစေသည်။ ရေသည် လူတို့အတွက် မရှိမဖြစ်အရာဖြစ်သည်။ ရေသည်အေးမြခြင်းကိုဖြစ်စေသည်။ အပူရှိန်လွန်ကဲသောအချိန်ကာလတွင် ရေသွန်းလောင်းခြင်းဖြင့် ဗောဓိပင်များပိုမိုရှင်သန်လန်းဆန်းလာပေမည်။ ဗောဓိပင်များရှင်သန်သကဲ့သို့ ဗုဒ္ဓမြတ်စွာ၏သာသနာတော်သည်ပိုမိုထွန်းကားနေပေလိမ့်မည်၊ ထို့အတူ မြန်မာနိုင်ငံသည် သာယာဝပြောသောနိုင်ငံအဖြစ်တည်ရှိစေရုံသာမက နိုင်ငံသူ၊ နိုင်ငံသားအားလုံးသည်လည်း နှလုံးစိတ်ဝမ်းအေးချမ်းစေလျက် ကောင်းကျိုးလိုရာပြည့်ဝကြမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်ကြီးပိုမိုအေးချမ်းသာယာ၍ ပြည်သူများ နှလုံးစိတ်ဝမ်းချမ်းမြေ့ပါစေကြောင်း ဆုမွန်တောင်းအပ်ပါသည်။ ။

# မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေး အသိပညာပေးဟောပြော

**သရက် ဧပြီ ၂၉**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် မီးသွေးဖုတ်ကျေးရွာနှင့် သဲတောကျေးရွာတို့၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျော့နည်းစေရေးအသိပညာပေးဟောပြောပွဲကို ဧပြီလ ၂၉ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ သရက်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိနန္ဒာအောင်က မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုများကိုကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးလွင်က ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု မဖြစ်ပေါ်စေရေး စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်နှင့်စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက မီးခိုးမြူငွေ့အန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်အချက်များကိုလည်းကောင်း ဆွေးနွေးပြောကြားကြောင်း သိရသည်။ **ဆက်လူ**

# မိုးကောင်းမြို့နယ်၌ ကျေးလက်ကုန်ထုတ်လမ်း ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီး

**မိုးကောင်း ဧပြီ ၂၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများရာသီမရွေးကျေးလက်ထုတ်ကုန်များကုန်စည်စီးဆင်းနိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုအထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့်ကုန်းတန်းကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား ဧပြီလ ၂၈ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မေဝင်း၊ တာဝန်ခံအင်ဂျင်နီယာတို့နှင့်အတူ ကုန်းတန်းကြီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းနှင့် သဲကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်ပြီးစီးပါက ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါကုန်းတန်းကြီးကျေးရွာ၌ လမ်းအရှည်ပေ ၃၅၀၀၊ အကျယ် ၁၈ ပေနှင့် ထု ၂ ပေရှိ မြေသားတာပေါင်တင်ခြင်း၊ ၎င်းလမ်းပေါ်တွင်လမ်းအရှည်ပေ ၃၅၀၀၊ အကျယ် ၁၂ ပေနှင့် ထု ၉ လက်မရှိ သဲကျောက်ခင်းခြင်းလုပ်ငန်းများအား ပြည်နယ်ခွင့်ပြုရန်ပုံငွေကျပ် ၂၁၆ သန်းဖြင့် မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဧပြီလ ဒုတိယပတ်မှ စတင်ဆောင်ရွက်ရာ ယခုအခါ လုပ်ငန်းများအားလုံး ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၄-၂၀၂၆(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၀။ | ၁၂:၄၀ | မွေးမြူသုတ |
| ၂။ | ၀၆:၄၅ | ဓမ္မပူဇာတေး | ၁၁။ | ၁၂:၅၀ | သီချင်းလက်ဆောင် |
| ၃။ | ၀၇:၀၀ | နှပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့ | ၁၂။ | ၁၃:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| | | | ၁၃။ | ၁၄:၁၅ | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၄။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား | | | |
| ၅။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | ၁၄။ | ၁၄:၅၅ | မှတ်သားလိုက်နာပုံပမာ |
| ၆။ | ၀၈:၄၀ | မောင်မယ်လေးများသိစေချင် | ၁၅။ | ၁၉:၀၀ | **ရုပ်မြင်သံကြားဇာတ်လမ်း** ငြိုးမာန်ဖွဲ့စိမ်းရက်လေသလား အပိုင်း(၂) သရုပ်ဆောင်-ကျော်ဟိန်း၊ မေသန်းနု ဒါရိုက်တာ-စင်ရော်မောင်မောင် |
| ၇။ | ၀၉:၂၀ | ကျန်းမာသုတ | | | |
| ၈။ | ၁၀:၄၀ | ဆောင်းပါးပေါ်မှစာစုများ | | | |
| ၉။ | ၁၂:၁၅ | လေးစားအတုယူ စံနမူနာသူရဲကောင်းများ | | | |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၁၃-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၃-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# သရက်သီးမှည့်များစပေါ်ချိန်တွင် မန္တလေးတိုင်းဒေသကြီးမှထွက်ရှိသည့် စိန်တစ်လုံးသရက်သီးများ အရောင်းအဝယ်သွက်နေ



မန္တလေး ဧပြီ ၂၉

ယခုနှစ် သရက်သီးမှည့်များစပေါ်ချိန်တွင် မန္တလေး တိုင်းဒေသကြီးအတွင်းရှိမြို့နယ်တချို့မှထွက်ရှိသော စိန်တစ်လုံးသရက်သီးများ ယခင်နှစ်ကထက် အရောင်းအဝယ်သွက်လျက်ရှိကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရသည်။

ပြည်တွင်း၌ နှစ်စဉ် ဧပြီလတွင် သရက်သီးမှည့်များ စတင်ထွက်ရှိကာ မေလတွင် သရက်သီးမှည့်များ အပေါ်ဆုံးအချိန်ဖြစ်သည်။ လက်ရှိမန္တလေးဈေးကွက် အတွင်းသို့ စိန်တစ်လုံးသရက်သီးများ စတင်ဝင်ရောက်လာပြီး တခြားဒေသတို့သို့လည်း တစ်ဆင့်ပြန်လည်တင်ပို့ကာ ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

"နှစ်စဉ် သရက်သီးမှည့်တွေက မန္တလေးတိုင်းဒေသကြီးက စတင်ထွက်ရှိတာဖြစ်ပြီး ဒီနှစ် သရက်သီးမှည့်စပေါ်ချိန်မှာ ဈေးကွက်အနေအထားက အတော်လေးကောင်းပါတယ်။ လက်ရှိမှာ အရည်အသွေးကောင်းတဲ့ စိန်တစ်လုံးသရက်သီးတွေ အရင်နှစ်ကထက် ဈေးကောင်းပိုရပါတယ်။ အရည်အသွေးကောင်းတဲ့ သရက်သီးမှည့်တွေထွက်ရှိအောင် ထိန်းထားနိုင်တာကိုလည်း တွေ့ရပါတယ်" ဟု မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးကျော်စိုးနိုင်ကပြောသည်။

အထူးသဖြင့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဟန်မြင့်မိုရ်ကျေးရွာမှထွက်ရှိသော စိန်တစ်လုံးသရက်သီးများသည် အနံ့၊ အရသာနှင့် အရည်အသွေးအကောင်းဆုံးဖြစ်ကြောင်း၊ ပြည်တွင်း၌ သရက်သီးမှည့်များစပေါ်ချိန်သည် ဒေသတစ်ခုနှင့်တစ်ခု ရက်အနည်းငယ်စီကွာခြားကြောင်း သိရသည်။

ပြည်တွင်းမှထွက်ရှိသော အရည်အသွေးကောင်းမွန်သည့် စိန်တစ်လုံးသရက်သီးများကို ပြည်ပနိုင်ငံများသို့တင်ပို့ကြောင်း၊ လက်ရှိတွင် မန္တလေးတိုင်းဒေသကြီး၌ စိန်တစ်လုံးသရက်စိုက်ဧကပေါင်း ၃၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

# တွံတေးမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံချက်ရေးဆွဲခြင်းနှင့် AVIP သင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၉

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံချက်ရေးဆွဲခြင်းနှင့်AVIPသင်တန်းကို ဧပြီလ ၂၈ ရက်က တွံတေးမြို့နယ် ရန်ကုန်ပါဒကျေးရွာအုပ်စု ရန်ကင်းကျေးရွာရှိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းက စီမံကိန်းရရှိမှုအတွက် အားပေးစကား ပြောကြားကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် သင်တန်းနှင့် ပတ်သက်၍ လိုက်နာရမည့်အချက်များ အားပြောကြားပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အဆိုပါသင်တန်းကို ဧပြီလ ၂၇ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**မျိုးလှိုင်(တွံတေး)**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများဆောင်ရွက်



ကြို့ပင်ကောက် ဧပြီ ၂၉

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောခြင်းနှင့် ဈေးချိုမြောက်ရပ်ကွက် အတွင်း အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းတို့ကို ဧပြီလ ၂၉ ရက်တွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီအသင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့များပူးပေါင်း၍ မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြောခြင်း ဆောင်ရွက်သည်။

ထို့နောက် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဖြစ်သည့် ဖုံး၊ သွန်၊ လဲ၊ စစ် ပြုလုပ်ခြင်း၊ အဘိတ် ဆေးခတ်ခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်ငှက်ဖျားရောဂါ တိုက်ဖျက်ရေးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ဈေးချိုမြောက်ရပ်ကွက်တွင် ဆောင်ရွက်သည်။

ကြို့ပင်ကောက်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လှုပ်ရှားမှုအဖြစ် လူနေထူထပ်သော ရပ်ကွက်၊ ကျေးရွာများအတွင်း အပတ်စဉ်အသိပညာပေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇေယျာထွန်း(ကြို့ပင်ကောက်)**

# စဉ့်ကိုင်မြို့နယ်၌ ပျားမွေးမြူရေး အသိပညာပေးသင်တန်းဖွင့်လှစ်

စဉ့်ကိုင် ဧပြီ ၂၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ စဉ့်ကိုင်မြို့နယ်တာဝန်ခံရုံးမှ ရက် ၁၀၀ စီမံချက်ဖြင့် ပျားမွေးမြူရေး အသိပညာပေးသင်တန်းကို ဧပြီလ ၂၈ ရက်က စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန၌ ဖွင့်လှစ်ရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုး၊ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းအေး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းထိန်၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ စဉ့်ကိုင်မြို့နယ်ရုံး ဦးစီးမှူး ဦးသိန်းကိုနှင့် ဝန်ထမ်းများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဒေသခံတောင်သူများတက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာသန်းအေးက အဖွင့်အမှာစကား ပြောကြားပြီး ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ စဉ့်ကိုင်မြို့နယ်ရုံး ဦးစီးမှူး ဦးသိန်းကိုက ဆီထွက်သီးနှံနေကြာနှင့် နှမ်းစိုက်ခင်းများတွင် ပျားများဖြင့်ဝတ်မှုန်ကူးခြင်းကြောင့် သီးနှံများပိုမိုထွက်ရှိပြီး တောင်သူများအကျိုးစီးပွားများစွာဖြစ်ထွန်းလာစေရန်၊ ခေတ်မီနည်းပညာရပ်များကို တောင်သူများထံ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်၊ ဒေသနှင့်ကိုက်ညီသည့်ပျားမျိုးများကို မွေးမြူပြီး ပျားရည်များပိုမိုထုတ်လုပ်နိုင်ရန်၊ ပျားရည်နှင့် ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ နိုင်ငံတော်ပိုင်စီးပွားရေး လုပ်ငန်းများကို အထောက်အကူပြုရန် ရည်ရွယ်ချက်များဖြင့် သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ စဉ့်ကိုင်မြို့နယ်ရုံး ဦးစီးမှူး ဦးသိန်းကိုက ဆီထွက်သီးနှံနေကြာနှင့် နှမ်းစိုက်ခင်းများတွင် ပျားများဖြင့် ဝတ်မှုန်ကူးခြင်းဆောင်ရွက်မှုအခြေအနေ၊ ပုဂ္ဂလိကပျားမွေးမြူသူများသို့ ပျားမျိုးမြှင့်တင်ရေး ဆောင်ရွက်ရန် ဖြန့်ဖြူးပေးမှုအခြေအနေများ၊ ပျားရည်ထုတ်လုပ်မှုလုပ်ငန်းသုံးပစ္စည်းများဖြင့် ပျားရည်ထုတ်လုပ်ပုံအဆင့်ဆင့်တို့အား လက်တွေ့ရှင်းလင်းပြသရာ တက်ရောက်လာကြသည့် သင်တန်းသား၊ သင်တန်းသူများက သိရှိလိုသည်များကိုမေးမြန်းရာ တာဝန်ရှိသူတစ်ဦးက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**



# ကမ္မဖလ

တင့်တယ်

**ယမန်နေ့မှအဆက်**

**ကလေးဘဝ**

ကျွန်ုပ်၏အဘိုး ဦးနကီသည် မွန်သွေးစစ်စစ်ဖြစ်လျက် မြန်မာနိုင်ငံကို အင်္ဂလိပ်တစ်ပိုင်း မြန်မာတစ်ပိုင်း အုပ်ချုပ်နေကြသောခေတ်၌ တနင်္သာရီဒေသတွင် ဖွားမြင်ခဲ့၏။ ထိုစဉ်အခါကပင်လျှင် ကျွန်ုပ်၏ဘိဘင်များမှာ အင်္ဂလိပ်-မြန်မာစစ်ပွဲများကိုဖြစ်ပွားစေခဲ့သော ဘုံဘေဘားမားသစ်ကုမ္ပဏီနှင့်ဆက်ဆံလျက် သစ်လုပ်ငန်းကိုလုပ်ကိုင်နေကြသူများဖြစ်လေရာ ပစ္စည်းများစွာပင် ကြွယ်ဝချမ်းသာကြသောသူများဖြစ်ခဲ့ကြ၏။ ထို့ပြင် မင်းသစ်ဖြစ်သောအင်္ဂလိပ်တို့နှင့်လည်း ဝင်ဆံ့၊ သစ်လုပ်ငန်းရှင်ပီပီ တပည့်တပန်းကလည်း တောင့်တင်းပြန်လေရာ စကားအစွမ်းကုန်ဆိုရပါလျှင် ကျွန်ုပ်၏ဘိဘင်များသည် အစိုးရရာထူးရာခံများထက်ပင်လျှင် ဘုန်းတန်ခိုးထက်မြက်စူးရှလျက် ဂုဏ်အင်ကြီးမားလေသေးသည်ဟု ဆိုရပေလိမ့်မည်။ ဤအချိန်က အင်္ဂလိပ်တို့သည်လည်း မြန်မာဘုရင်ထက် အုပ်ချုပ်ရေးတွင် ပို၍ကောင်းမွန်ပါသည်ဟူသောဝါဒကို ဖြန့်နိုင်သမျှဖြန့်၍ နေကြခိုက်ဖြစ်သောကြောင့် တနင်္သာရီအပိုင်ရှိ မွန်မြန်မာတို့အားကာသာ အပေးကြီးပေးလျက်ရှိကြသဖြင့် ထိုအခွင့်အရေးများကို လက်ကိုင်ရရှိသော ကျွန်ုပ်၏ဘိဘင်များသည် စီးပွားဥစ္စာအကြီးအကျယ် ဖြစ်ထွန်းခဲ့ကြပေသည်။

ကျွန်ုပ်၏အဘိုး ဦးနကီအား အင်္ဂလိပ်သက္ကရာဇ် ၁၈၆၀ ပြည့်နှစ်တွင် ဖွား၏။ မြန်မာတစ်နိုင်ငံလုံးကို အင်္ဂလိပ်တို့သိမ်းယူ၍ သီပေါမင်းတရားအား ရတနာဂီရိသို့ခေါ်ဆောင်ကြသောအခါတွင် ကျွန်ုပ်၏အဘိုး ဦးနကီမှာ အသက်နှစ်ဆယ်ကျော်လျက် အိမ်ထောင်များပင်ကျလျက်ရှိပေပြီ။

မိဘလက်ငုတ်ပစ္စည်းများကို တစ်ဦးတည်းသောသားအဖြစ်ဖြင့် တစ်ယောက်တည်းဆက်ခံလိုက်ရသော ဦးနကီသည် ပင်ကို၌လည်း ကုန်သည်ဉာဏ်ရင့်သန်သူတစ်ဦးဖြစ်နေပြန်သောကြောင့် သစ်လုပ်ငန်းကို မိဘလက်ထက်ကထက်ပင်ပိုမိုချဲ့ထွင်ကာ လုပ်ကိုင်လာခဲ့၏။ တစ်ဖန်သစ်လုပ်ငန်းကိုသာမက ပေါ်ဦးစဖြစ်သောသတ္တုတွင်းလုပ်ငန်းကိုလည်း စွက်ဖက်လုပ်ကိုင်ခဲ့ပြန်၏။ ထိုသို့လုပ်ကိုင်ခဲ့ခြင်းအားဖြင့် ဦးနကီမှာ ပစ္စည်းအင်အားဆတက်ထမ်းပိုး တိုးတက်ကြီးထွားလာပြန်ပေရာ သစ်လိုင်စင်ရပါလျက်နှင့် ငွေရင်းမထုတ်နိုင်သော သစ်ကုန်သည်တို့အား ငွေရင်းထုတ်ပေးခြင်း၊ သတ္တုရှိသောမြေကိုပိုင်ပါလျက်နှင့် အရင်းငွေမလုံလောက်သော သူဌေးကလေးများအား ငွေထုတ်ချေးငှားခြင်းစသော ငွေချေးသည့် လုပ်ငန်းကိုပါ လုပ်ကိုင်ပါသဖြင့် ထိုစဉ်အခါက ကျွန်ုပ်အဘိုး ဦးနကီမှာ အသက် ၃၀ ကျော်အရွယ်သာ ရှိသေးလျက်နှင့်ပင် တနင်္သာရီတစ်လွှား၌ ဦးနကီဆိုလျှင် မသိသူရှားသလောက် ထွန်းပေါက်လျက် ကျော်စောကိတ္တိအရှိကြီးရှိနေခဲ့ပေသည်။

ဦးနကီတွင် သားသမီးသုံးယောက်ထွန်းကားခဲ့၏။ အကြီးဆုံးသားဖြစ်သူ ဦးဩဘာကို ပါတော်မူခေတ်ထဲ၌ ဖွားမြင်၏။ သားအလတ်ဖြစ်သူ ဦးဒေါနကိုမူ အင်္ဂလိပ်သက္ကရာဇ် ၁၈၈၇ ခုနှစ်၌ ဖွား၏။ အထွေးဆုံးသမီးဖြစ်သော ဒေါ်စောလှကိုမူကား ၁၈၉၀ ပြည့်နှစ်တွင် ဖွားမြင်ခဲ့လေသည်။ ဦးနကီ၏သမီးထွေး ဒေါ်စောလှဆိုသူကား တခြားမဟုတ် ကျွန်ုပ်တည်းဟူသော သူဌေး ဦးကံကောင်း၏ မိခင်ပင်ဖြစ်ပေသည်။

ကျွန်ုပ်၏အဘွားသည် သားသမီးသုံးယောက်ထွန်းကားပြီးသည့်နောက် သုံးနှစ်ခန့်အကြာတွင် အနိစ္စရောက်ခဲ့၏။ ထိုအခါ ကျွန်ုပ်၏အဘိုး ဦးနကီသည် နောက်ထပ်၍ အိမ်ထောင်ရက်သားမပြုတော့ဘဲ သားသမီးသုံးယောက်တို့ကိုသာ စောင့်ရှောက်ထိန်းသိမ်းရင်း ကိုယ်ပိုင်လုပ်ငန်းကြီးများတွင် စိတ်အာရုံကို လုံးဝသွင်းကာ ကိုယ်အားစိတ်အား အလွန်ထက်သန်သောအရွယ်လည်း ဖြစ်သည့်အလျောက် ဖိဖိစီးစီးကြီးပစ္စည်းရှာခဲ့၏။ သို့ဖြစ်သောကြောင့်လည်း လုပ်ငန်းကြီးများ၏ နယ်ပယ်မှာ ကျယ်ဝန်းသည်ထက် ကျယ်ဝန်းလာခဲ့ပေရာ တနင်္သာရီတစ်လွှား၌ ငွေလုံးကြေးလုံးနှင့် အလုပ်လုပ်သူမှန်သမျှတို့သည် ကျွန်ုပ်၏အဘိုး ဦးနကီနှင့် မကင်းနိုင်ကြသောအခြေသို့ ဆိုက်ရောက်လာလျက် နောက်ဆုံးတွင် တနင်္သာရီနယ်၌ရှိရှိသမျှသော သစ်လုပ်ငန်းရှင်၊ သတ္တုတွင်းလုပ်ငန်းရှင်တို့သည် ကျွန်ုပ်၏အဘိုးအား ဘဏ်တိုက်ကြီးသဖွယ်သဘောထား အားကိုးကြသောအဖြစ်သို့လည်း ရောက်လာ၏။ လာဘ်မြင်လှသော ဦးနကီလည်း အင်္ဂလိပ်တို့နှင့် အတူပါလာသော တရားဥပဒေများကိုဆည်းပူးကာ လုပ်ငန်းကြီးများကို ဆိုင်ရာဆိုင်ရာခွဲခြား၍ လီမိတက်ကုမ္ပဏီများဖွဲ့ခြင်း၊ ငွေချေးငွေယူအလုပ်ကြီးကိုလည်း ဘဏ်အဖြစ်ဖြင့် ဖွဲ့စည်းလုပ်ကိုင်ခြင်းပြုခဲ့သဖြင့် ပစ္စည်းထုထည်ကြီးမား များပြားသလောက် အခြေခံလည်း ခိုင်မာ၍လာခဲ့လေ၏။

ဤကဲ့သို့ မတောင့်မတ မကြောင့်မကြဖြင့် လောက၌ ပူပင်စရာလုံးဝကင်းရှင်းသောဘဝဖြင့် သားသမီးသုံးယောက်ကို အုပ်ချုပ်ထိန်းသိမ်းကာ အလုပ်လုပ်၍ ကောင်းနေခိုက်တွင် ကျွန်ုပ်၏အဘိုးမှာ စိတ်ထင့်စရာကိစ္စတစ်ခုကြုံ၍ လာခဲ့၏။ ထိုကိစ္စမှာကား သားအကြီးဆုံးဖြစ်သူ ဦးဩဘာသည် ဖခင်သူဌေးကြီး ဦးနကီ၏ရိုက်ရာကိုဆက်ခံ၍ သူကိုယ်တိုင် နောက်တစ်နေ့တွင် သူဌေးကြီးတစ်ယောက်လုပ်ရန်ကို စိတ်ကူးဖို့ဝေးစွ အသက် ၁၆ နှစ် သင်္ကန်းဆီး၍ပေးလိုက်သည့်အချိန်မှစ၍ သာသနာတော်မှ ထွက်မလာတော့သည့်အပြင် တစ်သက်လုံးပင် သင်္ကန်းနှင့်ပျော်ပါတော့မည်ဟု ဆုံးဖြတ်ကာ ဖခင်ဦးနကီထံ ပဉ္စင်းတက်ခွင့်တောင်းခြင်းပင်ဖြစ်၏။ သားအကြီးဆုံးအား မိမိ၏ခြေရာကိုနင်းလျက် သူဌေးကြီးလုပ်စေချင်နေသော ကျွန်ုပ်၏အဘိုးမှာ ဦးဩဘာနှင့်ပတ်သက်၍ မိမိထားသမျှသော ရည်မှန်းချက်လွဲချော်ရသဖြင့် စိတ်အပျက်ကြီး ပျက်သလိုရှိမိရပေ၏။ သို့သော် ဦးဩဘာမှာ ရဟန်းဘောင်၌သာပျော်မွေ့လျက် သင်္ကန်းကို ဖွတ်အတင်းချွတ်ခိုင်းရမည်ကလည်းမသင့်၊ ဖွတ်အတင်းလူထွက်ခိုင်းလျှင်လည်း ဦးဩဘာက ထွက်မည်မဟုတ်။ ထို့ပြင် ဦးဩဘာမှာ အကြီးဆုံးသားကြီး ဩရသပင်ဖြစ်စေကာမူ ဖခင်၏ ကုန်သည်လုပ်ငန်း၌ စိတ်မပါ။ ဘာသာတရားကိုသာ စိတ်ဝင်စားလျက် ပင်ကိုအားဖြင့်လည်း ဖခင်ကဲ့သို့ ကုန်သည်ဉာဏ်ရင့်သန်မှု မရှိ၊ အရောင်းအဝယ်ရှေ့လာဘ်မြင်သူလည်း မဟုတ်လှသောကြောင့် ကျွန်ုပ်၏အဘိုး ဦးနကီသည် သားကြီး ဦးဩဘာ၏ အလိုဆန္ဒကို လိုက်လျောကာ ရဟန်းဝတ်နေခွင့် ပေးလိုက်ရလေသည်။ ထို့နောက်မူကား သားလတ်ဖြစ်သူ ဦးဒေါနအား မိမိပိုင်လုပ်ငန်းကြီးများ၌ အစစနားလည်ကျွမ်းကျင်အောင် တစ်စတစ်စ သင်ကြားပေးရင်း သမီးထွေး ဒေါ်စောလှအား အရိပ်တကြည့်ကြည့် ထိန်းသိမ်းစောင့်ရှောက်ကာသာ နေထိုင်ခဲ့၏။

> **"ဤကဲ့သို့ မတောင့်မတ မကြောင့်မကြဖြင့် လောက၌ ပူပင်စရာလုံးဝကင်းရှင်းသောဘဝဖြင့် သားသမီးသုံးယောက်ကို အုပ်ချုပ်ထိန်းသိမ်းကာ အလုပ်လုပ်၍ကောင်းနေခိုက်တွင် ကျွန်ုပ်၏အဘိုးမှာ စိတ်ထင့်စရာကိစ္စတစ်ခုကြုံ၍လာခဲ့၏။ ထိုကိစ္စမှာကား သားအကြီးဆုံးဖြစ်သူ ဦးဩဘာသည် ဖခင်သူဌေးကြီး ဦးနကီ၏ ရိုက်ရာကိုဆက်ခံ၍ သူကိုယ်တိုင် နောက်တစ်နေ့တွင် သူဌေးကြီးတစ်ယောက်လုပ်ရန်ကို စိတ်ကူးဖို့ဝေးစွ အသက် ၁၆ နှစ် သင်္ကန်းဆီး၍ပေးလိုက်သည့်အချိန်မှစ၍ သာသနာတော်မှ ထွက်မလာတော့သည့်အပြင် တစ်သက်လုံးပင် သင်္ကန်းနှင့်ပျော်ပါတော့မည်ဟု ဆုံးဖြတ်ကာ ဖခင်ဦးနကီထံ ပဉ္စင်းတက်ခွင့်တောင်းခြင်းပင်ဖြစ်၏..."**

သို့နေခဲ့ရာတွင် သမီးထွေးလေး မစောလှမှာ အပျိုအရွယ်သို့ရောက်ပြီဖြစ်သော်လည်း ဖခင်၏ပစ္စည်းဂုဏ်အင်အထုအထည်ကြီးမားရသည့်အထဲတွင် ရုပ်ရည်ရူပကာယမှာလည်း များစွာပင်ချောမောတင့်တယ်ပြေပြစ်သူဖြစ်နေပြန်လေရာ တနင်္သာရီတိုင်းတစ်လျှောက်တွင် မစောလှ၏အမည်မှာ လူတကာတို့၏ ပါးစပ်ဖျား၌သီး၍ ရုပ်နီးရုပ်ဝေးသတင်းမွှေးလျက်ရှိနေပေ၏။ ဦးနကီလည်း သမီးပျိုလေး အချိန်အရွယ်ရောက်လာသည်ကို သတိပြုမိသောအခါ၌ သင့်တင့်သော လူငယ်တစ်ဦးနှင့် အိမ်ထောင်ချထား၍ သမက်ဖြစ်သူအား သားလတ်ဦးဒေါနနှင့်အတူ မိမိ၏လုပ်ငန်းကြီးကိုတွဲဖက်ဦးစီးစေရသော် အလွန်ပင်သင့်မြတ်ပေလိမ့်မည်ဟု ရှေ့ရေးကို အမြဲမျှော်မှန်းနေခဲ့၏။ ဤသို့ မျှော်မှန်းနေခိုက်တွင် တခြားသော သစ်သူဌေး၊ သတ္တုတွင်းသူဌေးတို့၏ သားယောကျ်ားကောင်းများစွာတို့ကလည်း မစောလှနှင့် လက်ဆက်နိုင်ရန် လာရောက်စေ့စပ်တောင်းဆိုလျက်ရှိကြပေရာ ဦးနကီမှာ သင့်တင့်လျောက်ပတ်သော သမက်လောင်းမြောက်မြားစွာ ပေါ်ထွက်နေကြသည့်အနက် အတော်ဆုံးသမက်လောင်းကို ရွေးချယ်ရာ၌ ရုတ်တရက် မဝေခွဲနိုင်ဘဲ ချီတုံချတုံဖြစ်နေရသောကြောင့် သမီးမစောလှသည် အသက်အရွယ်ငယ်နုသေးသည့်အကြောင်း၊ သမီးအသက်ငယ်သေး၍ အတန်ကလေးကြာအောင် အရိပ်ကြည့်၍နေလိုသေးကြောင်း၊ သမီးကလည်း အိမ်ထောင်ရေးကို စိတ်ကူးမျှပင် မထည့်တတ်သေးသော ဤအရွယ်ကလေးတွင် အိမ်ထောင်ချ၍ ပေးလိုက်ရမည်မှာ သနားဖွယ်ဖြစ်ကြောင်း စသည်တို့ကိုသာ ဂုဏ်တယူယူပြောဆို၍ သမက်လောင်းတို့အား အကဲဖမ်းကာ သမက်စံရွေးလျက်နေခဲ့ပေသည်။ ဤသို့ သမီးထွေးရွှေတုံးပုလဲကလေးအတွက် အလွန်ဂုဏ်တက်ကာ ဖခင်ကြီး များစွာမျက်နှာပွင့်လန်းနေသည့်အခိုက်တွင်မှ ကျွန်ုပ်၏ မိခင်လောင်းဖြစ်သော သမီးချောမစောလှသည် ကျွန်ုပ်၏ဖခင်နှင့် ချစ်ကြိုးသွယ်မိကာ ခိုးရာလိုက်၍ ပြေးပါလေတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ကော့ကရိတ်မြို့နယ်၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဆင်းပွဲ အခမ်းအနားကျင်းပ



ကော့ကရိတ် ဧပြီ ၂၉

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လှိုင်ဝကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ရှေးဦးပြုစုခြင်းအခြေခံသင်တန်းဆင်းပွဲကို ဧပြီလ ၂၈ ရက်က ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝါဝါနွယ်၊ ကော့ကရိတ်မြို့နယ် ကြက်ခြေနီအဖွဲ့ခွဲ တပ်ဖွဲ့မှူး ဦးထူးကပေါ်နှင့်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အခြေခံပညာအလယ်တန်းကျောင်း (လှိုင်ဝ) ကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးမြတ်ကိုထွေးက သင်တန်းဖွင့်လှစ်ခြင်းဖြင့် ကျေးရွာအတွင်း လူငယ်လူရွယ်များ အသိပညာဗဟုသုတ ကြွယ်ဝစေသဖြင့် အထောက်အကူဖြစ်စေကြောင်း ပြောကြားပြီး အခြေခံပညာအလယ်တန်းကျောင်း(လှိုင်ဝ) ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်က နွေရာသီကျောင်းပိတ်ရက်တွင် ကျောင်းသား၊ ကျောင်းသူများ အကျိုးဖြစ်ထွန်းစေသော သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသဖြင့် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သင်တန်းသား၊ သင်တန်းသူများနှင့် သင်တန်းဆင်းအောင်လက်မှတ်ရရှိကြသော သင်တန်းသား၊ သင်တန်းသူ ၄၄ ဦးအား တာဝန်ရှိသူများက အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။

**ချမ်းမြေ့**

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများကျင်းပမည်

နေပြည်တော် ဧပြီ ၂၉

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီလ ၃၀ ရက်မှမေလ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာ့အေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင်ကျင်းပသွားမည်ဖြစ်သည်။

ဧပြီလ ၃၀ ရက် ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်ကိုလည်းကောင်း၊ မေလ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

## လေပြင်းဒဏ်သင့် ဝန်ထမ်းအိမ်ရာများအား ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၉

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အတူ မန္တလေးလျှင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းအိမ်ရာများအနက် ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှဝန်ထမ်းများ၏ ယာယီဝန်ထမ်းအိမ်ရာများတွင် နေထိုင်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ ညနေပိုင်းကတိုက်ခတ်ခဲ့သော လေပြင်းဒဏ်ကြောင့် အဆိုပါယာယီဝန်ထမ်းအိမ်ရာ အချို့အမိုးလန်ခြင်းနှင့်အခြားသောထိခိုက်ပျက်စီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အမိုးအကာများအမြန်ဆုံးပြီးစီးအောင် ပြန်လည်ပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

→ ရှေ့ဖုံးမှအဆက်

ဦးစွာ အဆိုပါစက်ရုံရှေ့ ဖွင့်ပွဲမုခ်ဦးနေရာ၌ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဝင်းမြင့်နှင့် Asia World Co., Ltd. မှ တာဝန်ရှိသူတစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။





ထို့နောက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်က ဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံ Control Room အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယခုပြီးစီးသည့် စီမံကိန်းနှစ်ခုသည် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၂၀၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၁၃၀၀၀၀ ခန့်ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်ပါကြောင်း၊ မကြာမီတွင် ဆောင်ရွက်ဆဲ ၂၁၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ပြီးမြောက်မည်ဖြစ်ကြောင်း၊ စက်ရုံအမြန်ပြီးစီးနိုင်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ လိုအပ်သောပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အတွက် ဓာတ်အားထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်နေသည့်စီမံကိန်းများသည် နှောင့်နှေးကြန့်ကြာမှုများရှိနေပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လည်ပတ်လျက်ရှိသည့် စက်ရုံများအနက်မှ အချို့သည်လည်း ဖျက်ဆီးမှုများခံခဲ့ရသည့်အတွက် ဓာတ်အားထုတ်လုပ်မှုများ လျော့နည်းလျက်ရှိပါကြောင်း၊ ပို့လွှတ်မှုအပိုင်းတွင်လည်း ဝေးလံသည့် ခရီးတစ်လျှောက် ပို့လွှတ်ရသဖြင့် ဓာတ်အားများ လျော့နည်းဆုံးရှုံးသကဲ့သို့ သဘာဝဘေးဒဏ်နှင့်လူတို့၏ဖျက်ဆီးခြင်းခံရသဖြင့် အချို့ဓာတ်အားလိုင်းကြီးများ ပျက်စီးလျက်ရှိပါကြောင်း၊ ယင်းအတွက်ကြောင့် ကောင်းမွန်သည့် ဓာတ်အားလိုင်းကြီးများသည် ဝန်ပိုများထမ်းဆောင်နေရသဖြင့် မကြာခဏ System Break Down ဖြစ်၍ ဓာတ်အားပြတ်တောက်မှုများဖြစ်ပါကြောင်း၊ ဖြန့်ဖြူးမှုအပိုင်းတွင်လည်း ဖြန့်ဖြူးသည့်နည်းစနစ်၏အားနည်းမှုနှင့်မသမာမှုများကြောင့် ဓာတ်အားလျော့နည်းပျောက်ဆုံးမှုများရှိနေပါကြောင်း၊ ယင်းသို့ အားနည်းချက်များရှိနေသည့်အတွက် ဓာတ်အားသုံးစွဲသူပြည်သူများအနေဖြင့် ဓာတ်အားကို မျှဝေသုံးစွဲနေရပါကြောင်း၊ ယင်းသို့ လျှပ်စစ်ဓာတ်အားစနစ်၏အားနည်းချက်များကို ပြုပြင်နိုင်ရန်အတွက် ရေတိုရေရှည်အစီအမံများ ချမှတ်၍ ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ ဖြန့်ဖြူးရေးအပိုင်းတွင် ဖြစ်ပေါ်နေသည့် အားနည်းချက်များကိုလည်း နည်းပညာဖြင့် ထိန်းကျောင်းခြင်းအပါအဝင် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စက်ရုံမှတာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်သက်ဆိုင်ရာတာဝန်ရှိသူများက စက်ရုံများတည်ဆောက်ခဲ့မှု Documentary Movie ကို ကြည့်ရှုပြီး ဓာတ်အားပေးစက်ရုံဧရိယာအတွင်း လှည့်လည်စစ်ဆေးကာ စုရပ်မှနေ၍ ဆိုလာများ တပ်ဆင်ထားမှုအခြေအနေကို ကြည့်ရှုကြသည်။

ဆက်လက်၍ ရွှေစွမ်းအင်ကုမ္ပဏီလီမိတက်မှ ထပ်မံအကောင်အထည်ဖော်တည်ဆောက်လျက်ရှိသော ၂၁၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်း တည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

### ၂၉-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗ စင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀) ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

| မြို့ | အနိမ့်ဆုံး / | အမြင့်ဆုံးအပူချိန် |
|---|---|---|
| နေပြည်တော် | ၂၃˚c / | ၃၅˚c |
| ရန်ကုန် | ၂၅˚c / | ၃၇˚c |
| မန္တလေး | ၂၂˚c / | ၃၆˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

### ရေချွေတာရေး နည်းလမ်းများ

- ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက်မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့်အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။
- ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။
- ဘုံပိုင်ခေါင်းကို မသုံးဘဲဖွင့်ထားခြင်းမပြုပါနှင့်။
- သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- သွားတိုက်လျှင် ရေဖန်ခွက်အမြဲအသုံးပြုပါ။

# ဘားအံမြို့နယ် ပါရိုကျေးရွာ၌ ရက် ၁၀၀ စီမံချက်ဖြင့် ရေစင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ဘားအံ ဧပြီ ၂၉

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ပါရိုကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၂၉ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်ခိုင်သဇင်ညိုနှင့် တာဝန်ခံအင်ဂျင်နီယာဝန်ထမ်းများက စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက စီမံကိန်းလုပ်ငန်းများ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား မှာကြားသည်။

အဆိုပါ ပါရိုကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက် ၁၀၀ စီမံချက်ဖြင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ငွေကျပ် ၂၆ ဒသမ ၆ သန်းဖြင့် အမြင့် ပေ ၂၀ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်နှင့် ရေစက်ရုံအောက်ခန်းဖွဲ့ခြင်းလုပ်ငန်းများကို ဌာနစုဖွဲ့ကော်မတီမှ ဧပြီလတတိယပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ လက်ရှိတွင် လုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ယင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ပါရိုကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများအတွက် သောက်သုံးရေ ဖူလုံစွာရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ဘိုဘို**

# လှိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်း ဖရဲသီးများလှိုင်လှိုင်ထွက်ရှိပြီး တခြားဒေသဈေးကွက်များသို့ တင်ပို့ရောင်းချ

လှိုင်ကော် ဧပြီ ၂၉

ကယားပြည်နယ် လှိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်အတွင်း ဖရဲသီးများလှိုင်လှိုင်ထွက်ရှိပြီး တခြားဒေသဈေးကွက်များသို့ တင်ပို့ရောင်းချနေရသဖြင့် စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း လှိုင်ကော်မြို့နယ်ရှိ ဒေသခံဖရဲစိုက်တောင်သူများ၏ပြောကြားချက်အရ သိရသည်။

ကယားပြည်နယ်သည် တောင်ကုန်း၊ တောင်တန်းများ ထူထပ်သော်လည်း လှိုင်ကော်နှင့် ဒီးမော့ဆိုမြို့နယ်တို့ရှိ မြေလတ်ပိုင်းဒေသများသည် စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းသောဒေသများဖြစ်သည်။ ထိုဒေသများတွင် ဖရဲစိုက်ပျိုးမှုသည် ဒေသခံတောင်သူများအတွက် ကာလတိုအတွင်း ဝင်ငွေရရှိစေသောစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ဖရဲကို ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် စတင်စိုက်ပျိုးကာ မတ်လနှင့် ဧပြီလတို့တွင် လှိုင်လှိုင်ထွက်ပေါ်လေ့ရှိကြောင်း၊ ထိုသို့နွေရာသီတွင်ထွက်ရှိသော အရည်အသွေးပြည့်ဝသည့် ဒေသထွက်ဖရဲသီးများသည် ဈေးကွက်အတွင်း လူကြိုက်များပြီး ဒေသတွင်းစားသုံးမှုသာမက ရှမ်းပြည်နယ်တောင်ပိုင်းဈေးကွက်နှင့် တခြားဒေသများသို့လည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

အဆိုပါဒေသထွက်ဖရဲသီးများသည် အခွံအစိမ်းရင့်ရောင်နှင့် အတွင်းသား အနီရင့်ရောင်ရှိကာ အသားမပွဘဲ အအေးဓာတ်ရှိသော ဒေသ၌စိုက်ပျိုးသည့်အတွက် သကြားဓာတ်စုဆောင်းမှုကောင်းပြီး အရသာအလွန်ချိုသောကြောင့် ဒေသတွင်းသာမက တခြားဒေသများမှ စားသုံးသူများကလည်း ကြိုက်နှစ်သက်ကြသည်။

လက်ရှိ လှိုင်ကော်ဈေးကွက်အတွင်း ဖရဲသီးအရွယ်အစားပေါ်မူတည်ပြီး ဈေးနှုန်းအသီးသီးသတ်မှတ်ရောင်းချလျက်ရှိကာ အရောင်းအဝယ်သွက်နေကြောင်း သိရသည်။

**ဆောင်းဦး**

# မြို့နယ်သုံးမြို့နယ်၌ ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်မည်

ကလော ဧပြီ ၂၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် မြို့နယ်သုံးမြို့နယ်ရှိ ကျေးရွာ ၁၀ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရက် ၁၀၀ စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ၁၀ ရွာမှာ ကလောမြို့နယ်တွင် မြင်းကကျေးရွာ၊ အလယ်ကျေးရွာ၊ ဘော်နင်းကုန်းကျေးရွာနှင့် ဘော်ဆိုင်းရွာသစ်ကျေးရွာ၊ ဖယ်ခုံမြို့နယ်တွင် ပူခြယ်ကျေးရွာ၊ ညောင်ရွှေမြို့နယ်တွင် ဖက်ဟီးကျေးရွာ၊ နောင်ကင်ကျေးရွာ၊ ကျားတွန်ကျေးရွာ၊ နွားခမ(မြောက်)ကျေးရွာနှင့် ပွဲစားကုန်းလယ်ပြင်ကျေးရွာတို့ဖြစ်သည်။

လက်ရှိတွင် အဆိုပါကျေးရွာ ၁၀ ရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်း၊ စီမံကိန်းလုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အကြောင်းအရာတို့အား ကျေးရွာသို့ချပြရှင်းလင်းခြင်း၊ နှစ်အလိုက်ဦးစားပေးလုပ်ငန်းများ ရွေးချယ်နိုင်ရန်ဆွေးနွေးခြင်း၊ ကော်မတီဖွဲ့စည်းခြင်းနှင့် သင်တန်းပို့ချခြင်းများ ဆောင်ရွက်လျက်ရှိပြီး ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀ စုစုပေါင်း ကျေးရွာ ၁၀ ရွာအတွက် နိုင်ငံတော်ခွင့်ပြုငွေ ငွေကျပ်သိန်း ၁၅၀၀နှင့်ကျေးရွာပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**




# မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းဆောင်ရွက်



ကျောက်ဆည် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မီးသတ်ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ စက်ရုံများ၊ အလုပ်ရုံများ၊ ဌာနဆိုင်ရာရုံးများ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဈေးများ၊ ရပ်ကွက်/ကျေးရွာများ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းကို ဧပြီလ ၂၈ ရက်က ကျောက်ဆည်မြို့ရှိ ခရိုင်စားသုံးသူရေးရာဦးစီးဌာန၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမောင်ထူးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရခြင်း၏ရည်ရွယ်ချက်များကို ပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးသန့်ဇင်ဦးက မီးလောင်မှုအမျိုးအစားများနှင့် မီးလောင်မှုဖြစ်ပွားရခြင်း၏ အခြေခံသဘောတရားများအကြောင်း အသိပညာပေးဟောပြောပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

# ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး မေ ၂၉**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။




ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လူဦးရေအားလုံး၏ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင်နေထိုင်သူများဖြစ်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံသည့် အသက်မွေးဝမ်းကျောင်းနေကြသူများဖြစ်ကြောင်း၊ တိုင်းဒေသကြီး၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ကျေးလက်ဒေသရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပေါ် အခြေခံထားသည့်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးထွက်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်လာနိုင်စေရေး ဘက်ပေါင်းစုံမှ နည်းလမ်းပေါင်းစုံဖြင့် မြှင့်တင်ပေးသွားရမည်ဖြစ်ကြောင်း၊ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့်စီမံချက်ပါအတိုင်း လုပ်ငန်းများ အောင်မြင်စွာပြီးစီးနိုင်ရေး အလေးထား ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများက မြို့နယ်အလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစီမံချက်များအား Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့ကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ကဏ္ဍအလိုက်ဖြည့်စွက် ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းနောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ မွေးမြူရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်နိုင်ရေးနှင့် ဒေသတွင်း MSMEs လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အကြံပြုသုံးသပ်တင်ပြခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မြို့နယ်တစ်ခုချင်းအလိုက် လိုအပ်သည်များ အသေးစိတ် ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၄၁၀)

# မင်းဘူးမြို့၌ ဒေသန္တရစီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲကျင်းပ

**မင်းဘူး မေ ၂၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေလ ၂၈ ရက် မွန်းလွဲပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အောင်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဒေသန္တရစီမံကိန်း ရည်မှန်းချက် လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက မြို့နယ်အဆင့်ဌာနဆိုင်ရာများထံ စီမံကိန်းရည်မှန်းချက်တာဝန်များကို လွှဲပြောင်းပေးအပ်သည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း မကွေးတိုင်းဒေသကြီး ဘတ်ဂျက်ငွေလုံးငွေရင်းဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုငွေများဖြင့် ငွေကျပ်သန်းပေါင်း ၉၅၂၆ ဒသမ ၉၄၉ သန်းဖြင့် ရင်းနှီးမြှုပ်နှံ၍ လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**



# တိုင်ထောင်ပဲလှိုင်လှိုင်ထွက်ရှိ၍ စိုက်ပျိုးသူများအဆင်ပြေ

**ပုသိမ် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပျဉ်းကတိုးကုန်းကျေးရွာ၌ စိုက်ပျိုးထားသည့် တိုင်ထောင်ပဲများ လှိုင်လှိုင်ထွက်ရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ တိုင်ထောင်ပဲကို ရာသီမရွေး မြေအမျိုးမျိုးမှာ စိုက်ပျိုးနိုင်ပါတယ်။ တိုင်ထောင်ပဲမစိုက်ပျိုးမီ စိုက်ပေါင်များပြုလုပ်ရပြီး တစ်ပေါင်လျှင် နွားချေး ၁၀ တန်၊ တီစူပါ ၁၁၂ ပေါင်နဲ့ ပိုတက်ယူရီးယား ၁၁၂ ပေါင်ရောစပ်ပြီး မြေပြုပြင်ရာမှာ ထည့်သွင်းရပါတယ်။ မျိုးစေ့ချစိုက်ပျိုးရာမှာလည်း တစ်ပင်နဲ့တစ်ပင် ၉ လက်မကနေ ၁၂ လက်မအထိခြားပြီး စိုက်ပျိုးရပါတယ်။ အပင်တွေရှည်လာပြီဆိုရင် တိုင်များစတင်ထောင်ပေးရပြီး ရေများမြေကြီးပေါ်တွင် မဝပ်စေရန် ရေနုတ်မြောင်းများဖောက်ပေးထားရပါတယ်။ အပင်တွေပန်းပွင့်ပြီး ၁၅ ရက်ခန့်အကြာမှာတော့ ခူးဆွတ်ရောင်းချနိုင်ပါပြီ"ဟု တိုင်ထောင်ပဲစိုက်ပျိုးသူတစ်ဦးကပြောသည်။

တိုင်ထောင်ပဲစတင်ခူးဆွတ်ရာတွင်အသီးသန့်သန့် ၁၀၀၀ ကျော်လောက် ခူးယူရရှိပြီး သုံးရက်ခြားတစ်ကြိမ် ခူးယူရောင်းချနိုင်ကြောင်း သိရသည်။ (၄၀၇)

# ကျိုက်လတ်မြို့နယ်၌ ရေသန့်စင်စက်ဆောက်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**ကျိုက်လတ် မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်ရက်၁၀၀ စီမံချက်ဖြင့် ဘုံလုံချောင်းကျေးရွာ၌ ရေသန့်စင်စက် ဆောက်လုပ်ခြင်းလုပ်ငန်းကို တာဝန်ရှိသူများက မေလ ၂၉ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့စစ်ဆေးရာတွင် ဖျာပုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထက်အောင်က လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် အဆိုပါလုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်း အရည်အသွေးပြည့်မီစွာဆောင်ရွက်သွားရန်၊ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ကျေးရွာနေပြည်သူများအား လုပ်ငန်းရေရှည်လည်ပတ်စေရေးနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ပုံမှန်ဆောင်ရွက်သွားကြရန်မှာကြားသည်။ အဆိုပါလုပ်ငန်းဆောင်ရွက်ပြီးစီးပါက အိမ်ခြေ ၁၇၂ အိမ်၊ လူဦးရေ ၆၈၆ ဦးတို့အတွက် သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်မင်းအောင်(ပြန်/ဆက်)**

**တစ်အိမ်လုံးတွင် မည်သူမျှမရှိချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ။**

MINISTRY OF HEALTH

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့်ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ။

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ။

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ။

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ။

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၆)

# ကဆုန်လရာသီနှင့် ဆေးဖက်ဝင် စံကားဝါပန်း

**ပေါက်ပေါက်**





ထူးမြတ်သော ကဆုန်လသည်ကား ဖူးပွင့်ပန်းစုံ၊ ရနံ့ထုံသည့် ကဆုန်လ ဟူသော ဆိုရိုးစကားအတိုင်း နှင်းဆီပန်းရောင်စုံ၊ ရွှေပန်း၊ ငွေပန်း၊ ကံ့ကော်ပန်း၊ စံပယ်ပန်း၊ ဂန္ဓမာမျိုးစုံ၊ တောနေကြာပန်း၊ တောင်နေကြာပန်းများသာမက တစ်နှစ်မှ တစ်ခါသာပွင့်သည့် ပိတောက်ပန်းများ၏အလယ်တွင် ကဆုန်လမြတ်၏ပန်းဖြစ်သော စံကားဝါပန်းမှာ ထုံသင်းပျံ့သောရနံ့ဖြင့် ပန်းတို့ချင်းအလှပြိုင် အနိုင်ရသည့်လလည်း ဖြစ်ပေသည်။ ဝိသာခါနက္ခတ်နှင့်စန်းယှဉ်၍ မွှေးပျံ့သောစံကားဝါပန်းလေးများသည် အဖြူရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင် အမျိုးမျိုးရှိကြသည်။ အဝါနှင့် လိမ္မော်ရောင်တို့က ရနံ့ပိုမွှေးကာ ပွင့်အားလည်း ပိုကောင်းသည်။ ရံဖန်ရံခါ ရွှေအိုရောင်အပွင့်များကို တွေ့ရတတ်သည်။ အထူးသဖြင့် ပုပ္ပားတောင်ဒေသတစ်ဝိုက်တွင် စံကားဝါပန်းပင် ပေါများသည်။

သိပ္ပံနည်းအရ ရုက္ခဗေဒအမည်မှာ Michelia Champace Linn ဖြစ်ပြီး Magnoliaceae မျိုးရင်းဖြစ်သည်။ အင်္ဂလိပ်လို Golden၊ Yellow Champa၊ Michelia champaca ဟု ခေါ်ကြသည်။ စံကားဝါပန်းပင်တို့သည် သဘာဝအလျောက် ပေါက်ရောက်သည်။ အမြဲစိမ်းလန်းသော အပင်ကြီးမျိုးဖြစ်ပြီး မြန်မာနိုင်ငံ နေရာအနှံ့အပြား၌ ပေါက်ရောက်သည်။ အကိုင်းအခက်များဖြာထွက်၍ အမွေးနုများ ဖုံးလွှမ်းနေသည်။ အခေါက်ချောမွတ်၍ မီးခိုးရောင်ရှိသည်။ အတွင်းသားပျော့သည်။ အရွက်က ဘဲဥပုံ၊ လှံစွပ်ပုံသဏ္ဌာန်ရှိသည်။ ၈ လက်မ မှ ၁၀ လက်မအထိ ရှည်၍ ရွက်ညှာ တစ်လက်မခန့်အထိ ရှည်သည်။ အရွက်နုစဉ် အမွေးနုလေးများရှိ၍ ရင့်သောအခါ ပြောင်ချောသည်။ ရွက်နားညီသည်။ တစ်ပွင့်တည်းပွင့်၍ အလွန်မွှေးကြိုင်သည်။ ပွင့်ဖတ် ၂ လက်မမှ ၃ လက်မအထိရှည်သည်။ သေးငယ်သော ဝတ်ဆံများပါရှိသည်။ ပွင့်ညှာတိုသည်။ ကဆုန်၊ နယုန်လတို့တွင် အပွင့်ပွင့်သည်။ အသီးမှာ ၁ လက်မမှ ၂ လက်မအထိ ရှည်သည်။ အခိုင်လိုက်သီးသည်။ ပန်းညိုရောင်အစေ့များပါရှိသည်။ တော်သလင်းလတွင် စတင်သီးသည်။

**ဆေးဖက်ဝင် စံကားဝါပန်း**

ဖြူ၊ စိမ်း၊ ဝါ၊ လိမ္မော် စံကားဝါပန်းအမျိုးမျိုးရှိသော်လည်း ဆေးဖက်ဝင်ပုံမှာ အတူတူပင်ဖြစ်သည်။ သို့သော် အရောင်ပို၍ရင့်သော စံကားဝါပန်းပွင့်၏ အပင်က ဆေးစွမ်းပိုမိုထက်မြက်သည်။ အပွင့်၊ အရွက်၊ အသီး၊ အခေါက်၊ အမြစ် တစ်ပင်လုံးဆေးဖက်ဝင်သည်။ မြန်မာဆေးကျမ်းများအလိုအရ စံကားဝါပန်းသည် ဖန်ချိုသောအရသာရှိ၍ အေးသောဂုဏ်သတ္တိရှိ၏။ နှလုံးကို အကျိုးပြု၏။ သည်းခြေ၊ သလိပ်တို့ကိုနိုင်၏။ သွေးအန်၊ သွေးကျ၊ ဆီးအောင့်၊ နူနာ၊ အဆိပ်၊ ယားနာ၊ အနာပေါက်တို့ကို ပျောက်ကင်းစေ၏ဟု ဖော်ညွှန်းထားသည်။

- အပွင့်ကို ညက်အောင်ကြိတ်ပြီး ရေအေးနှင့်ဖျော်၍ တစ်နေ့နှစ်ကြိမ် သောက်သော် ဆီးလမ်းကြောင်းပိုးဝင်ပြီး ရောင်ရမ်းခြင်း၊ ဆီးအောင့်ခြင်း၊ ကျောက်ကပ်အားနည်းခြင်းရောဂါများ ပျောက်ကင်းကာ ဆီးရှင်စေသည်။
- နှာစေး၊ တုပ်ကွေးဖျားနာ၊ ကူးစက်ရောဂါများနှင့် ရင်တုန်မူးမော်ခြင်းအတွက် အပွင့်ကိုရှူရှိုက်ခြင်းဖြင့် ရောဂါသက်သာစေသည်။
- အပွင့်ကို နေရိပ်ထဲတွင်အခြောက်ခံပြီး သိမ်းထားပါ။ ရာသီမရွေး တုပ်ကွေးဖျားနာခြင်းအတွက် ယင်းအပွင့်ခြောက်ကို ရေနွေးစိမ်၍ လက်ဖက်ခြောက်ကဲ့သို့ ခတ်သောက်ပါ။
- နွေရာသီ မိတ်ပေါက်၍ အရေပြားယားယံခြင်းအတွက်ကိုလည်း စံကားဝါပန်းပွင့်ကိုကြိတ်ခြေ၍ ရလာသောအရည်ဖြင့် လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။
- အပွင့်ပြုတ်ရည်ကို သောက်သော် အစာအိမ်နာရောဂါ၊ လေရောဂါ၊ ကျောက်ကပ်ရောဂါ၊ ညောင်းကျရောဂါများပျောက်သည်။
- ဓမ္မတာထိန်ခြင်း၊ ချုပ်ခြင်း၊ နည်းခြင်းတို့အတွက် စံကားဝါပန်းပွင့်ကို ဝါးစားပြီး ရေအေးသောက်ပါ။ (ရေခဲရေ မဟုတ်)
- အစာအိမ်နှင့် အူလမ်းကြောင်းရှိ သန်ကောင်များကို သုတ်သင်ရှင်းလင်းရန် အပွင့်လက်တစ်ဆုပ်ခန့်ကို ကြိတ်ခြေ၍ ရက်သတ္တပတ်လျှင် သုံးကြိမ်ခန့် သောက်ပါ။
- အစာအဆိပ်သင့်ခြင်းအတွက် စံကားဝါပန်းပွင့်ကို ကြိတ်ခြေ၍ ရလာသောအရည်ကိုသောက်ပါ သို့မဟုတ် အပွင့်ကို ညက်ညက်ဝါးစားပါ။
- အစာကြေ ရင်ချောင်စေရန် အပွင့်ကို ရေစိမ်၍ ယင်းအရည်ကို ထမင်းမစားခင်သောက်ပါ။
- ဒူလာရောဂါအတွက် စံကားဝါပင် အရွက်ပြုတ်ရည်ကို တစ်နေ့ နှစ်ကြိမ်သောက်ပါ။ ယင်းပြုတ်ရည်က ချောင်းဆိုးခြင်းကိုလည်း သက်သာပျောက်ကင်းစေသည်။
- အသည်းနှင့် သည်းခြေရည်ကောင်းစေရန် စံကားဝါပန်းပွင့်နှင့် အရွက်တို့ကို ကြိတ်ခြေ၍ ရလာသောအရည်ကို သောက်ပါ။
- နကျယ်ကောင်များက စံကားဝါပန်းပွင့်နံ့ကို ကြောက်ကြသည်။ ထို့ကြောင့် အိမ်ပြတင်းပေါက်များ၌ စံကားဝါပန်းများကို အပ်ချည်ကြိုးဖြင့်သီ၍ ချိတ်ဆွဲထားခြင်းဖြင့် နကျယ်ကောင်များ အိမ်ထဲသို့ဝင်မလာအောင် တားထားနိုင်သည်။
- အရွက်နုစိမ်ရည်ကို စစ်၍ မျက်စိတွင် တစ်နေ့နှစ်ကြိမ် ခတ်ပေးသော် မျက်စိတွင်းရှိ အညစ်အကြေးများ စင်ကြယ်ပြီး မျက်စိအားနည်းရောဂါ ပျောက်ကင်းစေသည်။
- အရွက်သတ္တုရည်ကို ပျားရည်နှင့်ရောသောက်သော် ရင်ဘတ်အောင့်နာပျောက်ကင်းပြီး ဝမ်းတွင်းရှိ တုတ်ကောင်၊ သန်ကောင်များကိုလည်း ကျဆင်းစေနိုင်သည်။
- ဝမ်းမှန်မှန်သွားစေရန် အရွက်ကို ကြိတ်၍စားပါ သို့မဟုတ် အရွက်ပြုတ်ရည်ကို အအေးခံသောက်ပါ။
- အဆစ်အမျက် နာကျင်ကိုက်ခဲခြင်းနှင့် ဂေါက်ရောဂါတို့အတွက် စံကားဝါပင် အရွက်ကိုကြိတ်ခြေ၍ ရလာသော အနှစ်ကို လိမ်းပြီးနောက် အဝတ်ဖြင့် စည်းထားပါ။
- အရေပြားပေါ်ရှိ အနာဖု၊ အနာစက်များအတွက် စံကားဝါပန်းပင်အရွက်ကိုကြိတ်ခြေ၍ မကြာခဏ လိမ်းပေးခြင်းဖြင့် သက်သာပျောက်ကင်းစေသည်။
- ခြေဖနောင့်ကွဲအက်ခြင်းကို သက်သာပျောက်ကင်းစေရန် ရေဇလုံကြီးတစ်ခုထဲတွင် အရွက်များခူးထည့်၍ ယင်းဇလုံထဲတွင် ၁၀ မိနစ်ခန့်ကြာ ခြေထောက်စိမ်ထားပါ။
- အသီး သို့မဟုတ် အစေ့ကို ရေနှင့်သွေးလိမ်းသော် ပေါင်၌ အကျိတ်အဖုဖြစ်ခြင်းပျောက်ကင်းစေသည်။
- အသီးခွံနှင့် ပင်စည်အခေါက်များကို နူနာရောဂါကုသရာတွင် ထည့်သွင်းအသုံးပြုလေ့ရှိသည်။
- ပင်စည်အခေါက်မှုန့်ကို ပျားရည်နှင့်ရော၍လျက်သော် ချောင်းခြောက်ဆိုးခြင်းပျောက်ကင်းသည်။
- ပင်စည်အခေါက်ကို ပြုတ်သောက်သော် နာတာရှည်လေရောဂါ၊ အဆစ်ရောင်ရောဂါတို့ကို ပျောက်ကင်းစေသည်။
- အရွက်နှင့် ပင်စည်အခေါက်တို့ကို ပြုတ်သောက်သော် အစာအိမ်ရောဂါအမျိုးမျိုးကို သက်သာပျောက်ကင်းစေသည်။
- အရေပြားအောက်မှ အပူနာ(အနာပဆုပ်) ပေါက်ခြင်းအတွက်ကိုလည်း အရွက်နှင့် ပင်စည်အခေါက်ကြိတ်ရည်ကို လိမ်းပါ သို့မဟုတ် အရွက်နှင့် ပင်စည်အခေါက်ပြုတ်ရည်ဖြင့် ရေချိုးပါ။
- အူလမ်းကြောင်း ကြွက်တက်ရောဂါ (Intestinal Cramps) အတွက် ပင်စည်နှင့် အမြစ်ခေါက်တို့ကို နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ပြုတ်သောက်ပါ။

အချုပ်အားဖြင့်ဆိုရသော် ကဆုန်လသည် မြန်မာပြက္ခဒိန်၏ နွေလများထဲမှ ဗဟိုချက်မ အလယ်လဖြစ်၍ ကဆုန်လတွင် ဆွေ့ဆွေ့ခုန်ရလောက်အောင် ရာသီဥတုပူသည်။ ထိုအချိန်တွင် သဘာဝအလျောက် ပွင့်ဖူးလာကြသည့် စံကားဝါပန်းများကို တစ်ကြိမ်လောက် မွှေးရှိုက်လိုက်ခြင်းက စိတ်နှလုံးကို ကြည်သာရွှင်ပြအေးမြသွားစေသည်။ ယင်းစံကားဝါပန်းကို ရေစိမ်သောက်ခြင်းကလည်း ခန္ဓာကိုယ်တွင်း အပူငြိမ်းစေသည်။ သဘာဝက ဖန်တီးပေးထားသော နွယ်မြက်သစ်ပင်များတွင် ကောင်းကျိုးအပြင် ဘေးထွက်ဆိုးကျိုးများရှိနေကြသော်လည်း စံကားဝါပန်းပင်ကမူ ထူးခြားစွာ ဘေးထွက်ဆိုးကျိုးလုံးဝမတွေ့ရဘဲ ကျား၊ မ အရွယ်သုံးပါးစလုံးအတွက် ဆေးဖက်ဝင်လှသည်။ သို့ပါ၍ ကဆုန်၊ နယုန်လများတွင် လှိုင်လှိုင်ပွင့်တတ်သော စံကားဝါပန်းပွင့်များကို စုဆောင်း၍ ပွင့်ခြောက်လေးများကို သိမ်းဆည်းထားပြီး သင့်မိသားစု တစ်နှစ်တာလုံး ကျန်းမာစေရန် အသုံးပြုနိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**"အပွင့်ကို ညက်အောင်ကြိတ်ပြီး ရေအေးနှင့်ဖျော်၍ တစ်နေ့နှစ်ကြိမ်သောက်သော် ဆီးလမ်းကြောင်းပိုးဝင်ပြီးရောင်ရမ်းခြင်း၊ ဆီးအောင့်ခြင်း၊ ကျောက်ကပ်အားနည်းခြင်းရောဂါများပျောက်ကင်းကာ ဆီးရှင်စေသည်။ နှာစေး၊ တုပ်ကွေးဖျားနာ၊ ကူးစက်ရောဂါများနှင့် ရင်တုန်မူးမော်ခြင်းအတွက် အပွင့်ကိုရှူရှိုက်ခြင်းဖြင့် ရောဂါသက်သာစေသည်. . ."**

# သထုံမြို့နယ်၌ နွေစပါးရိတ်သိမ်းနေမှု ကြည့်ရှုစစ်ဆေး

သထုံ ဧပြီ ၂၉

မွန်ပြည်နယ် သထုံမြို့နယ် အုဖွိုလ်ချောင်ကျေးရွာရှိ အုဖွိုလ်ချောင် စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသားတောင်သူများ စိုက်ပျိုးထားသည့်နွေစပါးများ ရိတ်သိမ်းနေမှုကို ဧပြီလ ၂၈ ရက်က မြို့နယ်သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန္တာစိုးနှင့်ဝန်ထမ်းများက အုဖွိုလ်ချောင် စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် ရွှေသွယ်ရင်နွေစပါးရိတ်သိမ်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါနွေစပါးရိတ်သိမ်းရာတွင် ရွှေသွယ်ရင်စပါး တစ်ဧကလျှင် ၁၁၇ တင်းခန့်ထွက်ရှိပြီး အုဖွိုလ်ချောင်စိုက်ပျိုးထုတ်လုပ်ရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသား တောင်သူများအနေဖြင့် မကြာမီ ရက် ၁၀၀ စီမံချက်ဖြင့် မိုးစပါးများ ဆက်လက်စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

ချမ်းမြေ့



## ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ညွှန်ကြားချက်အမှတ် ၁/၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်**

၁။ နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၃/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်ကို ပြင်ဆင်သည့် ညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

၂။ ခရိုင်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် ၃/၂၀၂၅ ၏ အပိုဒ် ၁၁ အား အောက်ပါအတိုင်းအစားထိုးရမည်-

"၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် ခရိုင်အုပ်ချုပ်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်းဖွဲ့စည်းရမည်-

(က) ခရိုင်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ဂ) ခရိုင်ဥပဒေအရာရှိ — အဖွဲ့ဝင်
ခရိုင်ဥပဒေရုံး

(ဃ) ခရိုင်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(င) ခရိုင်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး — အဖွဲ့ဝင်

(စ) ခရိုင်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး"
မြန်မာနိုင်ငံရဲတပ်ဖွဲ့

**အမိန့်အရ**

**ခင်လတ်**
**ဒုတိယဝန်ကြီး**
**နိုင်ငံတော်သမ္မတရုံး**

## မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

ညွှန်ကြားချက်အမှတ် ၂ / ၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်**

၁။ နိုင်ငံတော်သမ္မတရုံးသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၄/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက်ကို ပြင်ဆင်သည့် ညွှန်ကြားချက်အား ထုတ်ပြန်လိုက်သည်။

၂။ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာညွှန်ကြားချက် ၄/၂၀၂၅ ၏ အပိုဒ် ၁၁ အား အောက်ပါအတိုင်း အစားထိုးရမည်-

"၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ နေပြည်တော်ကောင်စီသည် မြို့နယ်အုပ်ချုပ်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) မြို့နယ်အုပ်ချုပ်ရေးမှူး — ဥက္ကဋ္ဌ
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

(ခ) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
စီမံကိန်းရေးဆွဲရေးဦးစီးဌာန

(ဂ) မြို့နယ်ဥပဒေအရာရှိ — အဖွဲ့ဝင်
မြို့နယ်ဥပဒေရုံး

(ဃ) မြို့နယ်ဦးစီးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

(င) မြို့နယ်အုပ်ချုပ်ရေးမှူးက တာဝန်ပေးအပ်သူတစ်ဦး — အဖွဲ့ဝင်

(စ) မြို့နယ်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး"
မြန်မာနိုင်ငံရဲတပ်ဖွဲ့

**အမိန့်အရ**

**ခင်လတ်**
**ဒုတိယဝန်ကြီး**
**နိုင်ငံတော်သမ္မတရုံး**

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ်( ၃၈ / ၂၀၂၆ )**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်)

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အစားထိုးဖြည့်စွက်ကြောင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေ ၁၃၂ အရ ဧရာဝတီတိုင်းဒေသကြီးအမျိုးသားလွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်အမှတ် (၁) မှ လစ်လပ်သွားသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး ပါတီမှ ဦးမြင့်ကြိုင် [ ၉/မနမ(နိုင်)၀၈၉၅၄၆ ] ကိုယ်စားလှယ် အမှတ်(၇) **အစား** သက်ဆိုင်ရာနိုင်ငံရေး ပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်းတင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ ဦးပြုံးချို [ ၁၄/မမန(နိုင်)၀၀၉၈၀၄ ]အား အစားထိုးဖြည့်စွက်ကြောင်း ကြေညာလိုက်သည်။

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အစားထိုးဖြည့်စွက်ကြောင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် ( ၃၉ / ၂၀၂၆)**

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်

( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အစားထိုး ဖြည့်စွက်ကြောင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် မဲဆန္ဒနယ်များ၌ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲနည်းဥပဒေ ၁၃၂ အရ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ်မဲဆန္ဒနယ်များမှ လစ်လပ်သွားသည့် လွှတ်တော်ကိုယ်စားလှယ်များနေရာ၌ သက်ဆိုင်ရာ နိုင်ငံရေးပါတီ၏ ဦးစားပေးအစီအစဉ်အတိုင်း တင်ပြထားသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများအနက် ဦးစားပေးအစီအစဉ်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါအတိုင်း အစားထိုးဖြည့်စွက်ကြောင်း ကြေညာလိုက်သည် -

**(၁) ကရင်ပြည်နယ်လွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁)**

| | | |
|---|---|---|
| ဒေါ်နန်းနီနီအေး | အစား | ဦးအောင်မြင့်သိန်း |
| ၃/ဘအန(နိုင်)၀၁၃၈၂၆ | | ၃/ကကရ(နိုင်)၀၁၀၅၃၈ |
| ဘားအံမြို့နယ် | | ဘားအံမြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**(၂) ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်(အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)**

| | | |
|---|---|---|
| ဦးထင်ကျော်သူ | အစား | ဦးအောင်ပြည့်ဖြိုး |
| ၁၂/လကန(နိုင်)၀၂၂၂၀၂ | | ၁၂/သကတ(နိုင်)၁၄၂၁၆၃ |
| မရမ်းကုန်းမြို့နယ် | | မရမ်းကုန်းမြို့နယ် |
| ကိုယ်စားလှယ်အမှတ်(၂) | | ကိုယ်စားလှယ်အမှတ်(၂) |
| ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၄၀ / ၂၀၂၆ )**
၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၄ ရက်
( ၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်**
**ကိုယ်စားလှယ်တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၃၅ / ၂၀၂၆)တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

**တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| ကြည်း ၃၁၆၆၇<br>ဗိုလ်မှူးကြီးသိန်းဇော်မြင့် | **အစား** | ကြည်း ၃၃၁၃၅<br>ဗိုလ်မှူးကြီးရန်ကြီးအောင် |

**(ပုံ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူသုံးဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဧပြီ ၂၉

ပြည်ပတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ အခက်အခဲကြုံတွေ့လာပါက နိုင်ငံတော်အစိုးရသည် နိုင်ငံသားများအပေါ် အလေးအနက်ထား၊ တန်ဖိုးထားကာ မည်သို့သောအခြေအနေတွင်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ မြန်မာနိုင်ငံသို့ အေးချမ်းလုံခြုံစွာ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ ခင်စမ်းငွေး၊ သင်းသင်းအေးနှင့် ဖြိုးအိမာတို့ကို အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ အီရတ်နိုင်ငံ လူကုန်ကူးတားဆီးကာကွယ်ရေးရဲတပ်ဖွဲ့၊ အီရတ်နိုင်ငံရှိ မြန်မာနိုင်ငံသားများ အခက်အခဲကြုံတွေ့ရသည့်အခါ မြန်မာသံရုံးက ဆက်သွယ်အကူအညီတောင်းခံလေ့ရှိသည့် အီရတ်မိတ်ဆွေများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှုဖြင့် ဧပြီလ ၂၇ ရက်တွင် ဘဂ္ဂဒက်မြို့မှ ရှာဂျာခရီးစဉ်၊ ဧပြီလ ၂၈ ရက်တွင် ရှာဂျာ-ဘန်ကောက်ခရီးစဉ်၊ ဧပြီလ ၂၉ ရက်တွင် ဘန်ကောက်-ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ယနေ့နံနက် ၃ နာရီ ၁၀ မိနစ်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။




နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပြီး ယခုကဲ့သို့အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုကို အလုပ်သမားနှင့် မိဘဆွေမျိုးများအနေဖြင့် နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့ကို လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ - သီဟ**



# ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မော်လမြိုင် ဧပြီ ၂၉

ကဆုန်လပြည့်(ဗုဒ္ဓနေ့) ညောင်ရေသွန်းပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ကဆုန်လပြည့်(ဗုဒ္ဓနေ့)ဖြစ်သည့် နေ့ထူးနေ့မြတ်တွင် မဟာမြတ်မုနိဘုရားကြီး၏ မျက်နှာတော်ရေသပ္ပာယ်ခြင်း၊ အမွှေးနံ့သာများဆက်ကပ်ခြင်း၊ ရောင်တော်ဖွင့်ခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်းနှင့်မြန်မာ့ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကဆုန်ညောင်ရေသွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ(၉)ရပ်ဖြင့် ဖွဲ့စည်းထားရှိပြီးဖြစ်ကြောင်း၊ မဟာသိဒ္ဓိဇယ ကုန်းမြေပေါ်ရှိ ဗောဓိပင်ညောင်ရေသွန်းလောင်းလှူပွဲအခမ်းအနားစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးနှင့် ဆွမ်းဆန်စိမ်းလောင်းလှူနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားကြရန်နှင့် လိုအပ်သည်များကို အကြံပြုတင်ပြကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကဆုန်ညောင်ရေသွန်းပွဲတော်ကျင်းပနိုင်ရေးလုပ်ငန်းကော်မတီများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက အကြံပြုတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၀၆)

# (၂၉-၄-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၃ ~ ၃၆၆၉ | ၅၅၇ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၈,၀၁၇,၁၀၈.၀၈ | ၃,၆၆၄,၁၂၀.၀၀ | ၁၉၁,၇၈၂,၂၄၁.၇၈ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | ၆,၂၀၁,၁၄၉.၁၂ | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၉၆ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၂၃ သန်းကိုလည်းကောင်း၊ ဗဟိုဘဏ်မှ ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကုန်ကြမ်းကဏ္ဍ၊ စားသုံးကုန်စည်ကဏ္ဍနှင့် Non Trade ကဏ္ဍတို့သို့ ထိုင်းဘတ် ၆.၂၀ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ထူးခြားသည့်နေ့အပူချိန်များ

၂၉-၄-၂၀၂၆

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ကျော့ကရိတ် | ၄၀ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မင်းဘူး | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၃၉ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ဖောင်းတူ | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မြဝတီ | ၃၈ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ဘားအံ | ၃၈ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |

(စိုက်ပျိုးရေးမိုးလေဝသ)

# နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဟန်ချက်ညီဖြစ်စေရေး၊ အာဆီယံအဖွဲ့နှင့် မိတ်ဖက်ဆက်ဆံရေး၊ ဒေသတွင်း အိမ်နီးချင်းနိုင်ငံများနှင့်ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ ကဏ္ဍပေါင်းစုံအောင်မြင်ရေးအကောင်အထည်ဖော်ရန်လိုအပ်



နေပြည်တော် ဧပြီ ၂၉

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များအပေါ် ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အစိုးရအဖွဲ့၏ရက် ၁၀၀ စီမံချက်ဆွေးနွေးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အစိုးရအဖွဲ့၏ဆောင်ရွက်ရမည့် လုပ်ငန်းများတွင်နိုင်ငံခြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ရမည့် အချက်များပါဝင်ကြောင်း၊ နိုင်ငံတော်သည် လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးသည်၊ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်၊ နိုင်ငံအချင်းချင်းငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်ဟူသောမူဝါဒကို ချမှတ်ထားကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် နိုင်ငံခြားရေးမူဝါဒ၏ အဓိပ္ပာယ်ဖော်ပြချက်များကို တိတိကျကျ သိရှိနားလည်ထားကြရန်နှင့် ယင်းမူဝါဒအပေါ်တွင်ရပ်တည်၍ ဆက်ဆံဆောင်ရွက်သွားရမည်ဆိုသည့် နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

နိုင်ငံခြားရေးမူဝါဒနှင့်အညီ ဟန်ချက်ညီဖြစ်စေရေး၊ အာဆီယံအဖွဲ့နှင့် မိတ်ဖက်ဆက်ဆံရေး၊ ဒေသတွင်းအိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံ၍ ကဏ္ဍပေါင်းစုံတွင် ဆက်ဆံရေးတိုးမြှင့်ရေးကိစ္စရပ်များကို နိုင်ငံတော်သမ္မတ၏ အဓိကလမ်းညွှန်ချက်များအဖြစ် ရက် ၁၀၀ စီမံကိန်းတွင် အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း၊ ပြည်တွင်းရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပါဝင်နိုင်သည့်နေရာမှ ပါဝင်အကောင်အထည်ဖော်သွားရန်ဖြစ်ကြောင်း၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စက်မှုကဏ္ဍ MSME ဖွံ့ဖြိုးအောင် ဆောင်ရွက်ရေး၊ ဆင်းရဲမှုလျှော့ချရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြှင့်မားရေး၊ နိုင်ငံသားများ ဥပဒေအကာအကွယ်ရရှိရေးစသည့် ကဏ္ဍအသီးသီးတွင်လည်း လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ထမ်းများအနေဖြင့်ပေါင်းစပ်ညှိနှိုင်း၍ ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရအဖွဲ့၏ ရက် ၁၀၀ စီမံချက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ရက် ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်သွားသင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကာ ဒုတိယဝန်ကြီးများ၊ သံအမတ်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဒစ်ဂျစ်တယ်နည်းပညာနှင့် AI နည်းပညာအသုံးချမှုများကို စဉ်ဆက်မပြတ် လေ့လာသင်ယူဆောင်ရွက်နေရန်လိုအပ်




နေပြည်တော် ဧပြီ ၂၉

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယမန်နေ့က ဇီဝနည်းပညာ သုတေသနဦးစီးဌာနသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဌာနတာဝန်ခံဒုတိယညွှန်ကြားရေးမှူးချုပ်က ဦးစီးဌာနအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဇီဝနည်းပညာ သုတေသနလုပ်ငန်းများ၊ နည်းပညာပြန့်ပွားရေးဆောင်ရွက်နေမှုများ၊ နိုင်ငံအကျိုးပြု၊ ဒေသအကျိုးပြု သုတေသနဆောင်ရွက်နေမှုအခြေအနေများ၊ နိုင်ငံတကာနှင့်သုတေသန ပူးပေါင်းဆောင်ရွက်နေမှုများနှင့်အခြေခံအဆောက်အဦလိုအပ်ချက်များကို ဘဏ္ဍာနှစ်အလိုက် ဖြည့်ဆည်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ပြည်ထောင်စုဝန်ကြီးက ဇီဝနည်းပညာသည် ကျန်းမာရေးစိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍတို့နှင့် ဆက်စပ်လျက်ရှိပြီး နိုင်ငံတကာတွင်လည်း အလေးထားလုပ်ဆောင်လျက်ရှိပါကြောင်းနှင့် နိုင်ငံ၏လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးကြီးပါကြောင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် ကဏ္ဍအသီးသီးအလိုက်တာဝန်ခံဆောင်ရွက်နေသောအဖွဲ့အစည်းများကို အထောက်အပံ့ဖြစ်စေရန် လိုအပ်ပါကြောင်း၊ ထို့ပြင် ဒစ်ဂျစ်တယ်နည်းပညာနှင့် AI နည်းပညာအသုံးချမှုများကို စဉ်ဆက်မပြတ်လေ့လာသင်ယူဆောင်ရွက်နေရန် လိုအပ်ပါကြောင်း မှာကြားပြီး ခင်းကျင်းပြသထားသော သုတေသနလုပ်ငန်းများ၊ လက်တွေ့ခန်းများနှင့် စိုက်ပျိုးရေးမြေဆီလွှာလက်တွေ့ဆန်းစစ်ပြသမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ် (ကျောက်ဆည်)ရှိ လျှပ်စစ်ဓာတ်သင့် ပင်မဆောင်များ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျဖြိုဖျက်ဆောင်ရွက်နေမှုများ၊ စကေးကိုက်အကွက်ချပုံစံပေါ်မူတည်၍ အဆောက်အအုံများ တည်ဆောက်ထားရှိမှုများကို မြေပြင်ကွင်းဆင်းစစ်ဆေး၍ အဆောက်အအုံအသစ်များ ထပ်မံဖြည့်ဆည်းဆောင်ရွက်ရာတွင် ငလျင်ဒဏ်ခံနိုင်ရည်ရှိသော Design Structure များဖြင့် ဆောင်ရွက်ရန်နှင့် နောင်အနာဂတ်တွင် ဖြည့်ဆည်းရမည့်လိုအပ်ချက်ပေါ်မူတည်၍ ဖြစ်ပေါ်လာနိုင်မည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် (မိတ္ထီလာ)နှင့်မွန်းလွဲပိုင်းတွင် နည်းပညာတက္ကသိုလ်(ရမည်းသင်း)သို့သွားရောက်၍ ငလျင်ဒဏ်သင့်အဆောက်အအုံ ဖြိုဖျက်နေမှုများ၊ စာသင်ခန်း၊ လက်တွေ့ခန်းပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ စကေးကိုက်အကွက်ချပုံစံအပေါ်မူတည်၍ ဘောလုံးကွင်းများ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ ဝန်ထမ်းအိမ်ရာနေရာချထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုမှာကြားသည်။ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နွေရာသီအားကစားသင်တန်း ဖွင့်လှစ်သင်ကြားလေ့ကျင့်နေမှု ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၂၉

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်တို့၌ နွေရာသီအားကစားသင်တန်း ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးသင်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသားဘောလုံးအကယ်ဒမီမြက်ခင်းတုကွင်း၌ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ရက် ၁၀၀ အတွင်း ဆောင်ရွက်ရမည့် Smart School နှင့် Football For School Program အရ မြန်မာ့ဘောလုံးအားကစားဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း ကျောင်းသားလူငယ်များ အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ကာယ၊ ဉာဏ စွမ်းအားများ ပိုမိုကောင်းမွန်လာစေရန် ရည်ရွယ်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကြီးကြပ်မှုဖြင့် MFF Summer Football Skills Course 2026 (2nd Batch) နွေရာသီ အခြေခံဘောလုံးအားကစားသင်တန်းဖွင့်လှစ်ထားရှိမှုနှင့် သင်တန်းသား၊ သင်တန်းသူများကို အခြေခံနည်းစနစ်များ စနစ်တကျသင်ကြားပို့ချလေ့ကျင့်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ဒဂုံမြို့သစ်မြောက်ပိုင်းရှိ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ မြန်မာ့သိုင်းသင်တန်းကျောင်း၌ နွေရာသီမြန်မာ့သိုင်းသင်တန်းတက်ရောက်နေသည့် သင်တန်းသား၊ သင်တန်းသူများနှင့် လက်ရွေးစင်အားကစားသမားများ၏ ဗိုဗီနမ်၊ ပန်ကြပ်ဆီလတ်နှင့် မြန်မာ့သိုင်းသရုပ်ပြသနေမှုကို ကြည့်ရှုအားပေးပြီး အခြေခံမှစ၍ စနစ်တကျသင်ယူလေ့ကျင့်ကစား၍ အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် နိုင်ငံတကာ အားကစားပြိုင်ပွဲများတွင်ရွှေတံဆိပ်ဆုများရရှိပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားကြရန်မှာကြားပြီး ခင်းကျင်းပြသထားသည့် လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲသုံး အထောက်အကူပြုပစ္စည်းများကိုကြည့်ရှုစစ်ဆေး၍ မျိုးဆက်သစ်အားကစားသမားများစွာမွေးထုတ်ပေးနိုင်ရေးနှင့် မြန်မာ့သိုင်းအားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အတူတကွ ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ




လေကောင်းလေသန့်ရသော ပတ်ဝန်းကျင်တွင် လမ်းလျှောက်ရင်း
အသက်ရှူလေ့ကျင့်ခန်းများပြုလုပ်ပေးပါ။

# နိုင်ငံတော်နှင့် တပ်မတော်၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်သည့် KIA အဖွဲ့နှင့် KPDF အမည်ခံအဖွဲ့ဝင် ၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်

နေပြည်တော် မေ ၂၉

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်းရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် **KIA အဖွဲ့နှင့် KPDF** အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသား ၃ ဦး၊ အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၄ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် KIA အဖွဲ့ဝင် အမျိုးသား ၂ ဦး၊ KPDF အဖွဲ့ဝင် အမျိုးသား ၁ ဦးနှင့်အမျိုးသမီး ၁ ဦး၊ စုစုပေါင်း ၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တနိုင်းတပ်နယ်ရှိ ရဲမာန်အောင်ခန်းမ၌ပြုလုပ်ရာ တနိုင်းတပ်နယ်မှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လာခဲ့ကြသူများနှင့် ၎င်းတို့၏မိဘများတက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူလူငယ်များအား အသိပညာပေးရှင်းလင်းပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူပါရှိလာသည့် Ko ပါရီ သေနတ် ၁ လက်၊ KA-25 ဗုံးပစ်လောင်ချာတွဲသေနတ် ၁ လက်၊ K-25 သေနတ် ၁ လက်၊ လက်ပစ်ဗုံး ၄ လုံး၊ ကျည် ၆၀၀ တောင့်၊ ကျည်အိမ်မျိုးစုံ ၉ ခု၊ ကျည်ကာအင်္ကျီ ၁ ထည်၊ စကားပြောစက် ၁ လုံးနှင့် ဆက်စပ်ပစ္စည်းများကို လွှဲပြောင်းအပ်နှံရာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် တာဝန်ရှိသူများက လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား မောင်းပြန်ရိုင်ဖယ် ၂ လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ K-25 ဗုံးပစ်လောင်ချာတွဲသေနတ် ၁ လက်အတွက် ငွေကျပ် ၇၅ သိန်း၊ လက်ပစ်ဗုံး ၄ လုံးအတွက်ငွေကျပ် ၁၂ သိန်းနှင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအတွက် ငွေကျပ်သိန်း ၂၀၊ စုစုပေါင်းငွေကျပ် ၂၀၇ သိန်းကိုပေးအပ်ပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးပြီး မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများကျန်ရှိနေသေးကြောင်းသိရှိရပြီး ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာတပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



"ကရင်ပြည်နယ်ဘက်ကနေ လာပြီးမှ အလင်းဝင်ရောက်တာပါခင်ဗျာ။ ဒီထဲကိုရောက်သွားတာက သူငယ်ချင်းနဲ့နှစ်ယောက် ကျောက်ဝိုင်းကနေတစ်ဆင့် ကျွန်တော်တို့ကိုခေါ်သွားတယ်။ ကားပေါ်ကိုတင်ပြီး ဒီအတိုင်းခေါ်သွားပြီးမှ ဟိုရောက်တော့ မိုးလင်းမှကျွန်တော်တို့က သိတယ်။ ဘယ်ကိုရောက်နေတာလဲဆိုပြီး ကြည့်လိုက်တော့ တောထဲရောက်နေတယ်။ ကျွန်တော် အစကတည်းက ဒီကိုဝင်ဖို့အတွက် သူငယ်ချင်းနဲ့ဝင်ပြီးတော့မှ ပူးပေါင်းဆောင်ရွက်လိုက်တယ်။ ကျွန်တော်သူတို့ကိုခေါ်ချင်တယ်။ မရမကလည်းကျွန်တော်ခေါ်ဦးမှာပါ။ သူတို့လည်း သူတို့မိဘတွေနဲ့ အရမ်းကို တွေ့ချင်နေကြမှာပဲပေါ့" ဟု ပြောသည်။

(၁၀၀)

# မြန်မာ၊ ထိုင်းနှင့် ဥဇဘက်ကစ္စတန်အမျိုးသမီးလက်ရွေးစင်အသင်းများ ပါဝင်ကစားမည့် AYA BANK TRI NATIONS CUP 2026 (International Women's Friendly Matches) ပြိုင်ပွဲ ရန်ကုန်မြို့၌ကျင်းပမည်




ရန်ကုန် မေ ၂၉

မြန်မာလက်ရွေးစင်အမျိုးသမီးအသင်း၊ ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းနှင့် ဥဇဘက်ကစ္စတန် အမျိုးသမီးလက်ရွေးစင်အသင်းတို့သည် လာမည့် ဇွန်လပထမပတ်အတွင်းကျရောက်မည့် FIFA International Windowကာလတွင် AYA BANK TRI NATIONS CUP 2026 (International Women's Friendly Matches)ပြိုင်ပွဲ ပွဲစဉ်များအား ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲအား AYA Bank မှ အဓိက ပံ့ပိုးကူညီပေးထားခြင်းဖြစ်ပြီး မြန်မာလက်ရွေးစင်အမျိုးသမီးအသင်း (ကမ္ဘာ့အဆင့် ၅၅) ပိုမိုတိုးတက်လာစေရေးအတွက် ထိုင်း(ကမ္ဘာ့အဆင့် ၅၀)၊ ဥဇဘက်ကစ္စတန်(ကမ္ဘာ့အဆင့် ၅၁)အစရှိသည့် အသင်းကောင်းများနှင့် ခြေစမ်းရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

ပွဲစဉ်များကို ဇွန်လ ၁ ရက် ညနေ ၅ နာရီတွင် မြန်မာနှင့်ဥဇဘက်ကစ္စတန်၊ ဇွန်လ ၄ ရက် ညနေ ၄ နာရီတွင် ဥဇဘက်ကစ္စတန်နှင့် ထိုင်း၊ ဇွန်လ ၇ ရက် ညနေ ၅ နာရီတွင် မြန်မာနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ပွဲစဉ်များအား ပြည်တွင်းရုပ်သံလိုင်းများနှင့် Youtube Channel တို့မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

မြန်မာလက်ရွေးစင်အမျိုးသမီးအသင်းကို ယာယီနည်းပြချုပ်အဖြစ် ဒေါ်စန်းစန်းသိန်းက ကိုင်တွယ်သွားမည်ဖြစ်ပြီး လက်ထောက်နည်းပြများအဖြစ် ဒေါ်သူဇာထွေးနှင့် ဂိုးနည်းပြ ဦးစိန်အေးတို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ အသင်းအား ပဏာမကစားသမား ၃၅ ဦးဖြင့် ဧပြီလ ၂၇ ရက်မှစတင်ကာ စခန်းသွင်းလေ့ကျင့်လျက်ရှိပြီး ပြည်ပရောက်ကစားသမားများသည် မေလအစောပိုင်းတွင် အသင်းနှင့် လာရောက်ပူးပေါင်းမည်ဖြစ်ကြောင်းလည်း သိရသည်။

**ဝန်းရံခ**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေး

အုတ်တွင်း မေ ၂၉

ပဲခူးတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ကျွဲပွဲမြို့ ကျေးလက်ကျန်းမာရေးဌာန၊ မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းနှင့် TB Mobile Team တို့ပူးပေါင်း၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ယမန်နေ့က အုတ်တွင်းမြို့နယ် ကျွဲပွဲမြို့ ကျေးလက်ကျန်းမာရေးဌာန၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပဲခူးတိုင်းဒေသကြီး တီဘီရောဂါတိုက်ဖျက်ရေးဌာန မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်းမှ ဒေါက်တာဦးဖြိုးမင်းဦး ဦးဆောင်သည့် အဖွဲ့က ကျွဲပွဲမြို့အတွင်းရှိ ဒေသခံပြည်သူများအား အဆင့်မြင့်ဓာတ်မှန်စက်ဖြင့် အဆုတ်နှင့်ရင်ခေါင်းဆိုင်ရာကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

အဆိုပါကျန်းမာရေးစစ်ဆေးပေးနေမှုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းသက်၊ ကျွဲပွဲမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးအေးဟံ၊ ကျွဲပွဲမြို့ ကျေးလက်ကျန်းမာရေးဌာန ကျန်းမာရေးမှူး ဦးအောင်မြင့်မိုရ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများက ကြည့်ရှုကြပြီး လိုအပ်သည်များဆောင်ရွက်ပေးကြောင်းသိရသည်။**ခင်ခင်မာ(ပြန်/ဆက်)**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၉

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

# ကြည်နူးပူဇော် ကဆုန်ညောင်ရေသွန်းပွဲတော်

ထက်ဝေအောင်(စစ်ကိုင်း)

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် ညောင်ရေသွန်းပွဲတော်အချိန်အခါသည် ကဆုန်လပြည့်နေ့တွင် ကျရောက်ပြီး မြန်မာတို့၏ဘာသာဓလေ့အလေးအမြတ်ထားကျင်းပသည့်ပွဲတော်တစ်ခုဖြစ်သည်။ ကဆုန်လပြည့်နေ့၏ ထူးခြားသောဝိသေသလက္ခဏာများမှာ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်းဖြစ်ပြီး အံ့ဖွယ်ထူးခြား ဘုရားရှင်ပွင့်တော်မူခဲ့ရာ ဗောဓိညောင်ပင်ကို သန့်စင်သောရေဖြင့်၊ အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းသည့် နေ့ထူးနေ့မြတ် အချိန်အခါသမယပင်ဖြစ်သည်။

ကဆုန်လသည် မြန်မာပြက္ခဒိန်၏ ဒုတိယမြောက်လဖြစ်သည်။ ကဆုန်လကို ဗေဒင်အခေါ်အဝေါ်လအမည်မှာ ပြိဿရာသီဖြစ်ပြီး ရာသီရုပ်ပုံမှာ နွားလားဥသဘရုပ်ဖြစ်ကာ ဝိသာခါနက္ခတ်သည် လမင်းနှင့်အပြိုင်ထွက်ပေါ်ချိန်ကာလလည်းဖြစ်သည်။ ကဆုန်လ၏အခင်းအကျင်းမှာ မြေသင်းရနံ့ဖြင့် သင်းထုံစွာနိဒါန်းပြုသည်။ နွေသရုပ်၏စုတ်ချက်မှန်သော ပန်းချီကားထက်တွင် စံကားဝါပန်းကလေးများ အစီအရီပွင့်ဖူးသည်။ ပူပြင်းသောလတစ်လဖြစ်ခြင်းကြောင့် တန်ခူးရေကုန် ကဆုန်ရေခန်းဟုပင် တင်စားရသောလတစ်လဖြစ်သည်။ သက်ရှိလူသားများပင် အပူဒဏ်ကို ဉာဏ်ရှိသလို တွန်းလှန်ခံစားနေကြရချိန်ဖြစ်သည်။ အချို့သောသစ်ပင်နှင့်သတ္တဝါများသည် အပူဒဏ်ကြောင့် ညှိုးနွမ်းခြောက်သွေ့သေဆုံးကြရသည်။

သို့ဖြစ်၍ ကဆုန်လပြည့်နေ့ရောက်သည်နှင့် မြတ်စွာဘုရား၏ပရိဘောဂစေတီဖြစ်သော ဗောဓိညောင်ပင်ကို နွေကာလ၏အပူဒဏ်ကိုခံနိုင်ရည်ရှိစေရန် ရေသွန်းလောင်းကြသည်။ မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် အစဉ်အဆက်ကျင်းပလာခဲ့သည့် ပွဲတော်တစ်ခုလည်းဖြစ်ပါသည်။ ကဆုန်လပြည့်နေ့တွင် ညောင်ရေသွန်းလောင်းသည့်ဓလေ့သည် ဗုဒ္ဓဘာသာဝင်အားလုံးအတွက် မြတ်နိုးစွာထိန်းသိမ်းစောင့်ရှောက်ရမည့်အလွန်တရာထူးမြတ်သောနေ့တစ်နေ့လည်းဖြစ်ပေသည်။ ကဆုန်လပြည့်နေ့သည် ဂေါတမဒီပင်္ကရာမြတ်စွာဘုရားရှင်ထံမှ ဗျာဒိတ်တော်ရရှိတော်မူခြင်း၊ ဘုရားအလောင်းတော်ကို လုမ္ဗိနီဥယျာဉ် အင်ကြင်းတောတွင် မဟာသက္ကရာဇ် ၆၈ ခုနှစ် ကဆုန်လပြည့်နေ့တွင်ဖွားမြင်တော်မူခြင်း၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် ဘုရားစင်စစ်ဖြစ်တော်မူခြင်းနှင့် မဟာသက္ကရာဇ် ၁၄၈ ခုနှစ်ကဆုန်လပြည့်နေ့တွင်ကုသိနာရုံ အင်ကြင်းတော၌ ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူခြင်း အစရှိသည့်နေ့ထူးနေ့မြတ်များနှင့်ပြည့်စုံလျက်ရှိသည်။

ထိုကဲ့သို့ ကဆုန်လပြည့် ဗုဒ္ဓနေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များသည် ဘုရားရှင်ပွင့်ထွန်းတော်မူခဲ့ရာ ဗောဓိညောင်ပင်ကို ကြည်ညိုသဒ္ဓါပွားများလျက် ရေသွန်းလောင်းခြင်း၊ သီလဘာဝနာဆောက်တည်ခြင်းနှင့်အလှူအတန်းပြုလုပ်ခြင်းတို့ဖြင့် ရှေးမူမပျက်ကောင်းမှုအမွေ ရေရှည်တည်တံ့ရေး၊ ပရိဘောဂစေတီ ထိုက်သည့်ဗောဓိညောင်ပင်ရှင်သန်စေခြင်းအကျိုးငှာ ရေသွန်းလောင်းခြင်းဖြစ်ပြီး ဘုရားရှင်ကို ရည်စူးပူဇော်ခြင်းလည်းဖြစ်သည်၊ ဗောဓိပင်၏အရိပ်သည်အေးမြသည်၊ တရားရှာမှီးလိုသူ သူတော်စင်အပေါင်းအတွက် စိတ်နှလုံးငြိမ်းချမ်းမှုကိုပေးစွမ်းသည်၊ မြတ်စွာဘုရားရှင်သည် ဘုရားမဖြစ်မီ ညောင်ပင်ရင်းတွင် မြက်ရှစ်ဆုပ်ကို ဖြန့်ခင်းလျက် အဓိဋ္ဌာန်ပြုရာမှ ရွှေပလ္လင်ပေါ်ထွက်လာပြီး တရားကျင့်ကြံရာ အထွတ်အမြတ်နေရာတစ်ခုဖြစ်ခဲ့သည်။ ကြီးမားကျယ်ပြန့်သော ပင်စည်၊ အခက်၊ အလက်၊ ညောင်ရွက်များဖြင့် ဘုရားရှင်အပေါ် နေပြောက်မထိုးအောင် ကာကွယ်ပေးထားသည်။ မြတ်စွာဘုရားသည် ဗောဓိညောင်ပင်၏ အရပ်လေးမျက်နှာမှ လက်နက်မျိုးစုံဖြင့် ပစ်လွှတ်တိုက်ခိုက်သည့် မာရ်နတ်မင်းနှင့် မာရ်စစ်သည်အပေါင်းကို အောင်နိုင်တော်မူသည်။

မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များအနက် ကဆုန်လသည် ထူးမြတ်ပြီး လေးနက်သောအဓိပ္ပာယ်များဖြင့်ပြည့်နှက်နေသည်။ အချို့သောမြို့ရွာများသည် ညောင်ရေသွန်းပွဲတော်ကို အစဉ်အလာမပျက်ရိုးရှင်းစွာကျင်းပကြသော်လည်း အချို့သောမြို့ရွာများတွင် ညောင်ရေသွန်းပွဲကို အခမ်းအနားများပြုလုပ်၍ စည်စည်ကားကားကျင်းပသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်သည်။ ကဆုန်လပြည့်နေ့တွင် ဘုရားကျောင်းကန်များတွင် ဘာသာတရားအလေးထားသူများ ညောင်ရေသွန်းလောင်းရန် အပူဒဏ်ကိုအန်တုလျက်ရှိနေကြသည်။ ကာလများတရွေ့ရွေ့ပြောင်းလဲသွားခဲ့သည့်တိုင် စစ်ကိုင်း၊ မန္တလေးရှိ ညောင်ရေသွန်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာကျင်းပနေမြဲဖြစ်သည်။ အမရပူရမြို့နယ် ရွှေကြက်ယက်ဘုရားညောင်ရေသွန်းပွဲတော်သည်လည်း အထင်ကရပွဲတော်တစ်ခုဖြစ်သည်။ ကျေးရွာ ၁၆ ရွာမှ ညောင်ရေသွန်းပွဲအတွက် ရက်သတ္တပတ် အလိုကတည်းကပင် တီးဝိုင်းများ သီဆိုဇာတ်တိုက်လေ့ကျင့်မှုများပြုလုပ်ကြသည်။ ကျေးရွာသူ၊ ကျေးရွာသားများက မင်းညီမင်းသားဝတ်စုံများဖြင့် ရပ်ကွက်အလိုက်မဲနှိုက်ပြီး ဝင်းခင်းစီတန်းလှည့်လည်ကြသည်။ ကြည်လင်သောစိတ်သဘောထားဖြင့် ဘုရားရှင်ပွင့်တော်မူခြင်းအထိမ်းအမှတ်တစ်ခုဖြစ်သည့် ပရိဘောဂစေတီ ဗောဓိညောင်ပင် အရှည်တည်တံ့ရှင်သန်ရေး ရေသွန်းလောင်းခြင်း၊ အမွှေးနံ့သာရည်ပက်ဖျန်းခြင်းကုသိုလ်များ စိတ်အားထက်သန်စွာပြုလုပ်နေကြသည့် မြင်ကွင်းများက ယနေ့ထက်တိုင်မမေ့နိုင်သောမြင်ကွင်းများပင်ဖြစ်သည်။

အချို့သောကုသိုလ်ရှင်များက ဘုရားရှင်အား ဆွမ်းကပ်လှူခြင်း၊ ဘုန်းကြီးကျောင်းတွင် သီလခံယူခြင်း ကုသိုလ်များပြုလုပ်ကြသည်၊ဗုဒ္ဓဘာသာဝင်အများစုသည် နေ့ထူးနေ့မြတ်အခါသမယတွင် ဘုရားအမှူးပြုသည့်သံဃာတော်များ တန်ဖိုးထားရာကျောင်း၊ကန်၊ဇရပ်များဆေးကြောသန့်စင်ခြင်း၊ ဓိဝိတဒါနအဖြစ်ငါးလွှတ်ခြင်း၊ ငှက်လွှတ်ခြင်းနှင့်သနားညှာတာခြင်းအထိမ်းအမှတ်အဖြစ် တိရစ္ဆာန်ဘေးမဲ့လွှတ်ခြင်းများသည် မြန်မာတို့၏စိတ်နေစိတ်ထားများဖြစ်သည်။ အလားတူ ဘုရားစေတီများတွင် ပန်း၊ ရေချမ်းကပ်လှူခြင်း၊ ပရိတ်ရွတ်ဖတ်ခြင်း၊ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းနှင့် သမထ၊ ဝိပဿနာပွားများအားထုတ်ခြင်း အမူအကျင့်ကောင်းများသည် ဗုဒ္ဓဘာသာဝင်တို့ ပြုမြဲပြုဖွယ်ကိစ္စများဖြစ်ပြီး ဘုရားရှင်ကို လေးမြတ်ယုံကြည်ပူဇော်ခြင်းသာဖြစ်သည်။

သို့ဖြစ်ရာ မြန်မာတို့၏ဘာသာတရားဦးထိပ်ပန်ဆင်မှုသည် သမိုင်းအဆက်ဆက်တွင် အစဉ်အမြဲတည်ရှိနေမည့်ဓလေ့ထုံးတမ်းဖြစ်သည်။ ကဆုန်ညောင်ရေသွန်းပွဲတော်သည် ဗုဒ္ဓဘာသာဝင်များအတွက် အထွတ်အမြတ်ထားရှိရာ ဘာသာဓလေ့ပွဲတော်တစ်ခုအဖြစ်သာမက နွေပူပူတွင် ဗောဓိညောင်ပင်မညှိုးနွမ်းစေရေးနှင့် ဘုရားရှင်၏ဂုဏ်တော်ကို အမှတ်ရရှိစေရေးကို ကိုယ်စားပြုလျက် ကြည်နူးအေးချမ်းစွာ ရေသွန်းလောင်းခြင်းအစဉ်အလာတစ်ရပ်ဖြစ်ရာ ကမ္ဘာတည်သရွေ့တည်ရှိနေရန် လိုအပ်သည်။ အကြောင်းအကျိုးလျော်ညီစွာပင် ဗောဓိညောင်ပင်အခွန့်ရှည်ရှင်သန်ရေးဦးတည်ချက်တစ်ရပ်မှာလည်း ဘုရားရှင်၏ သာသနာတော် နေလိုလလိုထွန်းလင်းထင်ရှားစေခြင်းငှာ ရည်ရွယ်ခြင်းသာဖြစ်သည်။ အမျိုးဘာသာသာသနာတော်ရေရှည်တည်တံ့ရေးကို ဗဟိုပြုသောပွဲတော်တစ်ခုဖြစ်သည့် "ကဆုန်ညောင်ရေသွန်းပွဲတော်" စဉ်ဆက်မပြတ်ဖြစ်ပေါ်ရေး ဗုဒ္ဓဘာသာဝင်သူတော်စင်အပေါင်းမှ လက်ဆင့်ကမ်း၍ မြတ်နိုးစွာထိန်းသိမ်းကြရမည်ဖြစ်ပါကြောင်းဆန္ဒပြုရေးသားလိုက်ရပါသည်။ ။



**➡ ➡ ➡ ကဆုန်လပြည့်နေ့၏ထူးခြားသောဝိသေသလက္ခဏာများမှာ ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်းဖြစ်ပြီး အံ့ဖွယ်ထူးခြား ဘုရားရှင်ပွင့်တော်မူခဲ့ရာ ဗောဓိညောင်ပင်ကို သန့်စင်သောရေဖြင့်၊ အမွှေးနံ့သာရည်များဖြင့်ပက်ဖျန်းသည့် နေ့ထူးနေ့မြတ်အချိန်အခါသမယပင်ဖြစ်. . .**

## ဆောင်းမြေပဲ စတင်နုတ်သိမ်းချိန်တွင် အထွက်နှုန်းကောင်း

ဟိုင်းကြီးကျွန်း မေ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့အတွင်း စိုက်ပျိုးထားသည့်ဆောင်းမြေပဲများအား ယခုအချိန်တွင် စတင်နုတ်သိမ်းနေပြီဖြစ်ရာ မြေပဲအထွက်နှုန်းကောင်းမွန်ကြောင်း မြေပဲစိုက်တောင်သူများထံမှ သိရသည်။

"ဆောင်းမြေပဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ စတင်စိုက်ပျိုးခဲ့တာပါ။ စိုက်ပျိုးပြီး ရက်ပေါင်း ၁၀၀ ကျော်ကြာချိန်မှာ မြေပဲစိုက်ခင်းများကို စတင်နုတ်ယူနေပြီဖြစ်ပါတယ်။ နုတ်ပြီးတဲ့မြေပဲများကို ခြွေကာ အခြောက်လှန်းပြီး မြေပဲဆီကြိတ်စက်များသို့ ပို့ဆောင်ကာ ဆီကြိတ်တာများရှိသလို ကုန်သည်တွေကို တိုက်ရိုက်ရောင်းချတဲ့ တောင်သူတွေလည်း ရှိပါတယ်။ မြေပဲကို အထွက်နှုန်းကောင်းမွန်စေရန် ခပ်ကျဲကျဲစိုက်ပျိုးကြပြီး မစိုက်ပျိုးမီ မြေကိုကြေညက်အောင်ထွန်ယက်ကာ မြေအတွင်း အစိုဓာတ်ရှိနေသည့်အချိန်မှာ စိုက်ပျိုးရပါတယ်။ စိုက်ပျိုးပြီးချိန်မှာလည်း မြေပဲပင်များရောဂါပိုးမွှားမကျရောက်အောင် ဆေးဖျန်းခြင်း၊ မြေဩဇာကျွေးခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်းတို့လုပ်ဆောင်ပေးရပါတယ်" ဟု မြေပဲစိုက်ပျိုးသူတောင်သူ ကိုမင်းမင်းကပြောသည်။

ဟိုင်းကြီးကျွန်းမြို့၌ ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲကိုလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရေး၊ နည်းစနစ်မှန်ကန်စွာစိုက်ပျိုးနိုင်ရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာနှင့်လိုအပ်ချက်များအား ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲစိုက်ဧက ၃၀၁၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ရာသီဥတုကောင်းမွန်ခြင်း၊ နည်းစနစ်မှန်ကန်စွာစိုက်ပျိုးနိုင်ခြင်းများကြောင့် မြေပဲအထွက်နှုန်းကောင်းမွန်ကြောင်း သိရသည်။

(၄၀၇)

⊃ ကျောဖုံးမှအဆက်

အပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ပြီး ထွက်ပြေးတိမ်းရှောင်နေကြသည့် တရုတ်နိုင်ငံသား ၂ ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူလည်းကောင်း၊ မြန်မာနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိသည့် တရားမဝင်တရုတ်နိုင်ငံသား ၂၆ ဦးကိုလည်းကောင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ရှိ ရပ်ကွက်များအတွင်းမှ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့ အတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ဆောင်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးရာ ယနေ့ ညနေ ၄ နာရီ ၁၀ မိနစ်ခန့်တွင် မူဆယ်မြို့၊ တော်ရှက်ရပ်ကွက်၊ ဖွေဟုန်းနယ်မြေရှိ နေအိမ်တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့ပြီး တိမ်းရှောင်ပုန်းခိုနေသည့် တရားမဝင်တရုတ်နိုင်ငံသား ၂ ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့ကို အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ရာတွင် အသုံးပြုသည့်ပစ္စည်းများဖြစ်သော ဖုန်းမျိုးစုံ ၂၄ လုံး၊ All in One ကွန်ပျူတာ ၁၉ လုံး၊ TP Link ၁ လုံး၊ Wifi စက် ၆ လုံးနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ထို့ပြင် မူဆယ်မြို့အတွင်း၌ တရားမဝင်ပြည်ပနိုင်ငံသားများ ရောက်ရှိနေကြောင်း သတင်းအရ ပူးပေါင်းအဖွဲ့က ညနေ ၄ နာရီ ၃၀ မိနစ်ခန့်တွင် ဟိုမွန်ရပ်ကွက်ရှိ နေအိမ်တစ်လုံးအား ထပ်မံစစ်ဆေးရာ အဆိုပါနေအိမ်အတွင်းမှ နိုင်ငံအတွင်း တရားမဝင်ဝင်ရောက်နေထိုင်သည့် တရုတ်နိုင်ငံသား ၂၆ ဦးကို ထပ်မံတွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါ သိမ်းဆည်းရမိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ရာတွင်အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိသူများကိုလည်း ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နောက်ကွယ်မှ ပါဝင်ပတ်သက်သူများကိုလည်း စိစစ်ဖော်ထုတ်ကာ တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံအတွင်းသို့ရောက်ရှိနေပြီး အွန်လိုင်းလိမ်လည်လောင်းကစားမှုတွင် တစ်နည်းနည်းဖြင့် ပါဝင်ပတ်သက်နေသည့် ပြည်ပနိုင်ငံသားများကိုလည်း တရားဥပဒေနှင့်အညီစစ်ဆေးကာ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ၊ အဓိကပြစ်မှုကျူးလွန်ခဲ့သူများကိုလည်း ဖမ်းဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာအစိုးရအဖွဲ့ထံ တရားဝင်လွှဲပြောင်းပေးခြင်းများနှင့် တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သူများနှင့် တရားမဝင်ပြည်ပနိုင်ငံသားများ ဖမ်းဆီးရမိသည့်ဖြစ်စဉ်နေရာပြပုံ။








မူဆယ်မြို့၊ တော်ရှက်ရပ်ကွက်ရှိနေအိမ်၌ တရားမဝင်တရုတ်နိုင်ငံသား ၂ ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့အား အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုကို တွေ့ရစဉ်။



အွန်လိုင်းလိမ်လည်လောင်းကစားမှုများပြုလုပ်ခဲ့သည့် တရားမဝင်တရုတ်နိုင်ငံသား ၂ ဦးနှင့် မြန်မာနိုင်ငံသား ၁၂ ဦးတို့ တိမ်းရှောင်ပုန်းခိုနေသည့် မူဆယ်မြို့၊ တော်ရှက်ရပ်ကွက်ရှိနေအိမ်အား တွေ့ရစဉ်။



မူဆယ်မြို့၊ ဟိုမွန်ရပ်ကွက်ရှိနေအိမ်၌ ဖမ်းဆီးရမိသည့် တရားမဝင်တရုတ်နိုင်ငံသား ၂၆ ဦးကို တွေ့ရစဉ်။

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၄-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၆၆၈ | ၄၈၅၅ | ၄၇၉၅ | ၄၆၈၅ | ၄၈၆၀ | ၄၈၇၀ | ၄၉၂၀ | ၄၇၆၅ | ၄၉၂၀ | ၅၂၄၀ | ၄၇၉၀ | ၄၉၀၅ | ၄၈၉၅ | ၄၈၄၅ | ၄၈၄၅ | ၅၀၆၀ |
| 95 Ron | ၄၉၀၉ | ၅၀၉၀ | ၅၀၃၀ | ၄၉၂၀ | ၅၀၉၅ | ၅၁၀၅ | ၅၁၅၅ | ၅၀၀၀ | ၅၁၅၅ | ၅၄၇၅ | ၅၀၂၅ | ၅၁၁၀ | ၅၁၃၀ | ၅၀၈၀ | ၅၀၈၅ | ၅၂၉၅ |
| HSD (500 ppm) | ၅၇၅၂ | ၅၉၃၀ | ၅၈၇၀ | ၅၇၆၅ | ၅၉၃၀ | ၅၉၄၀ | ၅၉၉၀ | ၅၈၄၅ | - | ၆၂၉၅ | ၅၈၆၅ | ၆၂၇၀ | ၅၉၆၅ | ၅၉၂၀ | ၅၉၂၀ | ၆၁၂၀ |
| HSD (50 ppm) | ၇၀၁၂ | ၇၂၈၅ | ၇၁၄၅ | ၇၀၃၅ | ၇၂၁၀ | ၇၂၂၀ | ၇၂၇၀ | ၇၁၁၅ | ၇၂၇၀ | ၇၅၉၀ | ၇၁၄၀ | ၇၂၇၅ | ၇၂၄၅ | ၇၁၉၅ | ၇၂၀၀ | ၇၄၁၀ |
| HSD (10 ppm) | ၇၀၁၂ | ၇၂၈၅ | ၇၁၄၅ | ၇၀၃၅ | ၇၂၁၀ | ၇၂၂၀ | ၇၂၇၀ | ၇၁၁၅ | | ၇၅၉၀ | ၇၁၄၀ | ၇၂၇၅ | ၇၂၄၅ | ၇၁၉၅ | ၇၂၀၀ | ၇၄၁၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၂၉ | ၄၅၅၂ |
| 95 Ron | ၄၆၆၀ | ၄၇၈၇ |
| HSD (500 ppm) | ၅၄၉၅ | ၅၆၃၅ |
| HSD (50 ppm) | ၆၇၀၂ | ၆၈၆၆ |
| HSD (10 ppm) | ၆၇၀၂ | ၆၈၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း

လုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါဆိုင်ရာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တက်ရောက်

နေပြည်တော် ဧပြီ ၂၉

ထိုင်းနိုင်ငံအစိုးရ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Pattana Promphat ၏ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ဘန်ကောက်မြို့ Eastin Grand Hotel Phayathai တွင် ဧပြီလ ၂၈ရက်မှ ၃၀ရက်အထိ ကျင်းပသည့် ၂၀၂၆ ခုနှစ် ကမ္ဘာ့အသည်းရောင်ရောဂါဆိုင်ရာညီလာခံသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်သည်။



ညီလာခံသို့ အာဆီယံနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများမှ ကျန်းမာရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနအတွင်းဝန်များ၊ ကျန်းမာရေးဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၊ World Hepatitis Alliance မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) အရှေ့တောင်အာရှနှင့် အနောက်ပစိဖိတ်ဒေသဆိုင်ရာရုံးမှ ဒေသဆိုင်ရာညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသော အသည်းအထူးကုဆေးပညာရှင်များ၊ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် "Elimination for Everyone, Everywhere, Right Now" ဆောင်ပုဒ်နှင့် အညီကျင်းပသော ယနေ့အခမ်းအနားသည် အသည်းရောင်ရောဂါတိုက်ဖျက်ရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ နောက်ကျမကျန်ရစ်စေရေး မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်ချက်များနှင့်လည်း များစွာတူညီမှုရှိပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင်မြန်မာနိုင်ငံ၌ အသည်းရောင်ရောဂါ ကင်းဝေးရေးပန်းတိုင်ရရှိနိုင်ရန် ကျန်းမာရေးဝန်ကြီးဌာနမှ သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များ အားကောင်းလာစေရေးနှင့် လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage–UHC) ရရှိစေရေး အခြေခံလိုအပ်ချက်ဖြစ်သည့် အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်ပေါ်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ အသည်းရောင်ရောဂါကာကွယ်ကုသမှုလုပ်ငန်းများတွင်အောင်မြင်တိုးတက်မှုများအနေဖြင့် အခမဲ့အသည်းရောင်ရောဂါစီပိုးကုသမှုကို ၂၀၂၅ ခုနှစ်တွင် နိုင်ငံတစ်ဝန်း ပြည်သူ့ဆေးရုံ ၃၆ ရုံအထိ တိုးချဲ့ဆောင်ရွက်နိုင်ခဲ့ပြီး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူလူထုနှင့်ပိုမိုနီးကပ်စွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အသည်းရောင်ရောဂါဘီဖြစ်ပွားမှုနှုန်းနှင့် အသည်းရောင်ရောဂါစီဖြစ်ပွားမှုနှုန်းများ တစ်နှစ်ထက်တစ်နှစ် သိသိသာသာကျဆင်းလာသည်ကို တွေ့ရှိရပါကြောင်း။

အသည်းရောင်ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ လူတိုင်းလက်လှမ်းမီစေရေး အသည်းရောင်ရောဂါဆိုင်ရာ အမျိုးသားမဟာဗျူဟာစီမံကိန်းချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံအသည်းရောဂါ ဖောင်ဒေးရှင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍လည်း ရောဂါကာကွယ်ကုသရေးလုပ်ငန်းများအား အရှိန်အဟုန်မြင့်တွန်းအားပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ညီလာခံမှတစ်ဆင့် တက်ရောက်လာကြသော နိုင်ငံအသီးသီးမှကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံး အသည်းရောင်ရောဂါကာကွယ်ကုသရေးအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Pattana Promphat နှင့် မြန်မာ-ထိုင်း နှစ်နိုင်ငံကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုပူးပေါင်းမြှင့်တင်ဆောင်ရွက်နိုင်ရေး သီးခြားတွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံဆွေးနွေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံသားများ၏မျှော်မှန်းလူ့သက်တမ်းတိုးမြင့်လာစေရေး၊ ပြည်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး မူဝါဒများချမှတ်၍ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများ၊ လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသည့် နှစ်နိုင်ငံနယ်စပ်ဒေသ ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ထားဝယ်ဆေးရုံအဆင့်မြှင့်တင်ရေးစီမံကိန်းနှင့် ဆရာဝန်၊ သူနာပြုများအား လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများပို့ချနိုင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစနစ် အဆင့်မြှင့်တင်ရေးနှင့်လူတိုင်းလက်လှမ်းမီလွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage–UHC) ပန်းတိုင်ရရှိရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံကျန်းမာရေးကဏ္ဍတွင် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးအခြေအနေများနှင့်ပတ်သက်သည့် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အထူးအစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့ပါဝင်တက်ရောက်

နေပြည်တော် ဧပြီ ၂၉







အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်နေသည့် ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ အွန်လိုင်းစနစ်ဖြင့် ယနေ့တွင်ကျင်းပသည့် အရှေ့အလယ်ပိုင်းဒေသ၏ နောက်ဆုံးအခြေအနေများနှင့် ပတ်သက်သည့် အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့် သစ်တောဆိုင်ရာဝန်ကြီးများ အထူးအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

အစည်းအဝေးသို့ အာဆီယံ လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ အာဆီယံစားရေရိက္ခာဖူလုံရေး သတင်းအချက်အလက်စနစ် အတွင်းရေးမှူးရုံးနှင့် အာဆီယံအပေါင်းသုံးအရေးပေါ် ဆန်အရန်ရိက္ခာထားရှိရေး အတွင်းရေးမှူးရုံးတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အရှေ့အလယ်ပိုင်းဒေသ၏ လက်ရှိပဋိပက္ခများကြောင့် ဖြစ်ပေါ်လာနိုင်သည့် စားရေရိက္ခာဖူလုံမှုနှင့် စွမ်းအင်လုံခြုံမှုဆိုင်ရာစိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရေး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား နီးကပ်စွာပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာနိုင်ငံအနေဖြင့် လက်ရှိနွေရာသီစိုက်ပျိုးထုတ်လုပ်မှုတွင် ယခင်လက်ကျန်စက်သုံးဆီနှင့် ဓာတ်မြေဩဇာများ အသုံးပြုဆောင်ရွက်နေရာ ထုတ်လုပ်မှုကို များစွာမထိခိုက်နိုင်သေးသော်လည်း လာမည့်မိုးရာသီစိုက်ပျိုးထုတ်လုပ်မှုတွင် စက်သုံးဆီနှင့် ဓာတ်မြေဩဇာအခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အဆိုပါစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် မြန်မာနိုင်ငံအနေဖြင့် စက်မှုလယ်ယာသုံးဆီများကို အရန်အဖြစ်ထားရှိကာ အမှန်စိုက်တောင်သူများကို သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးရေးနှင့် အာဆီယံဒေသတွင်းနိုင်ငံများမှ စက်သုံးဆီကူညီပံ့ပိုးမှုရယူ၍ ရိတ်သိမ်းခြွေလှေ့စက်များအသုံးချနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓာတ်မြေဩဇာလိုအပ်ချက်အတွက် အာဆီယံနိုင်ငံများအကြားမျှတစွာခွဲဝေပံ့ပိုးနိုင်ရေးနှင့်အော်ဂဲနစ်သဘာဝမြေဩဇာများ အစားထိုးအသုံးပြုနိုင်ရေးနည်းပညာဖြန့်ဖြူးမှုများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း။

ဒေသတွင်းစားရေရိက္ခာဖူလုံမှုကို ပိုမိုခိုင်မာစေရေး အာဆီယံအပေါင်းသုံးအရေးပေါ် ဆန်အရန်ရိက္ခာစနစ်ကိုမြှင့်တင်ရန်၊ သတင်းအချက်အလက်စနစ်မှတစ်ဆင့် အချက်အလက်မျှဝေရန်နှင့် အာဆီယံကုန်စည် ကုန်သွယ်ရေးသဘောတူညီချက်အရ ပွင့်လင်းသောကုန်သွယ်မှုကိုဖော်ဆောင်ရန်အချက်များကို မြန်မာနိုင်ငံက ထောက်ခံပါကြောင်း၊ မိမိတစ်နိုင်ငံတည်းအတွက်သာမက အာဆီယံအသိုက်အဝန်းတစ်ခုလုံး စားရေရိက္ခာဖူလုံစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ပြီး အာဆီယံနိုင်ငံများအနေဖြင့်အာဆီယံစိတ်ဓာတ်ဖြင့်အပြန်အလှန်ပူးပေါင်းကူညီဆောင်ရွက်ကြရန်လိုအပ်ကြောင်း အလေးအနက်ထားပြောကြားသည်။

အစည်းအဝေးတွင် အရှေ့အလယ်ပိုင်းဒေသ၌ ဖြစ်ပွားနေသည့် ပဋိပက္ခများနှင့်စပ်လျဉ်း၍ ဧပြီလ ၂၃ရက်တွင် ကျင်းပခဲ့သည့် အဆင့်မြင့်အရာရှိများ အထူးအစည်းအဝေး၏အစီရင်ခံစာကို တင်ပြဆွေးနွေးခြင်း၊ အာဆီယံလယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဆိုင်ရာဝန်ကြီးများ အထူးအစည်းအဝေး၏ ပူးတွဲသတင်းထုတ်ပြန်ချက်ကို အတည်ပြုခြင်းများဆောင်ရွက်ကြပြီး ဖိလစ်ပိုင်နိုင်ငံမှ သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

အာဆီယံစားရေရိက္ခာဖူလုံမှု၊ မြေဩဇာရရှိရေးပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းတုံ့ပြန်မှုများနှင့်စပ်လျဉ်း၍ တိုးမြှင့်ဆောင်ရွက်နိုင်ရန်ဝန်ကြီးများက အမြင်ချင်းဖလှယ်ဆွေးနွေးခြင်း၊ လက်ရှိစားရေရိက္ခာဖူလုံမှုအခြေအနေ၊ ကြိုတင်ပြင်ဆင်ထားရှိမှု၊ လက်ရှိဆောင်ရွက်နေသောနည်းလမ်းများ၊ မူဝါဒလုပ်ငန်းစဉ်များနှင့် မဟာဗျူဟာကျသော တုံ့ပြန်မှုများကိုဆွေးနွေးရန် ရည်ရွယ်၍ အစည်းအဝေးကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၂)သင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၂)သင်တန်းဆင်းပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၂)သင်တန်းဆင်းပွဲ ကျင်းပစဉ်။



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံ သင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၂၂)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

○ **ကျောဖုံးမှအဆက်**

သင်တန်းသားများက နိုင်ငံတော်အလံကို ကိုင်၍ ကတိသစ္စာခံယူ ကြသည်။ ထို့နောက် သင်တန်းကျောင်းများအလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်းအမှာစကားများ အသီးသီးပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆု ရရှိသူများအားဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်း ခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရှိရသည်။

နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရပါသည်----

“ဒီပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၂၂)မှာ ရရှိခဲ့တဲ့ဆုကတော့ လက်ဖြောင့်

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV–HD Channel)မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့်စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ မေလ (၁)ရက်နေ့တွင် ရောက်ရှိမည့် ကမ္ဘာ့အလုပ်သမားနေ့အထိမ်းအမှတ် ဂုဏ်ပြုအစီအစဉ်အဖြစ် (၁–၅–၂၀၂၆)ရက်(သောကြာနေ့)ညတွင် အလုပ်သမားနေ့နှင့် သက်ဆိုင်သည့် တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပ/ဌာနအဆိုရှင်များဖြင့် စုပေါင်း၍ **“လုပ်သားညီညီရှေ့သို့ချီ”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်–

**(၁–၅–၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “လုပ်သားညီညီရှေ့သို့ချီ” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၁)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | လုပ်သားညီညီရှေ့သို့ချီ | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၂။ | ကိုယ်ချစ်တဲ့သူ | ပြင်ပအဆိုရှင် |
| ၃။ | လူချွန်လူကောင်း | ပြင်ပအဆိုရှင် |
| ၄။ | နေရစ်တော့ခေတ်ဟောင်း | ပြင်ပအဆိုရှင် |
| ၅။ | မောင်အလုပ်သမား | ပြင်ပအဆိုရှင် |
| ၆။ | အသီးတစ်ရာအညှာတစ်ခု | ပြင်ပအဆိုရှင် |
| ၇။ | ရှေ့သို့ညီညီချီပါလေ | ပြင်ပအဆိုရှင် |
| ၈။ | စည်းကမ်း | ပြင်ပအဆိုရှင် |
| ၉။ | ဤမြေသည်ရွှေပြည်တန် | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |
| ၁၀။ | ဒို့အလုပ်သမား | ဌာနအဆိုရှင် |
| ၁၁။ | ခေတ်မီစက်မှုနိုင်ငံတည်ဆောက်ရန် | တူယှဉ်နွဲ့ပျော် ဂီတပွဲတော် ဆုရအဆိုရှင် |

## မိုးထစ်ချုန်း ရွာမည်

နေပြည်တော် ဧပြီ ၂၉

ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင်နေရာကျဲကျဲ၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့်ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

(မိုး/ဇလ)

➤ **ရှေ့ဖုံးမှအဆက်**

ကုန်းတွင်းရေနံမြေများမှ ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ မအူပင်(တောင်)ရေနံနှင့်သဘာဝဓာတ်ငွေ့မြေရှိ တွင်းအမှတ်(၁၄)မှပါးလွှာသဲကြောများအား သုတေသနပြုဆန်းစစ်ပြီး ဖောက်ယူရာမှ ယမန်နေ့တွင် သဘာဝဓာတ်ငွေ့ ကုဗပေ ၂ သန်းခန့် ထုတ်လုပ်နိုင်ခဲ့သည်။ လက်ရှိတိုးတက်ထွက်ရှိလာသည့် သဘာဝဓာတ်ငွေ့များအား ရန်ကုန်မြို့ရှိ ရွာမသဘာဝဓာတ်ငွေ့ထိန်းဖြန့်စခန်းမှတစ်ဆင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေး ဖြန့်ဖြူးပေးလျက်ရှိသည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ အဖျောက်၊ မအူပင်ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် ပါးလွှာသဲကြောများကို သုတေသနပြုဆန်းစစ်ပြီး ထုတ်လုပ်ရရှိသည့်သဘာဝဓာတ်ငွေ့များကို ရန်ကုန်မြို့ရှိ CNG သုံး မော်တော်ယာဉ်များ၊ ဓာတ်မြေသြဇာစက်ရုံများ၊ ရန်ကုန်တိုင်းဒေသကြီးနှင့်ဧရာဝတီတိုင်းဒေသကြီးတို့အတွင်းရှိ စက်ရုံများ၊ ရေနံဓာတ်ငွေ့ရည်စက်ရုံများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးကဏ္ဍတို့တွင် ဖြန့်ဖြူးသုံးစွဲလျက်ရှိကြောင်း သိရသည်။

မြဝတီ



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)မှသင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များ စားသောက်ဖွယ်ရာများ သုံးဆောင်စဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲကျင်းပစဉ်။





တပ်သားဆုပဲဖြစ်ပါတယ်။ ကျွန်တော် ဒီဆုကိုရအောင် သင်တန်းမှာရှိတဲ့ ဆရာ၊ ဆရာကြီးတွေ သင်ကြားပို့ချမှုကောင်းပြီး ကျွန်တော်ကိုယ်တိုင်ကလည်း ကြိုးစားအားထုတ်မှုကြောင့် ဒီဆုကိုရရှိခဲ့တာဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်တို့ စပြီးတော့ သင်တန်းစတက်ကာစကတော့ ဒီသင်ခန်းစာတွေလုပ်ရတာ ခက်ခဲပါတယ်၊ ပင်ပန်းပါတယ်။ ဒါပေမဲ့ ဒီက ဆရာ၊ ဆရာကြီးတွေ သင်ကြားပြသပေးတဲ့နည်းစနစ်အတိုင်း တိကျစွာလိုက်နာပြီး လုပ်ဆောင်တဲ့အခါမှာတော့ ကျွန်တော်တို့ နောက်ပိုင်းမှာ ကောင်းကောင်းမွန်မွန်နဲ့အောင်မြင်စွာ ကျွန်တော်တို့ ဒီသင်တန်းကို ပြီးဆုံးအောင် တက်ရောက်နိုင်ခဲ့ပါတယ်ခင်ဗျ။ ကျွန်တော် အရပ်သားဘဝမှာနေခဲ့တုန်းကတော့ တစ်နေ့တာကို စိတ်လွတ်ကိုယ်လွတ်နဲ့ ဖြတ်သန်းခဲ့ပါတယ်။ စည်းကမ်းဆိုတာ ဘာမှန်းမသိခဲ့ပါဘူးခင်ဗျ။ ပေါ့ပေါ့ပါးပါးနဲ့ ဖြတ်သန်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီတပ်မတော်ထဲရောက်ခဲ့တဲ့အချိန်မှာတော့ အစစအရာရာမှာ စည်းနဲ့ကမ်းနဲ့ အချိန်နဲ့ဇယားနဲ့နေထိုင်လုပ်ဆောင်ခဲ့ရပါတယ်၊ ဒီသင်တန်းဆင်းပြီးလို့ တာဝန်ကျရာတပ်မှာ တာဝန်ထမ်းဆောင်တဲ့အချိန်မှာတော့ ပေးအပ်တဲ့အမိန့်တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်မယ်လို့ ကျွန်တော် ခံယူထားပါတယ်ခင်ဗျ။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ ဒီပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့အတွက်ကျွန်တော်တို့ ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို ပြည်သူတစ်ယောက်အနေနဲ့ မဖြစ်မနေ လာရောက်တက်ရောက်ကြပါလို့ နောက်လာမယ့် ညီငယ်လေးတွေကို ဖိတ်ခေါ်ချင်ပါတယ်ခင်ဗျ”ဟု ပြောသည်။

“ဒီသင်တန်းကို တက်ရတဲ့ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ နိုင်ငံတော်ကနေ ထုတ်ပြန်ထားတဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေအရရော၊ ကျွန်တော်တို့ ဒီနိုင်ငံသားတစ်ယောက်ရဲ့ တာဝန်ကျေပွန်မှုအတွက်ရောလာရောက်ရခြင်းဖြစ်ပါတယ်ခင်ဗျ။ နိုင်ငံတော်တာဝန်ကို သင်တန်းဆင်းပြီးတော့ စတင်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ကတော့ ရင်လည်းခုန်ပါတယ်။ စိတ်လည်းလှုပ်ရှားပါတယ်။ နောက်တစ်ခုကကျတော့ ကျွန်တော်တို့ဂုဏ်လည်းယူမိပါတယ်။ နိုင်ငံတော်တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်ဖို့လည်း ကျွန်တော် ရည်ရွယ်ထားပါတယ်၊ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁) ဆင်းသွားတဲ့ အိမ်ပြန်ခရီးစဉ်လေးတွေကို ကျွန်တော်တို့ကြည့်ရတာ အင်မတန်မှ ဂုဏ်ယူဖို့လည်းကောင်းပါတယ်။ အားရဖို့လည်းကောင်းပါတယ်၊ ကျွန်တော်တို့ အမှတ်စဉ်(၂၂) အနေနဲ့လည်း အမှတ်စဉ် (၁) က ဆင်းသွားတဲ့အတိုင်း အဆင်ပြေပြေနဲ့ ကျွန်တော်တို့ တာဝန်ကျေကျေနဲ့ ထမ်းဆောင်သွားဖို့လည်း ရည်ရွယ်ထားပါတယ်၊ နောက်ထပ်လာမယ့်အပတ်စဉ်ညီငယ်လေးတွေကိုလည်း နိုင်ငံတော်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပြီးတော့ ကျွန်တော်တို့ပြည်သူ့စစ်မှုထမ်းကို အကောင်းဆုံး ထမ်းဆောင်နိုင်ပါစေလို့ တိုက်တွန်းချင်ပါတယ်ခင်ဗျ” ဟုပြောသည်။

ထို့နောက် ညပိုင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများကို သင်တန်းကျောင်းအသီးသီး၌ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

## ရေဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ ဒေသခံကော်မတီအဖွဲ့ဝင်များက နောင်ချိန်းကျေးရွာအုပ်စုအတွင်းရှိ ယာယီနေရပ်စွန့်ခွာမိသားစုများနှင့် ဒေသခံပြည်သူလူထုများအား တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကျင်းပ

မြစ်ကြီးနား မေ ၂၉

ရေဝတီမြစ်ဆုံ -မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ စီမံကိန်းဆိုင်ရာအထောက်အကူပြုရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကချင်ပြည်နယ် ဒေသခံကော်မတီအဖွဲ့ဝင်များက စီမံကိန်းနှင့်ပတ်သက်၍ ဝိုင်းမော်မြို့နယ် နောင်ချိန်းကျေးရွာအုပ်စုအတွင်းရှိယာယီနေရပ်စွန့်ခွာမိသားစုများ၊ ဒေသခံပြည်သူလူထုများအား တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ညနေပိုင်းက နောင်ချိန်းကျေးရွာ ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများ၊ ဒေသခံကော်မတီအဖွဲ့ဝင်များ၊ လုပ်ငန်းအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ကျေးရွာနေပြည်သူများ၊ ကျေးရွာအုပ်စုအတွင်းရှိ ယာယီနေရပ်စွန့်ခွာစခန်း ၁၉ ခုနှင့် နောင်တာလောစခန်းတို့မှ အိမ်ထောင်စုများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ခေတ်တွင် လျှပ်စစ်စွမ်းအားသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်သကဲ့သို့ ဒေသဖွံ့ဖြိုးရေး၊ လူမှုစီးပွားဘဝမြင့်မားရေးအတွက် အရေးကြီးသည်ကို အားလုံးက သိရှိနားလည်လက်ခံရမည်ဖြစ်ကြောင်း၊ နောင်လာမည့်မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သည့် အခွင့်အလမ်းများရရှိနိုင်စေရန် စီမံကိန်းကို ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်းပြောကြားသည်။

ထို့နောက် ကျေးရွာအုပ်စုအတွင်းရှိ ယာယီနေရပ်စွန့်ခွာစခန်း ၁၉ ခုမှ သဘာဝဘေးကြောင့် ထိခိုက်ခဲ့ရသည့် ယာယီနေရပ်စွန့်ခွာအိမ်ထောင်စုများအတွက် ဆန်၂၄ ပြည်ပါ အိတ် ၅၀၀ နှင့် လေပြင်းတိုက်ခတ်ခဲ့မှုကြောင့် ယာယီစခန်းအတွင်း အမိုးအကာပျက်စီးသွားသည့် အိမ်ထောင်စုများအတွက် ငွေကျပ်သိန်း ၂၀၀ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒေသခံကော်မတီအဖွဲ့ဝင်များက ရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ နည်းပညာဆိုင်ရာများ၊ ဘူမိဗေဒဆိုင်ရာတွေ့ရှိချက်များ၊ ဆည်တာတမံကြီးများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းဆွေးနွေးကြရာ ဒေသခံပြည်သူများက ရေအားလျှပ်စစ်စီမံကိန်းနှင့်စပ်လျဉ်း၍ စိုးရိမ်ပူပန်နေမှုများနှင့် ဒေသခံပြည်သူလူထုဘက်မှ အကျိုးခံစားခွင့်ဆိုင်ရာများကို မေးမြန်းဆွေးနွေးကြရာ ဒေသခံကော်မတီအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးပေးကြသည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များ၏ ဩဝါဒခံယူပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ပြင်ဦးလွင်၊ အင်းလေး၊ ငွေဆောင်၊ နေပြည်တော်အပန်းဖြေစခန်းတို့သို့ သွားရောက်ကြမည့် လူရည်ချွန်မောင်မယ်များနှင့် ကြီးကြပ်ရေးဆရာ၊ ဆရာမများအတွက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၄၃ သိန်းပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Foreign and Myanmar citizens, who absconded after running online scam and gambling business and illegal immigrants arrested in Muse

NAY PYI TAW April 29

The Myanmar government has been annihilating online scam and gambling, which constitute a severe, multifaceted menace to the world, in all seriousness, as a national task, and cooperating and coordinating with governments of the neighouring countries, alongside the internal forces in energetically crushing and preventing the illegal business from taking foothold in Myanmar.

Two male Chinese citizens and 12 male Myanmar citizens who absconded after operating online scam and gambling were captured together with related equipment, and 26 illegal Chinese immigrants were also apprehended this evening at the relevant wards in Muse, Shan State (North).

Acting on information that an online scam and gambling business was in operation in Muse, Shan State (North), a combined team comprising security forces searched a house in Phwayhon area, Tawywet Ward, Muse, and found and arrested two male Chinese citizens and 12 male Myanmar citizens who absconded and were hiding after operating online scam and gambling together with the items related with the illegal business, which were, 24 assorted phones, 19 All in One computers, one TP Link, six Wifi boxes, in it at about 4.10 pm.

Arrest of 2 illegal Chinese nationals and 12 Myanmar nationals along with equipment used in online gambling scams at a house in Tawywet Ward, Muse.



Two Chinese nationals and 12 Myanmar nationals.



View of a house in Homon Ward, Muse, where 26 illegal Chinese nationals were found hiding.

On a tip that there were illegal foreigners in Muse, the combined team inspected a house in Homon Ward at 4.30 pm and another 26 Chinese citizens who illegally entered Myanmar were found and detained.

It is reported that the seized related-devices used in online gambling will be dealt with in accordance with rules and regulations and action will be taken against the detainees in accordance with the law while effective measures will be taken against those who were involved behind the scene after exposing them in accordance with the law.

The government of Myanmar has been actively cooperating in combat against online scams and gambling while investigating, in accordance with the law, foreigners who arrived in Myanmar for various reasons and were involved in online scams and gambling through one way or another and repatriating them to relevant countries on humanitarian grounds and for friendship among countries. It is reported that main culprits were also detained and repatriated to relevant governments officially and effective legal action was taken against them accordingly. **100**

# Yekyi Township dispatches large quantities of rice bags to Yangon market

YEKYI April 29

"Local traders from Yekyi Township of Ayeyawady Region sent a large number of 90-day rice bags to Yangon market."said Daw Kathy Lin, the owner of rice and paddy trading depot in Yekyi Township.

67,000 bags of 90-day rice (24 pyi per bag) were exported and sold from Yekyi Township to the Yangon market within the month.

"Purchasing by the Yangon rice and paddy market began to increase starting from the first week of last month. We were able to export more than 67,000 bags of 90-day rice (24 pyi per bag) to the Yangon market. Rice and paddy from Yekyi Township are being bought for the domestic Yangon rice market. The Yangon rice and paddy market is currently purchasing large quantities of rice bags. The rice being exported is of good quality," said Daw Kathy Lin.

The price of 90-day rice exported from Yekyi Township to the Yangon market reached up to Ks-97,000 per 24-pyi bag. Due to continuous exports, traders, farmers, truck drivers and loading and unloading workers are all operating smoothly in their businesses.

**SMK**

# Monywa District grows more than 1,800 acres of chilli

MONYWA April 29

Local farmers cultivated 1,804 acres of chilli as cold season crop in Monywa District of Sagaing Region, according to the district Agriculture Department.

During the 2025-2026 winter crop season, Monywa District has targeted 1,966 acres of chilli cultivation. Planting began in October 2025, and to date, a total of 1,804 acres have been cultivated — 428 acres in Monywa Township, 321 acres in Budalin Township, 29 acres in Ayadaw Township, and 1,026 acres in ChaungU Township.

"We targeted 1,966 acres of chilli cultivation in Monywa District during the winter crop season and have successfully planted 1,804 acres. The condition of the chilli crops is good. We have also undertaken measures to promote commercial cultivation of chili," said Daw San San Myint, District Head of the Monywa District Department of Agriculture.

For the 2025-2026 winter crop season, the township-wise targets for chilli cultivation in Monywa District are 610 acres in Monywa Township, 320 acres in Budalin Township, 27 acres in Ayadaw Township, and 1,009 acres in ChaungU Township, totalling 1,966 acres.

To ensure good yields and secure market access for chilli growers, staff members from the respective district and township Departments of Agriculture have provided technical assistance on cultivation methods, pest prevention and control, and soil nutrient management.

**SK**

# Htigyaing Township expands sown acreage of vegetables more than the target

HTIGYAING April 29

Local farmers cultivate vegetables on the croplands exceeding the target cultivation in Htigyaing Township of Sagaing Region this year, according to the township Agriculture Department.

Local authorities set a plan to grow 1,825 acres of vegetables in Htigyaing Township of Sagaing Region in 2025-2026 season. But, farmers started cultivation of crops in October 2025, and so far, they have planted 2,400 acres of crops, exceeding the target cultivation.

During the winter crop cultivation season in Htigyaing Township, 1,825 acres were initially earmarked for vegetable cultivation, but farmers were able to cultivate a total of 2,400 acres, exceeding the original target. The vegetables grown include mustard greens, chili, culinary herbs and spices, potatoes, cabbage, eggplant, and gourds. Farmers were provided with technical assistance to ensure that all vegetables were cultivated using the GAP (Good Agricultural Practices) system. Technical guidance was also given to help farmers grow vegetables in a health-compliant manner with minimal chemical residues," said U Ko Ko Aung, Township Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, the Township Department of Agriculture is providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables harvested from farms are healthy and safe for consumption, and supporting farmers in expanding vegetable cultivation.

Vegetables of various types are grown seasonally each year in Htigyaing Township. These crops have been successfully cultivated, enabling farmers to earn household income. The Township Department of Agriculture is also providing education and guidance to farmers intending to grow vegetables on proper cultivation techniques, pest prevention, and the production and use of natural fertilizers, natural pesticides, and pest control solutions.

**SK**

# Kyaiklat Township supplies featherback fish to Yangon market



KYAIKLAT April 29

Daw Htay Htay Aye, the trader of marine product in Kyaiklat Township of Ayeyawady Region, stated that local merchants shipped a large volume of featherback fish to Yangon market.

Seafood traders from Kyaiklat Township are systematically inspecting featherback fish (nga hpe) before exporting and selling them to the Yangon market. About 65,000 viss of featherback fish were exported and sold to the Yangon market.

"Exports of featherback fish to the Yangon market have been strong since around the first week of last month. During the past month alone, about 65,000 viss were exported and sold. These are good-quality fish. Orders for featherback fish from the Yangon market have continued to increase into March. Because larger quantities of fish are being exported, people involved in the fishery-related businesses are also seeing improved livelihoods," said Daw Htay Htay Aye.

Featherback fish produced in Kyaiklat Township and exported to the Yangon market are currently priced at Ks-17,500 to Ks-22,000 per viss. Due to the increased export of seafood products from the township to the Yangon market, dried-fish business operators, fishermen, and workers in the fish processing sector are also benefiting.

**SK**

# Sweet corns in high demand at domestic market in Pathein Township

PATHEIN April 29

Daw Aye Aye Moe, the agricultural produce trading in Pathein Township of Ayeyawady Region said that sweet corns trading is higher at the domestic market in Pathein Township.

In Pathein Township, demand for locally produced sweet corn has been strong and trading has remained active from the first week of March up to the present. The increased demand is attributed to stronger purchases not only from local markets but also from buyers in other regions.

"Locally produced sweet corn is being purchased not only in the local market but also by buyers from other regions. Demand has noticeably increased since the first week of this month. In addition to the strong demand, prices have also improved slightly. The Yangon market is actively purchasing sweet corn produced in this area. Because the output of beans has declined, demand for sweet corn has increased and trading has become brisk," said Daw Moe Moe Aye.

Agricultural produce traders in Pathein Township purchase locally produced sweet corn and distribute it to the Yangon market by cargo trucks. The



locally produced sweet corn is reported to be free from pests, and the market price currently ranges from Ks-30,500 to Ks-35,000 per 100 ears.

**SMK**

# Sagaing District grows more than 9,000 acres of soya bean

SAGAING April 29

According to the Sagaing District Agriculture Department, local farmers planted 9,961 acres of soya bean as cold season crops in Sagaing District of Sagaing Region.

During the 2025-2026 winter crop cultivation season, Sagaing District earmarked 10,300 acres for soya bean cultivation. Planting began in October 2025, and as of today, 2,021 acres have been planted in Sagaing Township, 717 acres in Myinmu Township, and 7,223 acres in Myaung Township, bringing the total planted area to 9,961 acres.

"During the winter crop cultivation season in Sagaing District, 10,300 acres were planned for soya bean cultivation, and 9,961 acres have been successfully planted. Awareness activities are also being carried out to prevent pest infestations. Farmers have been encouraged and informed to ensure access to the necessary seeds and to improve their knowledge," said Daw Myat Moe Win, District Head of the Sagaing District Department of Agriculture.

For the 2025–2026 winter crop season, township-level targets for soya bean cultivation in Sagaing District were set at 2,042 acres in Sagaing Township, 742 acres in Myinmu Township, and 7,516 acres in Myaung Township, totalling 10,300 acres.

In Sagaing District, the Township Departments of Agriculture are providing soya bean farmers with education and guidance on obtaining high-quality, pure seed varieties suitable for local conditions, proper cultivation techniques, pest prevention, systematic use of chemical fertilizers, and improving crop yields.

During this year's winter crop cultivation season, in growing various pulse crops, coordination is being carried out with farmers to provide high-quality seeds, necessary inputs, and post-harvest technology training to ensure good yields and quality of pulse crops.

**SMK**



# Putin congratulates Denis Sassou Nguesso on his re-election as President of Congo

MOSCOW April 29

Russian President Vladimir Putin on Wednesday congratulated Congolese President Denis Sassou Nguesso on his re-election.

"I want to congratulate you on the election results. And we are very pleased that after the inauguration you chose Russia as the first foreign country that you visit," Putin said during the meeting with the African country's leader.

Putin has also invited Sassou Nguesso to visit Moscow to attend the Russia-Africa summit scheduled for the fall.

**Sputnik**

# Energy terrorism one of Ukraine's 'Calling Cards' - Russian Foreign Ministry

MOSCOW April 29

Energy terrorism is one of Kiev's calling cards, Russian Foreign Ministry spokeswoman Maria Zakharova said on Wednesday.

"The Zaporozhye region, April 28 – four Ukrainian drones attempted to attack urban infrastructure facilities in Energodar. Mayor Maxim Pukhov said there is an increase in threats to gas stations and a gas distribution station. This is not accidental either, because energy terrorism is also one of the calling cards of the Kiev regime – that is, strikes on infrastructure related to the energy sector," she said at a briefing.

Energodar hosts the Zaporozhye Nuclear Power Plant. It is the largest nuclear plant in Europe in terms of the number of units and installed capacity. The plant has six power units, with a capacity of 1 gigawatt each, all of which are currently in a state of so-called cold shutdown. In October 2022, the nuclear power plant came under Russia's control and has since been routinely targeted in Ukrainian attacks.

**Sputnik**

# Former Thai PM Thaksin to be released on parole on May 11

BANGKOK April 29

The Parole Committee under the Ministry of Justice of Thailand decided on Wednesday to allow former Prime Minister Thaksin Shinawatra to be released on parole on May 11.

According to Thai media reports, the committee held a meeting to review whether nationwide inmates meet the parole criteria, including Thaksin.

The meeting decided that Thaksin would be released on parole on May 11 on the condition that an electronic monitoring device must be worn until the end of the sentence. After being released on parole, he will be under parole supervision for four months.



Under the Corrections Department's criteria, inmates who are eligible for parole must demonstrate good conduct, serve no less than two-thirds of their sentence, or be aged over 70, suffer from chronic diseases or disabilities. The specific circumstances vary from case to case.

Thaksin, now 76 years old, served as the Southeast Asian nation's prime minister from 2001 to 2006. He was ousted by a 2006 coup and fled the country in August 2008.

Thaksin returned to Thailand in August 2023. Upon arrival, he was taken into custody to serve an eight-year sentence. After serving less than a day in jail, he was transferred from a Bangkok prison to the Police General Hospital, citing critical health concerns.

Thaksin's prison sentence was later reduced to one year, following his request for a royal pardon. He was granted parole in February 2024, on the grounds that he was over 70 years old, seriously ill and had served a six-month prison sentence.

**Xinhua**

# Russia to stay in OPEC+, welcomes UAE's responsible role in global energy markets: Kremlin

MOSCOW April 29

Russia will remain in the Organization of the Petroleum Exporting Countries (OPEC) and its allies, known as OPEC+, and welcomes the intention of the United Arab Emirates (UAE) to adopt a responsible stance in global energy markets after leaving the oil alliance, Kremlin spokesman Dmitry Peskov said on Wednesday.

On Tuesday, the UAE announced it would withdraw from OPEC and the broader OPEC+ alliance, effective May 1. The move removes the bloc's third-largest oil producer and further weakens its influence over global oil supplies and prices.

"This is a sovereign decision by the United Arab Emirates. We respect it," Peskov said during his daily press briefing.

"We welcome the statements that came from Abu Dhabi that the Emirates will continue to take a responsible position in the energy markets and coordinate on a bilateral basis," Peskov told the press, adding that Russia expects to maintain ongoing constructive engagement with the UAE, including under the framework of the bilateral energy dialogue.

Moscow hopes the UAE's withdrawal from OPEC+ will not bring the mechanism to an end. "We would very much hope so," Peskov said when asked whether the Kremlin believes the UAE's departure does not spell the end of the OPEC+ grouping.

Peskov described the OPEC+ format as particularly vital amid current market conditions, as global energy markets are in turmoil.

**Xinhua**

# Study finds mother's antibodies shape newborn oral immunity

JERUSALEM April 29

Israeli researchers have discovered that mothers do more than just pass on temporary protection to their babies, but also help shape how the immune system develops for years to come, the Hebrew University of Jerusalem said in a statement on Wednesday.

The study, published in Nature Communications, showed that antibodies called IgG are transferred from mother to baby before birth.

These antibodies reach the newborn's salivary glands and help guide early immune development in the mouth.

According to the researchers, these mother antibodies act like teachers for the infant's immune system, as they help it learn to tolerate harmless bacteria while staying ready to fight harmful germs.

The researchers explained that after birth, antibodies from breast milk continue this process by supporting the growth and strengthening of the protective lining inside the mouth.

The study also found that when mother antibodies are missing or disrupted, the immune system in the mouth becomes more aggressive and the protective barrier is weaker. This can increase the risk of oral diseases later in life.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Experts name a cheap 3p vitamin that can protect your heart and strengthen your bones... but there's one group of people who should be wary of taking it

When it comes to the vitamin alphabet, people usually lose interest by the time they get to 'E' - but there's one that really shouldn't be overlooked.

Vitamin K, which is found in green leafy vegetables, vegetable oils, grains, and in some meats and cheeses, is vital for scores of bodily functions from wound healing to bone regeneration to keeping blood pressure down.

It does the latter by preventing calcium from being deposited on the walls of arteries and other major blood vessels, reducing vascular stiffness and keeping things moving smoothly.



And while the NHS guidelines state that most people can get all of the vitamin they need from food, it's possible to buy supplements for just 3 pence a pill.

Jan Olav Aaseth, a professor at the University of Inland Norway, says the removed calcium goes straight into our bones, effectively making Vitamin K doubly useful.

'Vitamin K is necessary for carrying calcium away from the heart and blood vessels into bone, thereby improving both heart and bone health,' he told The Telegraph.

And while it might seem like you'd need to be taking a fistful of Vitamin K supplements every day to keep your arteries clear and supple, he's adamant that you can get all you need from your diet - if you eat enough vegetables.

'The problem is that modern diets might contain two small amounts of vegetables [per day], for instance, broccoli, that contain Vitamin K,' he explained.

Upping your Vitamin K level isn't just going to help your blood flow more smoothly, it's been linked to a swathe of beneficial health outcomes.

Speaking to the Daily Mail, Professor Penny Ward, a pharmaceutical expert based out of King's College London, said that new studies have positioned it as a tool to stave off dementia.

She said: 'Observational studies suggest that adults eating a diet rich in vitamin K live longer and are less likely to develop heart disease or dementia.'

Ms Ward added that this is because Vitamin K can help 'preserve normal brain function by preventing brain cell death' and assists with clearing toxic amyloid proteins from the brain.

Earlier this year, researchers found that following the MIND diet could reduce people's Alzheimer's risk by more than half - and Vitamin K-rich foods feature heavily on the menu.

The MIND diet – which stands for Mediterranean-DASH Intervention for Neurodegenerative Delay diet – was developed by researchers at Rush University and the Harvard Chan School of Public Health, and combines elements of the Mediterranean and DASH (Dietary Approaches to Stop Hypertension) diets, focusing on foods that research suggests help preserve brain function.

In the first analysis of its benefits, published in the journal Alzheimer's & Dementia in 2015, more than 900 participants were monitored for an average of four-and-a-half years. Those who adhered to the diet most strictly reduced their risk by 53 percent.

But that's not the only way that Vitamin K can boost your health.

Ms Ward said: 'General health benefits include a reduction in inflammatory proteins and improvement in insulin sensitivity which may reduce the risk of type 2 diabetes.

'Vitamin K has a beneficial effect on a variety of body proteins which help to preserve healthy bone mass and, importantly, prevent the build up of calcium deposits in arteries which can lead to heart attacks and strokes.'

But what exactly is Vitamin K - and how can we make sure we are getting enough of it?

A fat-soluble vitamin - which means it can be stored by the body - it exists in two forms: Vitamin K1 and Vitamin K2.

Vitamin K1 is found mainly in leafy green vegetables - Brussels sprouts, broccoli, asparagus and green cabbage - while Vitamin K2 comes from fermented foods and animal products like eggs, chicken liver and chicken thighs.

It is also found in dairy products such as full-fat milk, yoghurt and cheeses including gouda, edam, brie, camembert and roquefort.

Interestingly, they are beneficial in different ways. Research suggests that Vitamin K1 plays a greater role in targeting blood clotting, while Vitamin K2 may be more effective at helping the body direct calcium away from the arteries.

The NHS says most people should be able to get enough Vitamin K through a balanced diet, with adults needing a daily dose that is roughly one microgram per kilogram of body weight.

Supplements are also sold online and in wellness shops, split by Vitamin K1 and Vitamin K2, but Ms Ward says getting the vitamin into a diet through food is so 'easily achieved' there is generally 'no need' to buy supplements.

However, deficiencies do happen. Low levels of Vitamin K have been linked to a range of health problems, including bleeding disorders, poor bone development and cardiovascular disease.

Stefanos Roumeliotis, a kidney specialist at Aristotle University of Thessaloniki, also told The Telegraph that '96 percent of chronic kidney disease patients are severely deficient in Vitamin K.'

But before you stock up on kale (or supplements), the NHS urges caution.

They say supplementing under 1 milligram of Vitamin K is unlikely to cause harm, but people on blood thinning medications should avoid them due to potentially harmful interactions.

This is because warfarin - a common drug used to treat blood clots - blocks the body's use of the vitamin.

Normal dietary intake of Vitamin K can usually be maintained while taking warfarin, but sudden or significant increases in consumption should be avoided.

Ms Ward said: 'People taking the anticoagulant warfarin should not change their Vitamin K intake without consulting their doctor as it counteracts the effects of warfarin on blood clotting.

'But direct acting anticoagulants - apixaban, rivaroxaban or dabigatran - will not be affected as these drugs do not interact with Vitamin K.' **Mail Online**

# ဟော်မုဇရေလက်ကြားရဲ့ မရေရာတဲ့ အနာဂတ်နဲ့ အာရှအပေါ် ရိုက်ခတ်မှုများ

ဒီကနေ့ခေတ် ကမ္ဘာကြီးရဲ့အရှေ့အလယ်ပိုင်းဒေသမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ကြည့်ရင် တိုက်ပွဲတွေဟာခဏတဖြုတ်တော့ ငြိမ်သက်သွားတာမျိုးရှိနိုင်ပေမယ့် ပင်လယ်ကွေ့ဒေသကြီးကတော့ အရင်လိုမျိုးအေးအေးဆေးဆေးနဲ့ ပုံမှန်အခြေအနေဆီပြန်ရောက်ဖို့ တော်တော်ကြီးမဖြစ်နိုင်တော့ဘူးလို့ ဆိုရမှာပါ။ အရင်ကတော့ ပဋိပက္ခတစ်ခုဖြစ်လာရင် စစ်ပွဲပြီးတာနဲ့ အရာအားလုံးပုံမှန်ပြန်ဖြစ်သွားမယ်လို့မျှော်လင့်လို့ရနိုင်ခဲ့ပေမယ့် အခုအခြေအနေတွေက အလှည့်အပြောင်းကြီးတစ်ခုဆီရောက်နေပါပြီ။ အထူးသဖြင့် အာရှနိုင်ငံတွေအတွက် အသက်သွေးကြောလို့တင်စားရတဲ့ ဟော်မုဇရေလက်ကြားအနာဂတ်က အတော်လေးကို စိုးရိမ်စရာကောင်းလာပါတယ်။ အရင်ကတော့ ကျွန်တော်တို့က ဒီရေလက်ကြားကြီး ပိတ်သွားမလား၊ ပွင့်နေမလားဆိုတဲ့အချက်ကိုအဓိကထားပြီး စောင့်ကြည့်ခဲ့ကြတာပါ။ ဒါပေမဲ့ အခုတော့ အခြေအနေက အဲဒါထက်ပိုပြီး နက်နဲရှုပ်ထွေးလာပါပြီ။ အခု အဓိကစိန်ခေါ်မှုက ဒီရေလမ်းကြောင်းဟာ အရင်လို စိတ်ချရမှုရှိသေးရဲ့လား၊ ကြိုတင်ခန့်မှန်းလို့ ရနိုင်ဦးမလား၊ ပြီးတော့ နိုင်ငံရေးအရ အကျပ်ကိုင်တဲ့နေရာမှာ အသုံးချခံနေရပြီလားဆိုတဲ့ အချက်တွေက ပိုပြီးအရေးကြီးတဲ့မေးခွန်းတွေ ဖြစ်လာပါတယ်။

ဟော်မုဇရေလက်ကြားရဲ့ လက်ရှိအခြေအနေကို သေချာသုံးသပ်ကြည့်ရင် ဒါဟာ မရေရာတဲ့ ဆိုင်းငံ့မှုတစ်ခုလို့တောင် ပြောလို့ရပါတယ်။ တစ်ဖက်မှာလည်း ပဋိပက္ခတွေကရှိနေတုန်းဖြစ်သလို၊ အခြားတစ်ဖက်မှာလည်း အပြောင်းအလဲတွေက ဘယ်အချိန်ဖြစ်လာမလဲမသိနိုင်တဲ့ အနေအထားမျိုးပါ။ အမေရိကန်နဲ့ အီရန်ကြားက သံတမန်ရေးဆွေးနွေးမှုတွေဟာလည်း တစ်ခါတလေ ရှေ့တိုးလိုက်၊ တစ်ခါတလေ ပြန်ရပ်သွားလိုက်နဲ့ ယုံကြည်မှုကင်းမဲ့နေတာကြောင့် တိကျတဲ့ဖြေရှင်းချက်တစ်ခုဆီ ဦးတည်နေတာမျိုးမရှိပါဘူး။ အာရှနိုင်ငံတွေအတွက်တော့ ဒီလိုမျိုးသံတမန်ရေးအခြေအနေတွေထက် လက်တွေ့ရေကြောင်းသွားလာမှုပမာဏကပိုအရေးကြီးပါတယ်။ လက်ရှိမှာရေလက်ကြားဟာ စာရွက်ပေါ်မှာတော့ သွားလို့ရနေတုန်းပါပဲ၊ ဒါပေမဲ့ သင်္ဘောဖြတ်သန်းသွားလာမှုနှုန်းက ပုံမှန်အောက်ကို အများကြီးလျော့နည်းနေတာတွေ့ရပါတယ်။ ပြဿနာက ဥပဒေအရ ဖြတ်သန်းခွင့်ရရှိရေးတင်မဟုတ်တော့ဘဲ စီးပွားရေးဆိုင်ရာယုံကြည်မှုပျက်ပြားနေတာပါ။ ရေလမ်းကြောင်းတစ်ခုဟာ စာရွက်ပေါ်မှာပွင့်နေပေမယ့် ကမ္ဘာ့စီးပွားရေးအတွက်တည်ငြိမ်တဲ့ သွေးကြောတစ်ခုအဖြစ် မဆောင်ရွက်နိုင်တော့ရင် အဲဒီလမ်းကြောင်းဟာ အနှစ်သာရအားဖြင့် မအောင်မြင်တော့ဘူးလို့ ဆိုရမှာပါ။

မိမိတို့ရင်ဆိုင်နေရတဲ့အန္တရာယ်က ရေကြောင်းသွားလာမှုကြီး ရုတ်တရက်ရပ်တန့်သွားတာမျိုးမဟုတ်ဘဲ ရေလက်ကြားက တရားဝင်တော့ပွင့်နေပေမယ့် မဟာဗျူဟာမြောက်မရေရာမှုတွေ ရေရှည်တည်ရှိနေတာမျိုးဖြစ်ပါတယ်၊ ဒီလိုအခြေအနေမျိုးမှာ ကုန်သွယ်မှုတွေကတော့ ဆက်ရှိနေဦးမှာဖြစ်ပေမယ့် ယုံကြည်မှုတွေ နည်းပါးလာတာ၊ အာမခံကြေးတွေ အဆမတန်မြင့်တက်လာတာနဲ့ နိုင်ငံရေးအရစွန့်စားရမှုတွေ ပိုများလာတာကြောင့် အစိုးရတိုင်းဟာ အနှောင့်အယှက်တွေ ထပ်ဖြစ်လာရင် ဘယ်လိုလုပ်မလဲဆိုတာကိုအမြဲတမ်း ပူပန်နေရပါတော့တယ်။ ဒါဟာ စစ်ပွဲကြီးမဟုတ်သလို ပုံမှန်ကုန်သွယ်မှုအခြေအနေလည်းမဟုတ်တဲ့ ကြားညပ်အခြေအနေမျိုးပါ။ ဒီလိုအခြေအနေမျိုးမှာ ရေလက်ကြားကြီး အကြီးအကျယ်ပိတ်ဆို့မသွားရင်တောင်မှ မရေရာမှုတွေ ရှည်လျားနေတာက အာရှဒေသစီးပွားရေးအတွက် တော်တော်လေးကို ထိခိုက်စေပါတယ်။

နောက်ထပ်အရေးကြီးတဲ့အချက်က တိုက်ပွဲတွေအပြီးမှာ အီရန်ရဲ့နိုင်ငံရေးအပြုအမူပဲဖြစ်ပါတယ်။ အီရန်ဟာ ဒီအခြေအနေမှာ အင်အားတောင့်တင်းစွာထွက်ပေါ်လာခြင်းမရှိနိုင်ပေမယ့် အားနည်းနေတာကလည်း သူတို့ကိုဘေးကင်းတယ်လို့ မဆိုနိုင်ပါဘူး။ အားနည်းနေတဲ့ခေါင်းဆောင်ပိုင်းဟာ သူတို့မှာ ဩဇာရှိသေးတယ်ဆိုတာပြသဖို့ ဖိအားပေးနိုင်တဲ့ နည်းလမ်းကို ပိုပြီးအသုံးချလာနိုင်ပါတယ်။ သူတို့က ရေလမ်းကြောင်းကြီးတစ်ခုလုံးကို ထိန်းချုပ်ဖို့မလိုပါဘူး။ ပုံမှန်သွားလာမှုကိုနှောင့်ယှက်နိုင်ရုံနဲ့တင် ကမ္ဘာကြီးကို ကုန်ကျစရိတ်တွေအဆမတန်မြင့်တက်အောင် လုပ်နိုင်စွမ်းရှိနေတာကိုပြသပြီး သူတို့ရဲ့ အရှိန်အဝါထိန်းသိမ်းဖို့ ကြိုးစားလာမှာဖြစ်ပါတယ်။ အီရန်အနေနဲ့ သူတို့ရဲ့ သမားရိုးကျစစ်ရေးနည်းလမ်းတွေမှာ အကန့်အသတ်ရှိလာရင်တောင် ကမ္ဘာ့စီးပွားရေးကို နာကျင်အောင် လုပ်နိုင်တဲ့ ဒီလိုရေလက်ကြားကနေတစ်ဆင့် အကျပ်ကိုင်နိုင်တဲ့ စွမ်းရည်ကိုတော့ အဆုံးရှုံးခံမှာ မဟုတ်ပါဘူး။

ဒီနေရာမှာ အမေရိကန်အတွက်လည်း အကျပ်ရိုက်စရာဖြစ်လာပါတယ်။ အီရန်ကို ဆက်ပြီး ဖိအားပေးဖို့ လိုအပ်ပေမယ့် အဲဒီဖိအားတွေကပဲ အာရှနိုင်ငံတွေက လိုလားတဲ့ တည်ငြိမ်မှုကို ပျက်ပြားစေသလိုဖြစ်နေပါတယ်။ အထူးသဖြင့် အီရန်ရေနံနဲ့ ပတ်သက်နေတဲ့ တရုတ်ကုမ္ပဏီတွေအပေါ် ပိတ်ဆို့အရေးယူမှုတွေက ဒါကိုသက်သေပြနေတာပါ။ တရုတ်အတွက်တော့ ဟော်မုဇရေလက်ကြားဟာ စွမ်းအင်ကိစ္စတင်မဟုတ်တော့ဘဲ အမေရိကန်ရဲ့ ထိန်းချုပ်မှု၊ ပိတ်ဆို့မှုတွေနဲ့ ဆက်စပ်ပြီး ပိုမိုကျယ်ပြန့်တဲ့ အားပြိုင်မှုကြီးတစ်ခုဖြစ်လာပါတယ်။ တရုတ်ဟာ ပင်လယ်ကွေ့ဒေသမှ စွမ်းအင်အပေါ်မှီခိုနေရပေမယ့် သူတို့သွားလာနေရတဲ့ ရေကြောင်းနဲ့ ဘဏ္ဍာရေးစနစ်တွေက အမေရိကန်ရဲ့ ထိန်းချုပ်မှုအောက်မှာရှိနေပါတယ်၊ ဒီတော့ တရုတ်ရဲ့ တွက်ချက်မှုက တခြားသူတွေနဲ့ မတူနိုင်တော့ပါဘူး။ တရုတ်က ဒေသတွင်းတည်ငြိမ်မှုကို လိုလားသော်ငြား အဲဒီတည်ငြိမ်မှုဟာ အမေရိကန်ရဲ့ ရေတပ်အင်အားနဲ့ ဩဇာအောက်မှာရှိနေမှာကိုတော့ လုံးဝမလိုလားပါဘူး။ တရုတ်ဟာ ဟော်မုဇရေလက်ကြားမှာတင်မကဘဲ အမေရိကန်ရဲ့ပိတ်ဆို့မှုနဲ့ သံတမန်ရေးဖိအားတွေကြားမှာပါ အကျပ်ရိုက်နေတာဖြစ်ပါတယ်။

ဂျပန်နဲ့ တောင်ကိုရီးယားလို ထိပ်တန်းစက်မှုနိုင်ငံတွေအတွက်ကတော့ အဓိကဦးစားပေးက စွမ်းအင်စီးဆင်းမှုတည်ငြိမ်ဖို့၊ ငွေကြေးဖောင်းပွမှုကို ထိန်းနိုင်ဖို့နဲ့ သင်္ဘောလမ်းကြောင်းတွေအပေါ် ဖိအားလျော့ကျဖို့ပါပဲ။ တစ်ဖက်မှာလည်း အိန္ဒိယနဲ့ အရှေ့တောင်အာရှနိုင်ငံတွေက အခြေအနေကိုစောင့်ကြည့်ရင်း သူတို့ရဲ့ စွမ်းအင်အရင်းအမြစ်တွေကို တခြားနေရာတွေဆီကနေရယူဖို့နဲ့ ကြိုတင်ပြင်ဆင်မှုတွေလုပ်ဖို့ တိတ်တဆိတ်ကြိုးပမ်းလာကြပါတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အာရှနိုင်ငံတွေအားလုံးဟာ ဟော်မုဇရေလက်ကြားကို အရင်လို အမြဲတမ်းစိတ်ချရတဲ့လမ်းကြောင်းအဖြစ်ယူဆလို့ မရတော့တဲ့ခေတ်သစ်ထဲကို ရောက်လာနေပါပြီ။ ဘေးကင်းလုံခြုံတဲ့ ဖြတ်သန်းခွင့်ဆိုတာဟာ ယာယီနားလည်မှုတွေ၊ ရေတပ်ရဲ့ဖိအားပေးမှုတွေနဲ့ နိုင်ငံရေးအပေးအယူတွေအပေါ်မှာသာ မူတည်နေမယ်ဆိုရင် အာရှရဲ့ စွမ်းအင်စီမံကိန်းတွေအပေါ်အခြေခံထားတဲ့ စီးပွားရေးအုတ်မြစ်ဟာ အင်မတန်ယိုင်နဲ့လာနေပြီလို့ ဆိုရမှာပါ။

နိဂုံးချုပ်အနေနဲ့ပြန်ကြည့်မယ်ဆိုရင် ပင်လယ်ကွေ့ဒေသဟာ စစ်ပွဲကနေ ပုံမှန်အခြေအနေဆီကို ဦးတည်သွားနေတာမဟုတ်ဘဲ ပိုပြီးမရေရာတဲ့ ထိန်းချုပ်မှုအောက်ရှိ မတည်ငြိမ်မှုစနစ်ထဲကို နက်နက်ရှိုင်းရှိုင်း ရောက်သွားတာဖြစ်ပါတယ်။ ဒါဟာ မျက်မြင်ဖြစ်ပွားနေတဲ့စစ်ပွဲကြီးတစ်ခုထက်စာရင် ပိုပြီးမမြင်သာသလို ခံစားရနိုင်ပေမယ့် တကယ်တမ်းမှာတော့ ဈေးကွက်တွေ၊ အစိုးရတွေနဲ့ စီးပွားရေးကုမ္ပဏီတွေအတွက် ပိုပြီး ရေရှည်ဖြစ်စေမယ့်၊ ပိုပြီး နာကျင်စေမယ့် အန္တရာယ်တစ်ခုဖြစ်နေပါတယ်။ အာရှနိုင်ငံတွေက ဟော်မုဇရေလက်ကြားကို ဖြတ်သန်းခွင့်ရနေဦးမှာဖြစ်ပေမယ့် အဲဒီဖြတ်သန်းခွင့်ကို အမြဲတမ်းရနိုင်တဲ့ အခွင့်အရေးလို့မယူဆနိုင်တော့တဲ့ခေတ်ရောက်နေပါပြီ။ အာရှရဲ့ စွမ်းအင်စီမံကိန်းတွေဟာ ဒီလိုထိန်းချုပ်မှုအောက်က မတည်ငြိမ်မှုတွေကြား ဘယ်လိုရှင်သန်မလဲဆိုတာ တကယ့်ကို ကြီးမားတဲ့ ပဟေဠိတစ်ခုပါ။ အခြေအနေတွေက တရားဝင်စစ်ပွဲမဖြစ်ခင်မှာတင် စီးပွားရေးအရ ထိခိုက်မှုတွေစတင်နေပြီဖြစ်လို့ အာရှနိုင်ငံတွေအနေနဲ့ ကိုယ့်နိုင်ငံရဲ့ စီးပွားရေးနဲ့ စွမ်းအင်ဖူလုံရေးကို ထိန်းသိမ်းနိုင်ဖို့အတွက် အရင်ထက်ပိုမိုခိုင်မာတဲ့ ပြင်ဆင်မှုတွေ၊ မဟာဗျူဟာအသစ်တွေကို ဖော်ဆောင်ကြဖို့ လိုအပ်နေပြီပဲဖြစ်ပါတယ်။

Ref: SCMP




ထက်မြတ်

# OPEC + အဖွဲ့တွင် ရုရှားနိုင်ငံက ဆက်လက်ပါဝင်မည်ဟု သမ္မတရုံးထုတ်ပြန်

မော်စကို၊ စွမ်းအင်

ရုရှားနိုင်ငံသည် ရေနံတင်ပို့သည့်နိုင်ငံများအဖွဲ့အစည်းနှင့် မဟာမိတ်နိုင်ငံများ (OPEC+)တွင် ဆက်လက်ပါဝင်နေမည်ဖြစ်ကြောင်းနှင့် ထိုအဖွဲ့မှနုတ်ထွက်သွားပြီးသည့်တိုင် ကမ္ဘာ့စွမ်းအင်ဈေးကွက်တွင် တာဝန်ရှိသည့်နေရာမှ ရပ်တည်သွားမည့် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) ၏ရည်ရွယ်ချက်ကိုကြိုဆိုကြောင်း ရုရှားသမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကော့က ဧပြီလ ၂၉ ရက်တွင်ပြောသည်။

UAE နိုင်ငံသည် မေလ ၁ ရက်မှစတင်၍ OPEC နှင့် OPEC+ တို့မှနုတ်ထွက်မည်ဖြစ်ကြောင်း ဧပြီလ ၂၈ ရက်တွင်တရားဝင်ထုတ်ဖော်ပြောခြင်းဖြစ်သည်။ UAE နိုင်ငံသည် OPEC+ အဖွဲ့တွင် တတိယမြောက်ရေနံအများဆုံးထုတ်လုပ်သည့် နိုင်ငံဖြစ်ပြီး ၎င်း၏နုတ်ထွက်မှုက ကမ္ဘာပေါ်ရှိရေနံထောက်ပံ့မှုနှင့် ဈေးနှုန်းသတ်မှတ်မှုတို့အပေါ် OPEC+ အဖွဲ့၏လွှမ်းမိုးမှုကို အားနည်းစေနိုင်မည်ဖြစ်သည်။

“UAE နိုင်ငံရဲ့ဆုံးဖြတ်ချက်ကိုလေးစားပါတယ်။ ပြီးတော့ သူတို့အနေနဲ့စွမ်းအင်ဈေးကွက်မှာ တစ်ထောင့်တစ်နေရာကနေ တာဝန်ယူသွားမယ်ဆိုတာရယ်၊ နှစ်နိုင်ငံကြား ပူးပေါင်းဆောင်ရွက်မှုတွေဆက်လုပ်သွားမယ်လို့ ထုတ်ဖော်ပြောလာခြင်းတို့အတွက် ရုရှားနိုင်ငံကကြိုဆိုပါတယ်” ဟု သမ္မတရုံးမှပြောရေးဆိုခွင့်ရှိသူ ဒီမီထရီ ပက်စကော့ကပြောထားသည်။

Ref: Xinhua

# ဟော်မုဇရေလက်ကြားကို ကာလရှည်ကြာပိတ်ဆို့ထားရေးပြင်ဆင်ရန် ထရမ့်က ညွှန်ကြားထားဟုဆို



ဝါရှင်တန်၊ စစ်ရေး

အမေရိကန်ရေတပ်အနေဖြင့် ဟော်မုဇရေလက်ကြားကို ကာလရှည်ကြာပိတ်ဆို့ထားနိုင်ရေးပြင်ဆင်ထားရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က ညွှန်ကြားထားသည်ဟု The Wall Street Journal သတင်းစာက ဖော်ပြထားသည်။ စစ်ပွဲကာလ သုံးလအတွင်းရောက်ရှိလာချိန်တွင် အီရန်အပေါ် စီးပွားရေးအရဖိအားပေးမှုများ အရှိန်မြှင့်ရန် ထရမ့်ကယခုကဲ့သို့စီစဉ်ခြင်းဖြစ်သည်။

အီရန်ဆိပ်ကမ်းများသို့ အဝင်အထွက် လုပ်မည့် မည်သည့်သင်္ဘောကိုမဆို တားဆီးခြင်းဖြင့် အီရန်၏ရေနံတင်ပို့နိုင်စွမ်းကို ဆက်လက်ဖိအားပေးရန်ထရမ့်က ဧပြီလ ၂၈ ရက် ညပိုင်းတွင် ဆုံးဖြတ်ခြင်းဖြစ်သည်။ အီရန်နိုင်ငံက ဟော်မုဇရေလက်ကြားပိတ်ဆို့ထားမှုကိုဖယ်ရှားပေးရန် တောင်းဆိုထားသော်လည်း ထိုကမ်းလှမ်းချက်မှာ ရိုးသားမှုမရှိဟုဆိုကာ ထရမ့်ကပယ်ချထားသည်။

ဟော်မုဇရေလက်ကြားပိတ်ဆို့မှုကြောင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမှာ ဘရန့်ရေနံစိမ်းတစ်စည်လျှင် ၁၁၁ ဒေါ်လာအထက်သို့မြင့်တက်သွားသည်။ စစ်ပွဲကြောင့်ဖြစ်ပေါ်လာသည့်ရိုက်ခတ်မှုများကြောင့် ဧပြီလ ၂၈ ရက်တွင် အာရပ်စော်ဘွားများပြည်ထောင်စု (UAE) က OPEC အဖွဲ့မှ နုတ်ထွက်ကြောင်း ကြေညာထားသည်။ ဧပြီလ ၇ ရက်ဝန်းကျင်တွင် အပစ်အခတ်ရပ်စဲရေး စတင်ခဲ့သော်လည်း အမေရိကန်နှင့်အီရန်တို့ကြား ငြိမ်းချမ်းရေးဆွေးနွေးမှုက အဖြေမထွက်သေးဘဲဖြစ်နေသည်။ ကမ္ဘာ့ရေနံနှင့်သဘာဝဓာတ်ငွေ့သုံးစွဲမှု၏ ငါးပုံတစ်ပုံဖြတ်သန်းရာ ဟော်မုဇရေလက်ကြား ပိတ်ဆို့ခံထားရမှုကြောင့် အာရှနှင့် အာဖရိကဒေသများတွင် လောင်စာဆီခွဲတမ်းဖြင့် သုံးစွဲနေရကြောင်း သိရသည်။ Ref: ST

# အမေရိကန်က ဆယ်စုနှစ်များအတွင်း ပထမဆုံးအဖြစ် စီးပွားရေးတိုးတက်မှု ရပ်တန့်နေ

ဝါရှင်တန်၊ စီးပွားရေး

အမေရိကန်နိုင်ငံသည် ဆယ်စုနှစ်ပေါင်းများစွာအတွင်း ပထမဆုံးအကြိမ်အဖြစ် စီးပွားရေးတိုးတက်မှုရပ်တန့်ပြီး ကုန်ဈေးနှုန်းကြီးမြင့်သည့်အခြေအနေသို့ ရောက်နေပြီဖြစ်ကြောင်း ဘီလျံနာရေးဒါလီယိုက ပြောသည်။ ၂၀၀၈ ခုနှစ် ဘဏ္ဍာရေးအကျပ်အတည်းကို မှန်ကန်စွာခန့်မှန်းနိုင်ခဲ့သူဖြစ်သည့် ရေးဒါလီယိုက တွေ့ဆုံမေးမြန်းခန်းတစ်ခု၌ ယခုကဲ့သို့မှတ်ချက်ပြုခဲ့ခြင်းဖြစ်သည်။

အီရန်နှင့်ဖြစ်ပွားနေသော စစ်ပွဲကြောင့် ကမ္ဘာ့အစိအစဉ်များပျက်ပြားနေပြီး အမေရိကန်ဗဟိုဘဏ်အနေဖြင့် ယခုအချိန်တွင် အတိုးနှုန်းလျှော့ချခြင်းမပြုရန်လည်း ၎င်းကသတိပေးထားသည်။ အမေရိကန်နိုင်ငံတွင် ၂၀၂၅ ခုနှစ် စတုတ္ထသုံးလပတ်အတွက် ဂျီဒီပီတိုးတက်မှုသည် သုည ဒသမ ၅ ရာခိုင်နှုန်းသာရှိတော့ပြီး ယခုနှစ်မတ်လအတွင်း ငွေကြေးဖောင်းပွမှုမှာ ၃ ဒသမ ၃ ရာခိုင်နှုန်းအထိ မြင့်တက်လာသည်။ သို့သော်လည်း မတ်လအတွင်း အလုပ်လက်မဲ့နှုန်းမှာ ၄ ဒသမ ၃ ရာခိုင်နှုန်းသာရှိနေသဖြင့် ၁၉၇၀ ပြည့်လွန်နှစ်များကကဲ့သို့ ဆယ်ဂဏန်းအဆင့်အလုပ်လက်မဲ့နှုန်းမျိုး မဟုတ်သေးကြောင်း သိရသည်။ Ref: RT

# ဆာရာဒူတာတေအပေါ် စွပ်စွဲပြစ်တင်နိုင်သည့် အကြောင်းပြချက်မရှိဟု ရှေ့နေအဖွဲ့ပြော

မနီလာ၊ ပြည်တွင်းရေး

ဖိလစ်ပိုင်နိုင်ငံဒုတိယသမ္မတ ဆာရာဒူတာတေကို ရာထူးမှဖယ်ရှားရန် စွပ်စွဲပြစ်တင်နိုင်သည့် ခိုင်လုံသောအကြောင်းပြချက်များတွေ့ရှိထားသည်ဟူသောအောက်လွှတ်တော်တရားမျှတရေးကော်မတီ၏ ပြောဆိုချက်ကို ၎င်း၏ရှေ့နေအဖွဲ့က ဧပြီလ ၂၉ ရက်တွင်ပယ်ချကာ ထိုသို့သောအကြောင်းပြချက်မရှိဟု ငြင်းဆိုလိုက်ကြောင်းသိရသည်။

ဆာရာဒူတာတေသည် အကျင့်ပျက်ခြစားမှု၊ လုပ်ကြံသတ်ဖြတ်ရန်ကြံစည်မှု၊ အစိုးရကိုဆန့်ကျင်ရန်လှုံ့ဆော်မှုနှင့် လုပ်ပိုင်ခွင့်အလွဲသုံးစားမှုများ ပြုလုပ်ခဲ့သည်ဟု လွှတ်တော်အမတ်များကစွပ်စွဲကာ အမတ် ၅၃ ဦးက ထောက်ခံမဲပေးခြင်းဖြစ်သည်။

ဆာရာဒူတာတေသည် ဧပြီလ ၂၉ ရက်တွင် ပြုလုပ်သည့် လွှတ်တော်ကြားနာပွဲသို့ တက်ရောက်ခြင်းမရှိဘဲ ၎င်း၏ရှေ့နေအဖွဲ့ကသာလာရောက်၍ လွှတ်တော်၏လုပ်ဆောင်ချက်များက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း တုံ့ပြန်ပြောထားသည်ဟုသိရသည်။ Ref: Xinhua

# ကျောင်းသားများပါဝင်နေသည့် နိုင်ငံတကာ အွန်လိုင်းလောင်းကစားဂိုဏ်းကို အင်ဒိုနီးရှားရဲတပ်ဖွဲ့ဖြိုခွင်း



ဂျကာတာ၊ မှုခင်း

အင်ဒိုနီးရှားနိုင်ငံရှိ ဘာလီကျွန်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ ထိန်းချုပ်နေသည့် ကျောင်းသားများပါဝင်သော နိုင်ငံတကာ အွန်လိုင်းလောင်းကစားကွန်ရက်တစ်ခုကို ရဲတပ်ဖွဲ့ကဖော်ထုတ်ဖမ်းဆီးဖြိုခွင်းနိုင်ပြီး ကျောင်းသားသုံးဦးအပါအဝင် သံသယရှိသူ လေးဦးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖမ်းဆီးခံရသူများသည် အသက် ၂၂ နှစ်မှ ၃၁ နှစ်အတွင်းရှိ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ပြီး ၎င်းတို့သည် ကမ္ဘောဒီးယားနိုင်ငံရှိ အွန်လိုင်းလောင်းကစားလုပ်ငန်းများတွင် လုပ်ကိုင်ဖူးသူများဖြစ်သည်။ ကမ္ဘောဒီးယား၌ လောင်းကစားလုပ်ငန်းများ ဝင်ရောက်စီးနင်းခံရပြီးနောက် ၎င်းတို့သည်ဘာလီသို့ ပြောင်းရွှေ့လာခြင်းဖြစ်ကြောင်း ဘာလီရဲတပ်ဖွဲ့ ဆိုက်ဘာမှုခင်းဌာနညွှန်ကြားရေးမှူး အက်ဒ်ဇေရီကာနီယာဝမ်က ဧပြီလ ၂၉ ရက်တွင် ပြောသည်။

ထိုကျောင်းသားသုံးဦးသည် တစ်ရက်လျှင် အင်ဒိုနီးရှားနိုင်ငံသား ၄၀၀ ခန့်ထံသို့ ဆက်သွယ်မှုပြုကာ လောင်းကစားအပလီကေးရှင်းများကို အရောင်းမြှင့်တင်ပေးသည့် တယ်လီမာကက်တင်းသမားများအဖြစ် လုပ်ကိုင်ပြီး ကျန်တစ်ဦးမှာ ဖောက်သည်ဝန်ဆောင်မှုအဖြစ် လုပ်ကိုင်ခဲ့သည်။ ရဲတပ်ဖွဲ့က ဆိုက်ဘာကင်းလှည့်မှုများမှတစ်ဆင့် ၎င်းကွန်ရက်ကို ဖော်ထုတ်နိုင်ခဲ့ခြင်းဖြစ်ပြီး ဧပြီလ ၁၂ ရက်တွင် ၎င်းတို့ရှိရာနေရာကို ဝင်ရောက်စီးနင်းကာ လက်တော့ပ်လေးလုံးနှင့်လက်ကိုင်ဖုန်းငါးလုံးကို သိမ်းဆည်းခဲ့ခြင်း ဖြစ်ကြောင်းသိရသည်။ Ref: Xinhua

# လက်ဘနွန်တွင် လူ ၁ ဒသမ ၂ သန်းက ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရ

ဘေရွတ်၊ စားနပ်ရိက္ခာ

လက်ဘနွန်နိုင်ငံတွင် ဖြစ်ပွားနေသော စစ်ပွဲများကြောင့် နိုင်ငံတစ်ဝန်းရှိ လူပေါင်း ၁ ဒသမ ၂ သန်းကျော်သည် ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ထုတ်ပြန်ချက်အရသိရသည်။ ထိုကိန်းဂဏန်းသည် နိုင်ငံလူဦးရေ၏သိသာထင်ရှားသောပမာဏဖြစ်ပြီး စစ်ပွဲကာလရှည်ကြာလာသည်နှင့်အမျှ အခြေအနေပိုမိုဆိုးရွားလာနေသည်။

စစ်မီးကြောင့် စိုက်ပျိုးရေးကဏ္ဍပျက်စီးခြင်း၊ ကုန်သွယ်မှုလမ်းကြောင်းများပြတ်တောက်ခြင်းနှင့် စီးပွားရေးပြိုလဲခြင်းတို့ကငတ်မွတ်ခေါင်းပါးမှုကို တွန်းအားပေးသည့် အဓိကအကြောင်းရင်းများဖြစ်သည်။ အထူးသဖြင့် နေရပ်စွန့်ခွာဒုက္ခသည်များနှင့် ဝေးလံသောဒေသများတွင် နေထိုင်သူများသည် အစားအစာနှင့် အခြေခံလိုအပ်ချက်များမရရှိကြောင်းသိရသည်။ Ref: ST

# ဘင်္ဂလားဒေ့ရှ်တွင် မတ်လမှစ၍ ဝက်သက်ရောဂါကြောင့် ကလေးငယ် ၂၂၀ ကျော် သေဆုံး

ဒါကာ၊ ကျန်းမာရေး

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မတ်လမှစတင်၍ ဆယ်စုနှစ်များစွာအတွင်း အဆိုးရွားဆုံး ဝက်သက်ရောဂါကူးစက်မှုများဖြစ်ပွားရာ ကလေးငယ် ၂၂၇ ဦး သေဆုံးပြီး ရောဂါကူးစက်ခံရသည်ဟု သံသယရှိသူပေါင်း ၃၅၀၀၀ နီးပါးရှိလာကြောင်း အစိုးရ၏ ဧပြီလ ၂၉ ရက်ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ရောဂါအပြင်းထန်ဆုံး ခံစားနေရသည့်ဒေသတစ်ခုမှာ စစ်တကောင်းတောင်တန်းဒေသရှိ ကူရွတ်ပါတာဖြစ်သည်။ အဆိုပါကျေးလက်ဒေသရှိ ကလေးငယ်များသည် ကာကွယ်ဆေးထိုးနှံမှုတွင် အကျုံးဝင်သော်လည်းချန်လှပ်ထားခံရလေ့ရှိပြီး မိသားစုအချို့သည် ကြောက်ရွံ့မှုကြောင့် ကာကွယ်ဆေးထိုးနှံခြင်းကို ရှောင်လွှဲလေ့ရှိကြောင်း သိရသည်။

ကူရွတ်ပါတာသည်ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အစွန်အဖျားအရပ်ဒေသများထဲမှ တစ်ခုဖြစ်ပြီး ကလေးငယ် ၈၀ ကျော်ကို ဝက်သက်ရောဂါအတွက် ကုသပေးခဲ့ကြောင်း ခရိုင်ကျန်းမာရေးမှူး ရိုတ်ဖာဇယ်ရက်ဘီက ပြောသည်။

အဆိုပါဒေသခံအများစုသည် သွားလာရေးနှင့်ဆက်သွယ်ရေးခက်ခဲသောနေရာတွင်နေထိုင်နေရသောကြောင့် အစိုးရက အသိပညာပေးအစီအစဉ်များ လုပ်ဆောင်သင့်ပြီး တိုင်းရင်းသားလူမျိုးစုများအားကာကွယ်ဆေးထိုးလှမ်းခြုံမှုအောက်သို့ ခေါ်ဆောင်လာသင့်ကြောင်း ဒေသအကြီးအကဲက တိုက်တွန်းထားသည်။ Ref: ST



# ကိုရီးယားသမ္မတနိုင်ငံ၌ တရားဝင်အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားတစ်ဦး လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းအပေါ် ဇနီးဖြစ်သူအား လိုအပ်သည်များကူညီဆောင်ရွက်ပေး



ဆိုးလ် ဧပြီ ၂၉

ကိုရီးယားသမ္မတနိုင်ငံ ဂယောင်းဂီပြည်နယ် ဟွာဆောင်းမြို့ရှိ သံမဏိပုံသွင်းစက်ရုံတစ်ရုံ၌ တရားဝင်အလုပ်လုပ်ကိုင်လျက်ရှိသော မြန်မာနိုင်ငံသား မောင်စန်းယုသည် မတ်လ ၂၄ ရက်တွင် လုပ်ငန်းခွင်အတွင်း အလုပ်လုပ်ကိုင်နေစဉ် ထိခိုက်မှုဖြစ်ပွားခဲ့ပြီး ဆေးရုံတက်ရောက်ကုသစဉ် သေဆုံးသွားခဲ့သည်။

မြန်မာသံရုံး ဆိုးလ်မြို့က ကျန်ရစ်သူမိသားစု ကိုရီးယားနိုင်ငံသို့လာရောက်ပြီး စျာပနအခမ်းအနားကျင်းပနိုင်ရေးအတွက် ဗီဇာရရှိရေး အချိန်မီကူညီဆောင်ရွက်ပေးကာ ရသင့်ရထိုက်သည့်အခွင့်အရေးများအပြည့်အဝရရှိစေရန် အလုပ်သမားသံအရာရှိ၊ အလုပ်သမားဝန်ကြီးဌာနနှင့် တရားဝင်ပူးပေါင်းဆောင်ရွက်ရေး လက်မှတ်ရေးထိုးထားသော E9 Friends Law Firm ကုမ္ပဏီတို့နှင့်အတူလုပ်ဆောင်ပေးခဲ့ကြောင်း၊ စျာပနအခမ်းအနားကိုလည်း မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများက လိုက်ပါပို့ဆောင်ပြီး လိုအပ်သည်များကူညီဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ကျန်ရစ်သူမိသားစု ကိုရီးယားနိုင်ငံ၌ နေထိုင်စဉ်ကာလအတွင်း သွားလာနေထိုင်ရေးကိစ္စများအဆင်ပြေစေရေး၊ ယာယီဘဏ်အကောင့်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့်စာရွက်စာတမ်းကိစ္စရပ်များ ပံ့ပိုးကူညီခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများထံမှရသင့်ရထိုက်သည်များရရှိရန် ညှိနှိုင်းခြင်းတို့ကို မြန်မာသံရုံး ဆိုးလ်မြို့ အလုပ်သမားသံအရာရှိမှ လိုက်ပါဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

ထိုသို့ ဆောင်ရွက်ပေးမှုများကြောင့် ကွယ်လွန်သူမောင်စန်းယု၏ ဇနီးမှ လုပ်သက်ဆုကြေးများ၊ လုပ်ခလစာကျန်ငွေများ၊ အချိန်ပိုကြေးနှင့် ခွင့်ဆုကြေးများ၊ လုပ်ငန်းခွင်ထိခိုက်မှု အာမခံငွေများ၊ သေဆုံးမှုထောက်ပံ့ငွေများ၊ အလုပ်ရှင်မှပေးအပ်သည့်နစ်နာကြေးများစသည့် ခံစားပိုင်ခွင့်ရှိသည်တို့ကို ပြည့်ပြည့်ဝဝတိုက်ရိုက်ရရှိခဲ့သည့်အပြင် ရှေ့နေခကိုလည်း အနည်းဆုံးနှုန်းထားဖြင့်ရရှိအောင် ညှိနှိုင်းပေးနိုင်ခဲ့ကြောင်းသိရသည်။

မြန်မာသံရုံး ဆိုးလ်မြို့က ကိုရီးယားသမ္မတနိုင်ငံ၌ရောက်ရှိနေသည့် တရားဝင်လာရောက်လုပ်ကိုင်နေသူများအပါအဝင် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားများအား နှစ်နိုင်ငံတည်ဆဲဥပဒေများနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မြဝတီ

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ဘော်လီဘောပြိုင်ပွဲတွင် အလုံခရိုင်အမျိုးသားအသင်းနှင့် မင်္ဂလာဒုံခရိုင်အမျိုးသမီးအသင်းတို့ ပထမဆုဖလားများဆွတ်ခူး

ရန်ကုန် ဧပြီ ၂၉

၂၀၂၆ ခုနှစ်ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ၁၄ ရိုင် အသက် ၂၁ နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင် အလုံခရိုင်အမျိုးသားအသင်းနှင့် မင်္ဂလာဒုံခရိုင်အမျိုးသမီးအသင်းတို့ ပထမဆုဖလားများဆွတ်ခူးရရှိကြကြောင်းသိရသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့် တာဝန်ရှိသူများသည် အမျိုးသားပြိုင်ပွဲ ပွဲစဉ်တစ်ခုဖြစ်သည့် တွံတေးခရိုင်အသင်းနှင့် အလုံခရိုင်အသင်းတို့၏နောက်ဆုံးဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုအား ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲအပြီး ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ယင်းပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် တာဝန်ယူခဲ့ကြသည့် ဒိုင်ကြီးကြပ်နှင့် ဒိုင်လူကြီးများ၊ အမျိုးသမီးနှင့်အမျိုးသားပြိုင်ပွဲတို့တွင် နေရာအလိုက် အကောင်းဆုံးဆုများဖြစ်သည့် စပေးဘောဆု၊ ပင့်ထောင်ဆု၊ ဆယ်မဆု၊ ပိတ်ဆို့ဆုနှင့် ရိုက်ခတ်ဆု၊ အမျိုးသမီးပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်းမှဇင်မာမြင့်၊ အမျိုးသားပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက်အကောင်းဆုံးအားကစားသမားဆုရရှိသည့် အလုံခရိုင်အသင်းမှ ရဲရင့်အောင်တို့အား တာဝန်ရှိသူတို့က ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အမျိုးသမီးပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် လှည်းကူးခရိုင်အသင်း၊ အမျိုးသားပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသည့် မရမ်းကုန်းခရိုင်အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရရှိသည့် တွံတေးခရိုင်အသင်း၊ အမျိုးသားပြိုင်ပွဲတွင် တတိယဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် အလုံခရိုင်အသင်း၊ အမျိုးသားပြိုင်ပွဲတွင် ဒုတိယဆုရရှိသည့် တွံတေးခရိုင်အသင်းတို့အား တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်များနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ကြသည်။

ယင်းနောက် ဘော်လီဘောအမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် မင်္ဂလာဒုံခရိုင်အသင်းနှင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရရှိသည့် အလုံခရိုင်အသင်းတို့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားတို့အား အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ ဝန်းရံ

# မင်းဘူး(စကု)မြို့နယ်၌ အခြေခံစက်ချုပ် နည်းပညာသင်တန်းဖွင့်လှစ်

မင်းဘူး ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်၌ ဒေသတွင်းအသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းဖြင့်ဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းကို ယနေ့နံနက် ၉ နာရီတွင် ရွှေရောင်တော်ကျေးရွာမွေ့ရုံ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုခိုင်က ဒေသတွင်းအသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းများဖြင့် ရက် ၁၀၀ စီမံချက်ရေးဆွဲပြီး လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားကာ မင်းဘူးခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စိုးစိုးစံက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများကိုသင်တန်းသူများထံပေးအပ်ခဲ့သည်။

မင်းဘူးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသူ ၁၅ ဦး တက်ရောက်ခဲ့ပြီး အခြေခံနှင့် မွမ်းမံသင်တန်းများအဖြစ်ရက်ပေါင်း ၄၅ ရက်ကြာဖွင့်လှစ်ကာ လုပ်ငန်းများကျွမ်းကျင်တတ်မြောက်သည်အထိ စာတွေ့လက်တွေ့ဖြင့် စနစ်တကျဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် ယခုဖွင့်လှစ်ပေးခဲ့သည့် သင်တန်းအပါအဝင် မင်းဘူးခရိုင်အတွင်း၌ ကျေးရွာခြောက်ရွာအား စိစစ်ရွေးချယ်ပြီး စီမံကိန်းလုပ်ငန်းခြောက်ခုကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသားလုပ်ငန်းရှင်ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ စိစစ်ရွေးချယ်ပြီး နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်အတွင်း စုစုပေါင်း လုပ်ငန်းရှင် ၃၀ ဦး ပေါ်ထွက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါရွေးချယ်ထားသူများမှ ကုန်ကြမ်းဖိုး ငွေကျပ်နှစ်သိန်းထည့်ဝင်စေပြီး ကိုယ်ပိုင်လုပ်ငန်းများထူထောင်နိုင်ရန်အတွက် ဌာနမှတစ်ဦးလျှင် ငွေကျပ် ၁၈ သိန်းနှင့်ညီမျှသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများကို ရာသက်ပန်သုံးစွဲခွင့်ပြု၍ အသေးစားလုပ်ငန်းရှင်များဖြစ်အောင် လုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှသိရသည်။

(၄၀၂)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၂၉

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ (မိုး/၇၀)

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မီးခိုးမြူငွေ့ကင်းစင်ဖို့ စိုက်နည်းစနစ်များပြောင်းကြစို့

ဒေါက်တာသူဇာဝင်း(စိုက်ပျိုးရေး)

ယနေ့ခေတ်ကာလတွင် လူသားတို့အသက်ရှင်သန်ရန် နေ့စဉ်ရှူရှိုက်နေရသည့်လေထုမှာ သန့်စင်မှုနည်းပါးသွားပြီး အကြောင်းအမျိုးမျိုးကြောင့် လေထုညစ်ညမ်းမှုမှာ တစ်နေ့တခြား ပိုမိုဆိုးဝါးလာသည်။ ဖုန်မှုန့်၊ မီးခိုးငွေ့နှင့်ဓာတုဓာတ်ငွေ့များကြောင့် လူနေထူထပ်သည့်မြို့ပြများတွင်သာမက ကျေးလက်ဒေသများတွင် လေထုညစ်ညမ်းမှုများ ကြုံတွေ့လာသည်။ အထူးသဖြင့် မီးလောင်ခြင်း၊ မီးရှို့ခြင်းများမှဖြစ်ပေါ်လာသည့်မီးခိုးမြူငွေ့များကြောင့် လေထုညစ်ညမ်းမှုပိုမိုဆိုးဝါးလာသည်။

**❒ ❒ ❒ ရှေ့သီးနှံရိတ်သိမ်းပြီးသည့်အခါ ကျန်ရှိနေသည့်ရိုးပြတ်များနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို မီးမရှို့ဘဲ စနစ်တကျမြေဆွေးပြုလုပ်၍ စိုက်ခင်းထဲသို့ထည့်ပေးခြင်းသည် တောင်သူများအတွက် “အမှိုက်ကနေရွှေဖြစ်အောင်”ပြုလုပ်နိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ် . . .**

ကိုဗစ်-၁၉ ရောဂါအပြီးတွင် အဆုတ်နှင့်အသက်ရှူလမ်းကြောင်း ကျန်းမာရေးအတွက် အဓိကစိန်ခေါ်မှုတစ်ခုမှာ မီးခိုးမြူငွေ့ညစ်ညမ်းမှုပြဿနာဖြစ်သည်။ မီးခိုးမြူငွေ့တွင်ပါဝင်သော အမှုန်အမွှားများ($PM_{2.5}$)သည်လူသားတို့၏အသက်ရှူလမ်းကြောင်းကို ဆိုးဝါးစွာထိခိုက်စေသည်။ အထူးသဖြင့် ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများတွင် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ပိုမိုဖြစ်ပွားစေသည်။ မီးခိုးမြူငွေ့များကြောင့် လူသားအားလုံး၏ကျန်းမာရေးကိုသာမက ရာသီဥတုဖောက်ပြန်မှုများအပြင် လူမှုစီးပွားဘဝများကိုပါ ထိခိုက်လျက်ရှိသဖြင့် အာဆီယံဒေသတွင်းနိုင်ငံများသည် မီးခိုးမြူငွေ့ညစ်ညမ်းမှုကိုဖြေရှင်းနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ဤပြဿနာကိုဖြေရှင်းနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးဆောင်၍ သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံအချင်းချင်းပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်တွင် ၂၀၀၃ ခုနှစ်၌ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ပြီး နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ အာဆီယံပူးပေါင်းဆောင်ရွက်ရေးလမ်းပြမြေပုံ (၂၀၂၄-၂၀၃၀) ကိုလည်းကောင်း၊ ၂၀၁၇ ချင်းရိုင်လုပ်ငန်းစီမံချက်ကိုလည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် လာအို၊ မြန်မာနှင့်ထိုင်းနိုင်ငံတို့ပူးပေါင်း၍ ချမှတ်ထားသည့် Clear Sky Strategy (၂၀၂၄-၂၀၃၀) ကိုလည်း လာအို၊ ထိုင်းနိုင်ငံတို့နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မီးခိုးမြူငွေ့ဖြစ်ပေါ်မှု၏အဓိကအရင်းအမြစ်မှာ သဘာဝတောမီးလောင်ကျွမ်းမှုများထက် လူသားတို့၏ မဆင်မခြင်လုပ်ဆောင်ချက်များကြောင့်ဖြစ်သည်ကိုတွေ့ရှိရသည်။ လူ့ပယောဂကြောင့် တောမီးလောင်ခြင်း၊ စွန့်ပစ်အမှိုက်မီးရှို့ခြင်း၊ စိုက်ပျိုးရေးလုပ်ဆောင်ရန် တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များအား မီးရှို့ရှင်းလင်းခြင်းနှင့်စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို မီးရှို့ဖျက်ဆီးခြင်း၊ မော်တော်ယာဉ်များ၊ စက်ရုံအလုပ်ရုံများမှထွက်သောမီးခိုးများ စသည်တို့ကြောင့် မီးခိုးမြူငွေ့များဖြစ်ပေါ်လာရခြင်းဖြစ်သည်။

သဘာဝအတိုင်းဖြစ်ပေါ်သည့် တောမီးလောင်ကျွမ်းမှုများကို ထိန်းချုပ်ရန်ခက်ခဲသော်လည်း လူသားတို့၏ မဆင်မခြင်မီးရှို့မှုများကိုလျှော့ချနိုင်မည်ဆိုပါက မီးခိုးမြူငွေ့ဖြစ်ပေါ်မှုများလျော့နည်းလာမည်ဖြစ်သည်။ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးကဏ္ဍတွင် မီးရှို့မှုများ လျော့နည်းပပျောက်စေရေးအတွက် တောင်သူလယ်သမားများအား အသိပညာပေးခြင်း၊ အစားထိုးဆောင်ရွက်သင့်သည့် စိုက်ပျိုးရေးနည်းလမ်းများအား စံပြကွက်၊ စမ်းသပ်ကွက်များပြုလုပ်ပြသခြင်း၊ သင်တန်းများပေးခြင်း၊ မီဒီယာများမှပညာပေးခြင်း စသည့်နည်းလမ်းများဖြင့် အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

**မီးရှို့ခြင်းကြောင့် တောင်သူလယ်သမားများကြုံတွေ့လာနိုင်သည့်ဆိုးကျိုးများ**

ရိုးပြတ်နှင့်အမှိုက်သရိုက်များကို မီးရှို့ခြင်းအားဖြင့် ပိုးမွှားရောဂါကျရောက်မှုနည်းပါးစေခြင်းနှင့် ထယ်ထိုးမြေပြင်လုပ်ငန်းများဆောင်ရွက်ရန်လွယ်ကူစေပြီး ပြာမှုန့်များမှနေ၍ မြေဆီဩဇာရသည်ဟု တောင်သူလယ်သမားအများစုက ယူဆလေ့ရှိကြသည်။ လက်တွေ့မှာမူ စိုက်ပျိုးရေးမြေများတွင် မီးရှို့ခြင်းကြောင့် ရေရှည်တွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အောက်ပါဆိုးကျိုးများစွာကို မုချဧကန်ကြုံတွေ့လာနိုင်သည်။

**၁။ မြေဆီလွှာကျန်းမာရေး**

တောင်သူလယ်သမားများစိုက်ပျိုးနေသည့် မြေဆီလွှာတွင် ရုပ်ဂုဏ်သတ္တိ၊ ဓာတုဂုဏ်သတ္တိ၊ ဇီဝဂုဏ်သတ္တိများရှိသည်။ တောင်သူများအနေဖြင့် မြေကြီးကို သက်မဲ့ကြားခံနယ်(Medium)ဟုမမြင်ဘဲ သက်ရှိစနစ်(Living System)တစ်ခုအဖြစ် ရှုမြင်တတ်ရန်လိုသည်။ ကျန်းမာသောမြေဆီလွှာဖြစ်ရန်အတွက် ရုပ်ဂုဏ်သတ္တိ၊ ဓာတုဂုဏ်သတ္တိများကောင်းမွန်နေရုံမျှသာမက ဇီဝဂုဏ်သတ္တိဖြစ်သည့် မြေကြီးအတွင်းအဏုဇီဝပိုးမွှားများပေါများရန်လည်းလိုသည်။ အဏုဇီဝပိုးမွှားများသည်သဘာဝမြေဩဇာများဖြစ်ပေါ်စေရန်နှင့်မြေဆီလွှာအတွင်း အာဟာရဓာတ်များလည်းပတ်နိုင်စေရန် ဆောင်ရွက်ပေးသူများဖြစ်သဖြင့် ၎င်းတို့မရှိပါက မြေဆီလွှာသည် သက်မဲ့မြေကွဲသို့ဖြစ်သွားနိုင်သည်။ စိုက်ခင်းမြေများကို မီးရှို့လိုက်ခြင်းကြောင့် မြေတွင်းရှိ သက်ရှိအဏုဇီဝများသေဆုံးခြင်း၊ မြေဆီလွှာအတွင်း သဘာဝမြေဆွေးဓာတ်ဖြစ်သည့် အော်ဂဲနစ်ပစ္စည်းများဆုံးရှုံးခြင်း၊ မြေအစိုဓာတ်ဆုတ်ယုတ်သွားခြင်း၊ မြေဆီလွှာမာခဲလာခြင်း၊ မြေကျပ်ခြင်း၊ မြေကြီးအတွင်းသို့ ရေစိမ့်ဝင်မှုနည်းသွားခြင်း၊ မြေချဉ်ငန်ကိန်း မျှခြေပျက်သွားခြင်း၊ မြေဆီလွှာတိုက်စားမှုဖြစ်ပေါ်စေခြင်း စသည့်ဆိုးကျိုးများစွာဖြစ်စေ၍ မြေဆီလွှာ၏ဇီဝဂုဏ်သတ္တိသာမက ရုပ်ဂုဏ်သတ္တိ၊ ဓာတုဂုဏ်သတ္တိများပါ ပျက်စီးသွားပြီး မြေဆီလွှာကျန်းမာရေးကို ထိခိုက်စေသည်။

**၂။ စိုက်ပျိုးစရိတ်ပိုမိုမြင့်မားလာခြင်း**

မြေဆီလွှာတွင် သဘာဝအာဟာရဓာတ်များ (မြေဆွေးဓာတ်ထုတ်ပေးသည့် အော်ဂဲနစ်ပစ္စည်းများ) လျော့နည်းသွားသဖြင့် သီးနှံအထွက်နှုန်းကောင်းစေရန် ဓာတ်မြေဩဇာများကို ယခင်ကထက်ပိုမိုဝယ်ယူသုံးစွဲရန်လိုအပ်လာမည်။ မီးရှို့ခြင်းသည် ဖျက်ပိုးများကိုသာမက အကျိုးပြုမိတ်ဆွေပိုးမွှားများ (ဥပမာ- ပင့်ကူ၊ နကျယ်ကောင်)ကိုပါသေစေသောကြောင့် နောက်ပိုင်းတွင် ဖျက်ပိုးများ ပိုမိုကျရောက်လာနိုင်သည့်အန္တရာယ်ရှိပြီး ပိုးသတ်ဆေးပိုမိုသုံးစွဲရန်လိုအပ်လာမည်။

**၃။ ဈေးကွက်**

မီးရှို့စိုက်ခင်းမှထွက်ကုန်များမှာ ဈေးကွက်ပျက်ပြီး ဝယ်လက်မရှိခြင်း၊ ဈေးနှိမ်ခံရခြင်းများကြုံတွေ့ရမည်ဖြစ်သည်။ လက်ရှိကာလတွင် ထိုင်းနိုင်ငံသို့ ပြောင်းသီးနှံကိုရောင်းချသည့်အခါတွင် “မီးခိုးမြူကင်းစင်ကြောင်းထောက်ခံချက်(စိုက်ခင်းကိုမီးရှို့ထားခြင်းမရှိကြောင်း)”တင်ပြနိုင်မှသာ ထိုင်းနိုင်ငံဘက်မှဝယ်ယူလျက်ရှိသည်။

**ပြောင်းလဲကျင့်သုံးသင့်သည့်စိုက်နည်းစနစ်များ**

စိုက်ပျိုးရေးကဏ္ဍမှ မီးရှို့မှုများပပျောက်စေပြီး ရေရှည်တည်တံ့သော စိုက်ပျိုးထုတ်လုပ်မှုကို ဖော်ဆောင်နိုင်ရန်အတွက် တောင်သူလယ်သမားများအနေဖြင့် အောက်ပါနည်းလမ်းများကို အစားထိုးကျင့်သုံးသင့်သည်။

**၁။ ကုန်းမြင့်လယ်ယာဖော်ထုတ်စိုက်ပျိုးခြင်း**

တောင်တန်းဒေသများတွင် ရွှေ့ပြောင်းတောင်ယာစိုက်မည့်အစား ကုန်းမြင့်လယ်ယာများဖော်ထုတ်၍ ကုန်းမြင့်လှေကားထစ်စပါးစိုက်ပျိုးခြင်း၊ စပါးအခြေခံနှစ်သီးစား သီးနှံပုံစံပြောင်းလဲစိုက်ပျိုးခြင်းများဆောင်ရွက်သင့်သည်။ ကုန်းမြင့်လယ်ယာစိုက်ပျိုးခြင်းအားဖြင့် မြေဆီလွှာအာဟာရကို ရေရှည်ထိန်းသိမ်းနိုင်ခြင်း၊ ရေအရင်းအမြစ်ကိုစနစ်တကျစီမံနိုင်ခြင်း၊ စိုက်ပျိုးစရိတ်သက်သာပြီး အထွက်နှုန်းတည်ငြိမ်ခြင်း၊ တရားဝင်မြေပိုင်ဆိုင်မှုအခွင့်အရေးရခြင်း၊ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိခြင်းနှင့် ဈေးကွက်ခိုင်မာသဖြင့် ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

**❒ ❒ ❒ ရွှေ့ပြောင်းတောင်ယာစနစ်မှ တောင်စောင်းစိုက်ပျိုးရေးစနစ်ကို ကူးပြောင်းခြင်းအားဖြင့် သစ်တောပြုန်းတီးမှုကိုလျှော့ချနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်နိုင်ခြင်း၊ ရေတိုက်စားမှုနှင့်မြေဆီလွှာပျက်စီးမှုကိုလျှော့ချနိုင်ခြင်း၊ တစ်နေရာတည်းတွင် အတည်တကျနေထိုင်စိုက်ပျိုးလာနိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်ခြင်း၊ ဈေးကွက်ခိုင်မာခြင်း၊ တောင်သူဝင်ငွေတိုးပြီး လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ခြင်း၊ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုကို လျော့ကျစေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိနိုင် . . .**

**၂။ မြေဆွေးပြုလုပ်၍ သဘာဝမြေဩဇာအဖြစ်အသုံးပြုခြင်း**

ရှေ့သီးနှံရိတ်သိမ်းပြီးသည့်အခါ ကျန်ရှိနေသည့်ရိုးပြတ်များနှင့် စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများကို မီးမရှို့ဘဲ စနစ်တကျမြေဆွေးပြုလုပ်၍ စိုက်ခင်းထဲသို့ထည့်ပေးခြင်းသည် တောင်သူများအတွက် “အမှိုက်ကနေ ရွှေဖြစ်အောင်”ပြုလုပ်နိုင်သည့် အကောင်းဆုံးနည်းလမ်းဖြစ်သည်။ မြေဆွေးပြုလုပ်၍ သဘာဝမြေဩဇာအဖြစ်အသုံးပြုခြင်းအားဖြင့် အော်ဂဲနစ်ပစ္စည်းများကြွယ်ဝစေခြင်း၊ မြေဆီလွှာကျန်းမာစေခြင်း၊ ရေထိန်းသိမ်းနိုင်စွမ်းကို မြှင့်တင်ပေးခြင်း၊ မြေဆီလွှာ၏တည်ဆောက်ပုံကိုကောင်းမွန်စေပြီး လေဝင်လေထွက်ကောင်းစေခြင်း၊ မြေအတွင်းရှိ အကျိုးပြုအဏုဇီဝပိုးမွှားများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဓာတ်မြေဩဇာဖိုးကုန်ကျစရိတ်သက်သာခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

**၃။ ဘိုင်အိုချာပြုလုပ်၍ သဘာဝမြေဩဇာအဖြစ်အသုံးပြုခြင်း**

ဘိုင်အိုချာဆိုသည်မှာ သီးနှံအကြွင်းအကျန်များအား အောက်ဆီဂျင်လုံးဝမရှိသည့်အခြေအနေသို့မဟုတ် အနည်းငယ်သာရှိသည့်အခြေအနေတွင် မီးပြင်းပြင်းဖြင့် ပြာအဆင့်သို့မရောက်စေဘဲ မီးရှို့ခြင်းဖြစ်သည်။ စိုက်ခင်းအတွင်းသို့ ဘိုင်အိုချာထည့်ပေးခြင်းအားဖြင့် မြေဆီလွှာအတွင်း ကာဗွန်ပါဝင်မှုကို ထိန်းပေးနိုင်ခြင်း၊ မြေချဉ်ငန်ဓာတ်ကိုထိန်းညှိပေးခြင်း၊ လေထုကိုအဆိပ်အတောက်ဖြစ်စေသည့်ဓာတ်ငွေ့များကို ဘိုင်အိုချာကစုပ်ယူထားနိုင်ခြင်း၊ ပေါင်းသတ်ဆေး၊ ပိုးသတ်ဆေးများ၏ဓာတ်ကြွင်းအာနိသင်ကို စုပ်ယူထားနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။

**၄။ တောင်စောင်းစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခြင်း**

တောင်စောင်းစိုက်ပျိုးနည်းစနစ်ဆိုသည်မှာ ကြီးထွားမှုမြန်ပြီး နိုက်ထရိုဂျင်ဖမ်းယူပေးနိုင်သည့် ပဲမျိုးရင်းဝင်အပင်များ သို့မဟုတ် ချုံပုတ်ပင်များအား စည်းရိုးကန့်ပင်များအဖြစ် ကွန်တိုလိုင်း (ရေပြင်ညီလိုင်း)အလိုက် ထူထပ်စွာစိုက်ပျိုးကာရံထားပြီး ၎င်းကွန်တိုခြံစည်းရိုး ကန့်ပင်လိုင်းများကြားတွင် သီးနှံပင်များကို အကန့်လိုက်စိုက်ပျိုးခြင်းဖြစ်သည်။ တောင်စောင်းအပေါ်ပိုင်းမှ တိုက်စားစီးဆင်းလာသည့် အနည်အနှစ်များအား စည်းရိုးကန့်ပင်များမှ တားဆီး၍ ကွန်တိုမြောင်းထဲတွင် ဖမ်းယူပိတ်ဆို့ထားသဖြင့် မြေဆီလွှာတိုက်စားဆုံးရှုံးမှုသက်သာစေသည်။ ဤစနစ်စိုက်ပျိုးခြင်းကြောင့် မြေဆီလွှာကောင်းမွန်လာပြီး တစ်နေရာတည်းတွင် နှစ်ရှည်လများစိုက်ပျိုးနိုင်မည်ဖြစ်သည့်အတွက် ရွှေ့ပြောင်းတောင်ယာမြေအသစ်များ ထပ်မံရှာဖွေမီးရှို့စိုက်ပျိုးရန်မလိုတော့ဘဲ တစ်နေရာတည်းတွင် အတည်တကျအမြဲတမ်းတောင်ယာသဖွယ် စိုက်ပျိုးလာနိုင်မည်ဖြစ်သည်။

ရွှေ့ပြောင်းတောင်ယာစနစ်မှတောင်စောင်းစိုက်ပျိုးရေးစနစ်ကို ကူးပြောင်းခြင်းအားဖြင့် သစ်တောပြုန်းတီးမှုကိုလျှော့ချနိုင်ပြီး ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ်နိုင်ခြင်း၊ ရေတိုက်စားမှုနှင့်မြေဆီလွှာပျက်စီးမှုကိုလျှော့ချနိုင်ခြင်း၊ တစ်နေရာတည်းတွင် အတည်တကျနေထိုင်စိုက်ပျိုးလာနိုင်ခြင်း၊ သီးနှံအထွက်နှုန်းတိုးတက်ခြင်း၊ ဈေးကွက်ခိုင်မာခြင်း၊ တောင်သူဝင်ငွေတိုးပြီး လူနေမှုအဆင့်အတန်းမြင့်မားလာနိုင်ခြင်း၊ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုကို လျော့ကျစေခြင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိနိုင်သည်။

**၅။ သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း**

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းဆိုသည်မှာ သစ်တောပင်များ၊ နှစ်ရှည်ပင်များနှင့် ရာသီသီးနှံများသို့မဟုတ်

**စာမျက်နှာ ၂၆ သို့ ○**

ဝ စာမျက်နှာ ၂၅ မှအဆက်

စားကျက်သီးနှံများကိုရောနှော၍ စနစ်တကျ စိုက်ပျိုးခြင်းကိုဆိုလိုသည်။ ဤစနစ်သည် သဘာဝ ပတ်ဝန်းကျင်ကို ထိန်းသိမ်းရုံသာမက တောင်သူများ အတွက်စီးပွားရေးအရ အကျိုးအမြတ်ပိုမိုရရှိစေရန် ရည်ရွယ်သည်။ သီးနှံသစ်တောရောနှောစိုက်ခြင်း ဖြင့် ရွှေ့ပြောင်းတောင်ယာနေရာတွင် အမြဲတမ်း စိုက်ပျိုးရေးကို အစားထိုးသင့်သည်။ နှစ်ရှည်ပင် (သစ်သီးပင်၊ ကော်ဖီ၊ လက်ဖက်၊ ရော်ဘာ) စိုက်ထားသည့်အတွက် ယာမြေနေရာရရှိဖို့ နှစ်စဉ်မီးရှို့ဖို့မလိုတော့ပါ။ သီးနှံသစ်တော ရောနှောစိုက်ခင်းများသည် များသောအားဖြင့် တစ်နှစ်ပတ်လုံး စိမ်းလန်းနေသောနှစ်ရှည်ပင် များရှိနေသည့်အတွက် ခြောက်သွေ့သည့် ရွှေ့ပြောင်းတောင်ယာများထက် တောမီး ကူးစက်လောင်ကျွမ်းဖို့ပိုခက်ခဲစေသည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်ခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးခြင်း၊ ရာသီဥတုမျှတစေပြီး ရာသီဥတုဒဏ်ခံနိုင်ရည် ရှိခြင်း၊ အော်ဂဲနစ်ပစ္စည်းများပေါများစေခြင်း၊ မြေဆီလွှာဖွံ့ဖြိုးခြင်း၊ ဝင်ငွေလမ်းကြောင်းမျိုးစုံ ရရှိခြင်းနှင့်ဝင်ငွေတိုးတက်ခြင်း စသည့်အကျိုး ကျေးဇူးများစွာရရှိနိုင်သည်။

**၆။ ရိုးပြတ်များကို စိုက်ခင်းအတွင်း ထယ်ထိုး မြေမြှုပ်ပြန်လည်ထည့်သွင်းခြင်း**

မြေဆီဩဇာထက်သန်သည့်မြေဖြစ်ရန်အတွက် မြေကြီးအတွင်းသို့ သဘာဝမြေဆွေးဓာတ်ပေး နိုင်သည့် အော်ဂဲနစ်ပစ္စည်းများထည့်ပေးရန်လို သည်။ ရိုးပြတ်များကိုမီးမရှို့ဘဲ ထယ်မှောက်ခြင်း နှင့်ခုတ်ဖုံးစနစ်ကျင့်သုံးခြင်းသည် မြေကြီးအတွင်း အော်ဂဲနစ်ပစ္စည်းများထည့်ပေးနေခြင်းပင်ဖြစ် သည်။ ရိုးပြတ်များဆွေးမြည့်မှုမြန်ဆန်စေရန် အဏုဇီဝဖျော်ရည်အီးအမ်ဖျန်းပေးခြင်း၊ ယူရီးယား အနည်းငယ်ထည့်ပေးခြင်း၊ သင့်တော်သော ထွန်ယက်ရေးကိရိယာများအသုံးပြုခြင်း စသည် တို့ကိုဆောင်ရွက်သင့်သည်။ ဤကဲ့သို့ဆောင်ရွက် ပေးခြင်းဖြင့် မြေဆီလွှာအာဟာရနှင့်အော်ဂဲနစ် ပစ္စည်းတိုးပွားလာခြင်း၊ မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိ များကောင်းမွန်လာခြင်း၊ အကျိုးပြုအဏုဇီဝ ပိုးများပွားများလာခြင်း၊ ရေရှည်တွင် ဓာတ်မြေ ဩဇာသုံးစွဲမှု လျော့ကျလာနိုင်စေခြင်း စသည့် အကျိုးကျေးဇူးများစွာရရှိနိုင်သည်။

**၇။ သီးနှံအကြွင်းအကျန်များအား မြေဖုံးပစ္စည်း အဖြစ်အသုံးပြုခြင်း**

ဤနည်းလမ်းသည် သီးနှံရိတ်သိမ်းပြီး ကျန်ရှိ သော ကောက်ရိုး၊ ပြောင်းရိုး၊ ပဲမှော်နှင့်အခြား အပင်အပိုင်းအစများကိုမီးမရှို့ဘဲ စိုက်ခင်းမြေ မျက်နှာပြင်ပေါ်တွင် မြေဖုံးပစ္စည်းအဖြစ် ဖုံးအုပ် ပေးထားခြင်းဖြစ်သည်။ ဤသို့ဆောင်ရွက်ခြင်း ဖြင့် မြေဆီလွှာအစိုဓာတ်ထိန်းသိမ်းနိုင်ခြင်း၊ ပေါင်းပေါက်ရောက်မှုကို နှိမ်နင်းနိုင်ခြင်း၊ မြေဆီလွှာ အပူချိန်ကိုထိန်းညှိခြင်း၊ မြေဆီလွှာတိုက်စားမှုကို ကာကွယ်ခြင်း၊ ရေရှည်တွင် မြေဆီဩဇာတိုးတက် လာခြင်း စသည့်အကျိုးကျေးဇူးများစွာရရှိနိုင် သည်။

**၈။ တိရစ္ဆာန်အစာပြုလုပ်ခြင်း**

သီးနှံအကြွင်းအကျန်များကိုမီးမရှို့ဘဲ တိရစ္ဆာန် အစာအဖြစ်ပြုလုပ်အသုံးပြုခြင်းသည် စိုက်ခင်းမှ ထွက်သမျှပစ္စည်းများကို အကျိုးရှိရှိအသုံးချနိုင် သည့်အတွက် "လုံးဝအလေအလွင့်မရှိသော စိုက်ပျိုးရေးစနစ်" (Zero Waste Farming)ကို ဖော်ဆောင်ရာရောက်သည်။ မိမိတို့မွေးမြူထား သည့်တိရစ္ဆာန်များအတွက် အစာဖိုးသက်သာ စေသည့်အပြင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အကျိုးရှိရှိပေါင်းစပ်လုပ်ကိုင်လာနိုင်သည်။ ဤသို့ လုပ်ဆောင်ခြင်းဖြင့် တောင်သူများအနေဖြင့် သဘာဝမြေဩဇာ (တိရစ္ဆာန်စွန့်ပစ်ပစ္စည်း) ပြန်လည်ရရှိခြင်း၊ တိရစ္ဆာန်အစာဝယ်ယူစရိတ် သက်သာခြင်း စသည့်အကျိုးကျေးဇူးများရရှိ နိုင်ပြီး "စိုက်ပျိုးရေးကလည်းအောင်မြင်၊ မွေးမြူ ရေးကလည်းအဆင်ပြေ" ဖြစ်၍ စီးပွားရေး တွက်ခြေကိုက်နိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် မီးခိုးမြူငွေ့ကင်းစင် သော ပတ်ဝန်းကျင်တစ်ခုရရှိရန်အတွက် တောင်သူလယ်သမားများအနေဖြင့် ဖော်ပြပါ စိုက်ပျိုးနည်းစနစ်များအနက် မိမိတို့နှင့်လိုက်လျော ညီထွေရှိမည့် စိုက်ပျိုးနည်းစနစ်များကို မဖြစ်မနေ ပြောင်းလဲကျင့်သုံးသင့်သည်။ ဤနည်းစနစ်များ သည် မြေဆီဩဇာကောင်းမွန်ရေး၊ သီးနှံအထွက် နှုန်းတည်ငြိမ်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေးအရ အကျိုးကျေးဇူးများစွာရရှိနိုင်သော ရေရှည်တည်တံ့စေမည့်စိုက်ပျိုးရေးနည်းလမ်းများ ဖြစ်သည်။ ဤနည်းလမ်းများကို ကျယ်ကျယ် ပြန့်ပြန့်ကျင့်သုံးခြင်းဖြင့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တို့ကို တစ်ပြိုင်နက်တည်းဖော်ဆောင်နိုင်မည် ဖြစ်ပါသဖြင့် တောင်သူလယ်သမားများလိုက်နာ ကျင့်သုံးနိုင်စေရေးအတွက် တင်ပြလိုက်ရပါ သည်။ ။

# ညောင်ရေသွန်းစို့

❖ ရာသီပြိုသ
ကဆုန်လ ရောက်လေပြီ။
ပြည်တစ်ခွင် စံကားပန်းတို့
ပွင့်လန်းဝေစည်။
သိင်္ဂီရွှေ ပမာညီ
နေခြည်မှာ ဝါဝါဝင်း။
လေသင့်ရာ မွှေးရနံ့လည်း
ပျံ့နှံ့ထုံသင်း။

❖ စံကားပန်းရနံ့
သင်းပျံ့သည့် သည်ချိန်ခါ။
နေသူရိန် ပူရှိန်ပြင်း
ထွန်းလင်းသာယာ။
မြစ်ချောင်းတွေမှာ
ရေသီတာခြောက်ခန်းရုံမက။
ပန်းမန်သစ်ပင်အပေါင်းတို့
ရွက်ဟောင်းကြွေရ။

❖ နေပူရှိန် ဘယ်လိုညည်း
ထန်ပြင်းလည်း မမှုတယ်။
ပန်းစံကားတွေ လှမာန်ဝင့်
ဖူးပွင့်သည့်နယ်။
ကဆုန်လ အခါဝယ်
စိတ်စင်ကြယ် အေးချမ်းရေး။
မြတ်ဗုဒ္ဓဂုဏ်တော်
ရည်မျှော်ကာ ညောင်ညိုပင်အား
ရေစင်သွန်း ကုသိုလ်မှု
ပြုကြစို့လေး။ ။

အင်ကြင်းသူ(နေပြည်တော်)

# မဂူကျွန်းကျေးရွာ၌စိုက်ပျိုးထားသည့် ငရုတ်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း



အိမ်မဲ ဧပြီ ၂၉

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် ရုံးတော ကျေးရွာအုပ်စု မဂူကျွန်းကျေးရွာ၌ စိုက်ပျိုးထားသည့် ငရုတ်စိုက်ခင်းများအောင်မြင်ဖြစ်ထွန်း၍ စိုက်ပျိုးသူ မိသားစုများ အဆင်ပြေလျက်ရှိကြောင်း သိရ သည်။

"ကျွန်တော် ငရုတ်ကိုနှစ်စဉ်စိုက်ပျိုးထားပါတယ်။ ဒီနှစ်ငရုတ်ရာသီမှာတော့ ရာသီဥတုကောင်းမွန်မှုနဲ့ အချိန်မီစိုက်ပျိုးမှုကြောင့် အပင်များအောင်မြင်တာ ဖြစ်ပါတယ်။ ငရုတ်စတင်မစိုက်ပျိုးမီ အပင်ပျိုးထောင် ရပါတယ်။ အပင်များပေါက်လာချိန်မှာ အထူးဂရုစိုက် ရပါတယ်။ အပင်ပေါက်တွေ ပိုးမွှားကိုက်မှာကို သတိထားပြီး ပိုးသတ်ဆေးအနည်းငယ်ဖျန်းရတယ်။ အပင်သက် ၁၅ ရက်ကြာရင် မြေနဲ့မြေဩဇာထည့် ထားတဲ့ ပလတ်စတစ်အိတ်များအတွင်း ရွှေ့ပြောင်း စိုက်ပျိုးပါတယ်။ နောက် ၁၅ ရက်အကြာမှာတော့ နွားချေး၊ ဖွဲပြာတို့ ရောနှောပြုလုပ်ထားသော စိုက်ပေါင်များသို့ရွှေ့ပြောင်းစိုက်ပျိုးပြီး နေ့စဉ် ရေနှစ်ကြိမ်လောင်းပေးရပါတယ်။ မြေဩဇာနဲ့ မှိုသတ်ဆေးကိုလည်းသုံးပေးရပါတယ်။ စိုက်ပျိုးပြီး တစ်လခွဲအကြာမှာ အပွင့်များလိုက်လာပြီး အသီး များလည်း လှိုင်လှိုင်သီးလာပါတယ်" ဟု ငရုတ် စိုက်ပျိုးရောင်းချသူ ဦးသားကြီးကပြောသည်။

ငရုတ်ကို ဒီဇင်ဘာလမှစတင်စိုက်ပျိုးပြီး ဧပြီလ နောက်ဆုံးပတ်တွင် ခူးဆွတ်ရောင်းချနိုင်ပြီဖြစ် ကြောင်း သိရသည်။

(၄၀၇)

# ကဝမြို့၌ ကျေးလက်စီးပွားမြှင့်တင်ရေးအတွက် စက်ချုပ်နည်းသင်တန်းဖွင့်လှစ်

ကဝ ဧပြီ ၂၉

ပဲခူးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ကြီးမှူး၍ ကျေးလက်နေ ပြည်သူများ လူမှုစီးပွားမြင့်မားလာစေရေးနှင့် ရက် ၁၀၀ အတွင်း အသေးစားကုန်ထုတ်လုပ်ငန်း ရှင်များ ပေါ်ထွက်လာစေရေးအတွက် စက်ချုပ်နည်း ပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၉ ရက် နံနက်ပိုင်းတွင် ကဝမြို့နယ် အလယ်ရွာကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်နှင်းနှင်းယုက သင်တန်းဖွင့်အမှာစကားပြော ကြားသည်။

အဆိုပါသင်တန်းကို ဧပြီလ ၂၉ ရက်မှ မေလ ၂၈ ရက်ထိ ပထမအကြိမ်နှင့် မေလ ၃၁ ရက်မှ ဇွန်လ ၁၄ ရက်အထိ မွမ်းမံသင်တန်းတို့ကို အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေး နှင့် ကျေးလက်နေမိသားစုများ ဝင်ငွေတိုးရေး စီမံကိန်းဖြင့်ဖွင့်လှစ်၍ အခြေခံစက်ချုပ်နည်းပညာ သဘောတရားများနှင့် အသုံးပြုဝတ်ဆင်နေသည့် အမျိုးသမီးဝတ် အင်္ကျီ၊ လုံချည်၊ ဘောင်းဘီ၊ ဂါဝန်နှင့်စကတ်များ၊ အမျိုးသားဝတ်ရှပ်အင်္ကျီ ချုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပေး သွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ကာ ထူးချွန်သင်တန်းသူ ငါးဦးအား လုပ်ငန်းသုံးပစ္စည်းပေးအပ်၍ လုပ်ငန်းထူထောင် လုပ်ကိုင်သွားစေမည်ဖြစ်ကြောင်း သိရသည်။ (၄၁၀)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၄-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# ပခုက္ကူမြို့ ရွှေဟောင်းသမိုင်းဝင်သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ နယုန်လဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ပခုက္ကူ ဧပြီ ၂၉

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီးကိုယ်တိုင် တည်ထားကိုးကွယ်ခဲ့သော ရွှေဟောင်းသမိုင်းဝင်သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၏ နယုန်လဗုဒ္ဓပူဇနိယပွဲတော်ကို မေလ ၂၃ ရက်မှ ဇွန်လ ၇ ရက်အထိ ၁၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

နယုန်လဗုဒ္ဓပူဇနိယပွဲတော်ကာလအတွင်း ရပ်နီးရပ်ဝေးမှဈေးသည်များ၊ ဒေသခံဈေးသည်များ စုပေါင်း၍ ဈေးဆိုင်ခန်းပေါင်းမြောက်မြားစွာဖွင့်လှစ်မည်ဖြစ်ပြီး အဝတ်အထည်အရောင်းဆိုင်များ၊ ချက်ပြုတ်ရေးသုံးပစ္စည်းအရောင်းဆိုင်များ၊ အညာဒေသထွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ တောင်သူလယ်သမားသုံးပစ္စည်းအရောင်းဆိုင်များ၊ ကလေးကစားစရာပစ္စည်းအရောင်းဆိုင်များ၊ မုန့်ဆိုင်တန်းများအပြင် မိဘပြည်သူများစိတ်အပန်းပြေစေရေးအတွက် ကလေးကစားစရာနေရာများ၊ ပင်လယ်ဓားပြအပါအဝင် အပျော်စီးနေရာများ ထည့်သွင်းမည်ဖြစ်သည်။

သီဟိုဠ်ရှင်ကဇာတ်ရုံ၌ မေလ ၂၈ ရက်မှ ၃၁ ရက်အထိ စမ်းရေမိုးဇာတ်အဖွဲ့နှင့် ဇွန်လ ၃ ရက်မှ ၇ ရက်အထိ ကောင်းစစ်ဟိန်းဇာတ်အဖွဲ့တို့၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း၊ ဈေးရောင်းပွဲတော်အတွက် ယခင်ဆိုင်ခန်းပိုင်ရှင်များအား မေလ ၁ ရက်မှ ၈ ရက်အထိနှင့် ဆိုင်ခန်းပိုင်ရှင်အသစ်များအား မေလ ၉ ရက်မှ ၂၂ ရက်အထိ လက်ငင်းငွေချေစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



# ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းဖွင့်လှစ်

စဉ့်ကိုင် ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ရက် ၁၀၀ စီမံချက်ဖြင့် ဆောင်ရွက်သော ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း အခြေခံနှင့်မွမ်းမံစက်ချုပ်နည်းပညာသင်တန်းကို ဧပြီလ ၂၈ ရက်က စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာအုပ်စု တောင်ဦးကျေးရွာဓမ္မာရုံ၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးလှမျိုးက စက်ချုပ်နည်းပညာများကို အခြေခံနှင့် မွမ်းမံသင်ယူပြီး ခေတ်နှင့်အညီ ပညာရပ်များကို ကြိုးစားသင်ယူကြရန် အမှာစကားပြောကြားသည်။ ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးက ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူးနှင့် ကျေးရွာကော်မတီခေါင်းဆောင်တို့ထံ စီမံကိန်းလုပ်ငန်းနှင့်ပတ်သက်သည့် စာရွက်စာတမ်းများပေးအပ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းထွန်းနိုင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတိုက်ကြည်တို့က ဧပြီလ ၂၇ ရက်မှ မေလ ၂၆ ရက်အထိဖွင့်လှစ်လျက်ရှိသည့် အခြေခံစက်ချုပ်နည်းပညာသင်တန်းတက်ရောက်သော သင်တန်းသူ ၁၅ ဦးအား သင်တန်းသုံးစက်ပစ္စည်းများ လွှဲပြောင်းပေးအပ်ကြကြောင်း သိရသည်။

ကျော်စွာ(စဉ့်ကိုင်)

# ဒေးဒရဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေး

ဒေးဒရဲ ဧပြီ ၂၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ် ကင်းဝေးစေရေးနှင့် မီးလောင်မှုများဖြစ်ပွားလာပါက အချိန်မီ မီးငြိမ်းသတ်နိုင်ရေး ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးအန္တရာယ်ကင်းရှင်းရေး ကွင်းဆင်းစစ်ဆေးခြင်းကို ဧပြီလ ၂၈ ရက်က ဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးဝဏ္ဏဝင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဟန်ဝင်းစိုးနှင့် တာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များက မြို့မဈေးအတွင်း မီးလောင်မှုဖြစ်စေတတ်သော လောင်စာဆီများနှင့် လောင်စာများ သိုလှောင်ထားခြင်းမပြုရန်၊ ဈေးဆိုင်ခန်းများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်ဝိုင်ယာကြိုးများကို အရည်အသွေးပြည့်မီသော ပစ္စည်းများသာအသုံးပြုရန်၊ မီးလောင်မှုများဖြစ်ပွားလာပါက မြို့နယ်မီးသတ်ဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ အကူအညီတောင်းခံကြရန် စသည်တို့ကို အသိပညာပေးဆွေးနွေးသည်။

ထို့နောက် တာဝန်ရှိသူများက မြို့မဈေးအတွင်းရှိ ရေသိုလှောင်ကန်နှင့် အရေးပေါ် မီးငြိမ်းသတ်ရေးပစ္စည်းများ အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။

အေဇာလင်း



# ညောင်ဦးမြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းပြုလုပ်

ညောင်ဦး ဧပြီ ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် စည်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် လုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်းကို ဧပြီလ ၂၈ ရက်က ပြုလုပ်သည်။

ရှေးဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူလှက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် လုပ်ငန်းအဖွဲ့ဝင်များ၏ တာဝန်နှင့်ဝတ္တရားများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် စည်သာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ လုပ်ငန်းအဖွဲ့ဝင် ခုနစ်ဦးကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀ ကို ကျေးရွာတွင် အမှန်တကယ်နေထိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တခြားမိသားစုဝင်ငွေတိုးလုပ်ငန်းများ လုပ်ကိုင်မည့် ကျေးရွာသူ၊ ကျေးရွာသားများကို အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးပြီး စီမံကိန်းလုပ်ငန်းများကို အောင်မြင်စွာ လည်ပတ်လုပ်ကိုင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

# မြဝတီမြို့နယ် လက်ညှိုးကွေ့ကျေးရွာ၌ မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းများဆောင်ရွက်

မြဝတီ ဧပြီ ၂၉

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြဝတီမြို့နယ် လက်ညှိုးကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဧပြီလ ၂၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်သူရနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ လက်ညှိုးကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ/မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလက်ညှိုးကွေ့ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၄၀ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် ၃၆ ဒသမ ၅ သန်းကို ထုတ်ချေးပေးထားကြောင်း သိရသည်။

ဘိုဘို

# ယခုဘောလုံးရာသီအကုန်တွင် မန်စီးတီးအသင်းမှထွက်ခွာရန် ခံစစ်ကစားသမား နေသန်အကီဆုံးဖြတ်ထား




မန်ချက်စတာ မေ ၁၉

မန်စီးတီးအသင်းခံစစ်ကစားသမား နေသန်အကီသည် ယခုဘောလုံးရာသီအကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်ထားကြောင်း သိရသည်။

အသက် ၃၁ အရွယ် နေသန်အကီသည် ၂၀၂၀ ပြည့်နှစ်က ဘုန်းမောက်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီခြောက်ရာသီကြာကစားပြီးနောက် ယခုဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

နေသန်အကီသည် မန်စီးတီးအသင်းနှင့်အတူ အစောပိုင်းနှစ်များက အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်ခဲ့သော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ဒဏ်ရာပြဿနာများနှင့် ရုန်းကန်နေရသည့်အတွက် ပြိုင်ပွဲစုံ ၁၈ ပွဲသာ ပါဝင်ကစားခဲ့ရသည်။

နေသန်အကီသည် ယခုဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၁ ပွဲ ပါဝင်ကစားထားသော်လည်း ပွဲစဉ်အများစုကို လူစားဝင်ကစားသမားအဖြစ်သာပါဝင်ခဲ့ရပြီး အသင်းတွင် အရေးပါမှုနည်းပါးလာသည့်အတွက် ရာသီအကုန်တွင် အသင်းမှ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန်ဆုံးဖြတ်ထားခြင်းဖြစ်သည်။

နေသန်အကီသည် မန်စီးတီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၁၇၄ ပွဲ ပါဝင်ကစားထားကာ ၁၀ ဂိုးသွင်းယူထားပြီး ပရီးမီးယားလိဂ်ဖလား လေးကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်၊ ကာရာဘောင်းဖလားနှစ်ကြိမ်၊ ချန်ပီယံလိဂ်ဖလားတစ်ကြိမ်၊ ဥရောပစူပါဖလားတစ်ကြိမ်နှင့် ကလပ်ကမ္ဘာ့ဖလားတစ်ကြိမ်ဆွတ်ခူးထားနိုင်ခဲ့ကြောင်း သိရသည်။ *Ref;Fabrizio Romano*

# မန်ယူအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် တိုက်စစ်မှူးစီရော်နယ်ဒို၏ ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေကို ဖာနန်ဒက်လိုက်မီ

မန်ချက်စတာ မေ ၁၉

မန်ယူအသင်းသမိုင်းတစ်လျှောက် တိုက်စစ်မှူးစီရော်နယ်ဒို၏ ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေကို ဖာနန်ဒက်က လိုက်မီနိုင်ခဲ့ကြောင်း B/R Football သတင်းဝက်ဘ်ဆိုက်က ဖော်ပြခဲ့သည်။

မန်ယူအသင်းက ဘရန့်ဖို့ဒ်အသင်းကို ၂ ဂိုး- ၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ဖာနန်ဒက်သည် အသင်းဖော် ဆက်ကို၏သွင်းဂိုးကို ဖန်တီးမှုပြုလုပ်ပေးနိုင်ပြီးနောက် စီရော်နယ်ဒို၏ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေကို လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသမိုင်းတစ်လျှောက် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် စီရော်နယ်ဒိုသည် ၁၀၃ ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၃၇ ကြိမ်ပြုလုပ်နိုင်ပြီး စုစုပေါင်း ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၁၄၀ ရှိခဲ့ရာ ယခုအခါ ဖာနန်ဒက်ကလည်း သွင်းဂိုး ၇၀ နှင့် ဂိုးဖန်တီးမှုအကြိမ် ၇၀ စုစုပေါင်းဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၁၄၀ ဖြင့် လိုက်မီနိုင်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသမိုင်းတစ်လျှောက် ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေအများဆုံး ကစားသမားစာရင်းတွင် ရွန်းနီက ၁၈၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၉၃ ကြိမ် ဂိုးပါဝင်ပတ်သက်မှုအကြိမ်ရေ ၂၇၆ ကြိမ်ဖြင့် ထိပ်ဆုံး၌ရပ်တည်နေပြီး ၎င်း၏နောက်တွင် ရိုင်ယန်ဂစ်က ၁၀၉ ဂိုး၊ ဂိုးဖန်တီးမှု ၁၆၂ ကြိမ် ဂိုးပါဝင်ပတ်သက်မှု ၂၇၁ ကြိမ်၊ ပေါလ်စခိုးက ၁၀၇ ဂိုး၊ ဂိုးဖန်တီးမှု ၅၅ ကြိမ် ဂိုးပါဝင်ပတ်သက်မှု ၁၆၂ ကြိမ်၊ ဒေးဗစ်ဘက်ခမ်းက ၆၂ ဂိုး၊ ဂိုးဖန်တီးမှုအကြိမ် ၈၀ ဂိုးပါဝင်ပတ်သက်မှု ၁၄၂ ကြိမ်ဖြင့် အသီးသီးရပ်တည်နေသည်။

ဖာနန်ဒက်သည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ဂိုးဖန်တီးမှု ၁၉ ကြိမ်အထိရှိလာသည့်အတွက် ပြိုင်ပွဲသမိုင်းတစ်လျှောက် တစ်ရာသီ ဂိုးဖန်တီးမှုအများဆုံးကစားသမားများအဖြစ် အကြိမ် ၂၀ စီဖြင့်ရပ်တည်နေသည့် အာဆင်နယ်အသင်းကစားသမားဟောင်း အွန်နရီနှင့် မန်စီးတီးအသင်းကစားသမားဟောင်း ဒီဘရိုင်းတို့၏စံချိန်ကိုလိုက်မီနိုင်ရန် တစ်ကြိမ်သာလိုအပ်တော့ကြောင်း သိရသည်။

*Ref;Fotmob*

# ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြသစ်ရာထူးအတွက် နည်းပြဟောင်းမော်ရင်ဟိုအား ခန့်အပ်ရန် သတင်းများထွက်ပေါ်



မက်ဒရစ် မေ ၁၉

ရီးယဲလ်မက်ဒရစ်အသင်းက လစ်လပ်နေသည့် အသင်းနည်းပြရာထူးအတွက် နည်းပြဟောင်းတစ်ဦးဖြစ်သည့် လက်ရှိ ဘင်ဖီကာအသင်းနည်းပြ မော်ရင်ဟိုအားခန့်အပ်ရန် သတင်းများထွက်ပေါ်နေသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဘောလုံးရာသီတွင် နည်းပြသစ်အဖြစ် အလွန်ဆိုကိုခန့်အပ်ခဲ့သော်လည်း အသင်းမှကစားသမားများနှင့် ဆက်ဆံရေးတင်းမာမှုများကြောင့် ရာသီမကုန်ဆုံးမီ နည်းပြရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ယခုဘောလုံးရာသီကုန်အထိ ယာယီနည်းပြအဖြစ် အာဘီလိုအာကို ခန့်အပ်ပြီး နည်းပြအာဘီလိုအာအနေဖြင့် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်ပေးနိုင်ခြင်းမရှိသည့်အတွက် ရာသီအကုန်တွင် လမ်းခွဲမည်ဖြစ်ပြီး နည်းပြသစ်တစ်ဦးခန့်အပ်မည်ဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက ရာသီအကုန်တွင် နည်းပြသစ်အဖြစ်ခန့်အပ်ရန် လက်ရှိအချိန်ကတည်းက ချိတ်ဆက်မှုများလုပ်ဆောင်နေပြီး အသင်းဥက္ကဋ္ဌ ပီရက်ကိုယ်တိုင်က လူငယ်နည်းပြများကို ခန့်အပ်မည်မဟုတ်ဘဲ အတွေ့အကြုံရှိသည့် ဝါရင့်နည်းပြတစ်ဦးကိုခန့်အပ်မည်ဟု အတည်ပြုခဲ့ပြီးနောက် ဥရောပတွင် အတွေ့အကြုံကောင်းများစွာရှိနေသည့် နည်းပြမော်ရင်ဟိုနှင့် သတင်းများထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြသစ်အဖြစ် လီဗာပူးအသင်းနည်းပြဟောင်း ကလော့အား ခန့်အပ်လိုသော်လည်း ကလော့ကိုယ်တိုင်က နည်းပြလောကသို့ပြန်လည်ဝင်ရောက်မည်မဟုတ်ဟု ပြောကြားခဲ့သည့်အတွက် လက်လျှော့ခဲ့ရသည်။

နည်းပြမော်ရင်ဟိုသည် ရီးယဲလ်မက်ဒရစ်အသင်းကို ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့ဖူးသူဖြစ်ပြီး စပိန်လာလီဂါဖလား တစ်ကြိမ်၊ စပိန်ကိုပါဒယ်ရေးဖလား တစ်ကြိမ်နှင့် စပိန်စူပါဖလားတစ်ကြိမ် ဆွတ်ခူးပေးနိုင်ခဲ့သည်။

လက်ရှိတွင် နည်းပြမော်ရင်ဟိုသည် ဘင်ဖီကာအသင်းကို တာဝန်ယူကိုင်တွယ်နေပြီး ပေါ်တူဂီလိဂ်ပြိုင်ပွဲ၌ ၃၁ ပွဲကစားပြီးချိန်တွင် ၂၂ ပွဲနိုင်၊ ကိုးပွဲသရေ၊ ရှုံးပွဲမရှိသေးဘဲ ရမှတ် ၇၅ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)နေရာ၌ ရပ်တည်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပွဲ ၅၀ ပြည့် အသက်အငယ်ဆုံး ပေါ်တူဂီကစားသမားအဖြစ် မန်ဒက်မှတ်တမ်းဝင်

လစ္စဘွန်း မေ ၁၉

ပေါ်တူဂီအသင်းနှင့် ပီအက်စ်ဂျီအသင်းခံစစ်ကစားသမား မန်ဒက်သည် ချန်ပီယံလိဂ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ်ကစားသည့် ပီအက်စ်ဂျီအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ ပွဲစဉ်တွင်ပါဝင်ကစားပြီးနောက် ပေါ်တူဂီကစားသမား စီရော်နယ်ဒို၏ ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ပွဲ ၅၀ ကို အသက်အငယ်ဆုံးဖြင့် ပြည့်မြောက်ခဲ့သည့် ကစားသမားမှတ်တမ်းကို ကျော်ဖြတ်နိုင်ခဲ့ကြောင်း သိရသည်။

အစောပိုင်းက ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပွဲ ၅၀ အားအသက်အငယ်ဆုံးဖြင့် ပြည့်မြောက်ခဲ့သည့်ကစားသမားအဖြစ် စီရော်နယ်ဒိုက ကာလရှည်ရပ်တည်နိုင်ခဲ့ခြင်းကို ယခုအခါ မန်ဒက်က ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

မန်ဒက်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိကကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်းပြနိုင်ကာ အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့သူဖြစ်သည်။

မန်ဒက်သည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် စပို့တင်းလစ္စဘွန်းအသင်း၊ ပီအက်စ်ဂျီအသင်းတို့နှင့်အတူ ပွဲပေါင်း ၅၀ ပြည့်မြောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

*Ref;Top Skills Sports UK*

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြေတိုင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြေတိုင်းဦးစီးဌာနတွင် အသုံးပြုရန်အတွက် အောက်ပါလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းအား ဌာနအရောက်တန်ဖိုး(D.D.P)မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Workstation Computer | (2)Sets |
| ( ခ ) | Desktop Computer | (4)Sets |
| ( ဂ ) | Battery For Aibotix Drone | (1)Set |
| (ဃ) | Digital Level | (1)Set |
| ( င ) | Differential GPS | (1)Set |
| ( စ ) | Geospatial Platform Web Portal(Credit 10000) | (1)Lot |
| (ဆ) | TNT mips Upgrade(Complete Remote sensing & GIS Software)with Printer Module Software Key | (15)Nos. |
| ( ဇ ) | FortiMail VM02 with FortiCare Premium and FortiGuard Enterprise ATP Bundle Contract | (1)Nos. |
| (ဈ) | ပုံနှိပ်လုပ်ငန်းသုံးပစ္စည်းများ | (1)Lot |

၂။ အိတ်ဖွင့်တင်ဒါများအား ၁၅-၅-၂၀၂၆ ရက်နေ့(၁၂:၀၀)နာရီတွင် နောက်ဆုံးထား၍ လက်ခံမည်ဖြစ်ပြီး (၁၄:၀၀)နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါမည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြေတိုင်းဦးစီးဌာန၊**
**မြို့ပတ်လမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၃၄၃၃၊ ၀၆၇-၃၄၁၃၀၇၃**
**၀၉-၉၆၄၉၃၄၅၇၆၊ ၀၉-၄၄၄၄၅၃၇၉၈**

## အကောက်ခွန်ဦးစီးဌာန
## ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချရေးကြော်ငြာ

၁။ အကောက်ခွန်ဦးစီးဌာနက တည်ဆဲအကောက်ခွန်ဥပဒေအရ အရေးယူထားသော Electronics ပစ္စည်းများ၊ စက်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများနှင့် အထွေထွေကုန်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူများ ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက်/အချိန် - (၁၄-၅-၂၀၂၆)ရက်နေ့ နံနက်(၁၀:၀၀)နာရီ၊
(ခ) နေရာ - ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
(ဂ) ပစ္စည်းအမျိုးအမည် - Electronics ပစ္စည်းများ၊ စက်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ တိရစ္ဆာန်အစာများနှင့် အထွေထွေကုန်ပစ္စည်းများ။
(ဃ) လေလံပုံစံရောင်းချခြင်း - လေလံပုံစံ(လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်းစာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ်(၁၀၀၀၀/-)(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် (၆-၅-၂၀၂၆)ရက်နေ့မှ (၇-၅-၂၀၂၆)ရက်နေ့ထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
(င) ပစ္စည်းပြသမည့်အချိန် - လေလံပုံစံဝယ်ယူပြီးသူများအား (၈-၅-၂၀၂၆)ရက်နေ့မှ (၁၂-၅-၂၀၂၆)ရက်နေ့အထိ ရုံးဖွင့်ရက် နံနက်(၁၀:၀၀)နာရီမှ ညနေ(၁၆:၀၀)နာရီအထိ (၃)ရက် ပြသပါမည်။

၂။ အသေးစိတ်အချက်အလက်သိရှိလိုသူများသည် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၊ အကောက်ခွန်(ကုန်လှောင်ရုံ)၊ ကွန်ကရစ်ကမ်းနားလမ်း၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ လူကိုယ်တိုင် သို့မဟုတ် ဖုန်း (၀၉-၄၂၀၀၀၅၉၂၀)နှင့် (၀၉-၂၅၄၀၇၃၃၀၂)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**လေလံတင်ရောင်းချရေးအဖွဲ့**
**အကောက်ခွန်ဦးစီးဌာန၊ ရန်ကုန်မြို့။**

### ပျောက်ဆုံးကြောင်း
တင်မောင်(ဘ)ဦးသာထင် ၁၁/မအန(နိုင်)၀၃၉၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၁၁၃၃၅၆၂

## ဟဂ်ျခရီးစဉ်ဝန်ဆောင်မှု
## တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့မှ မြန်မာနိုင်ငံ ဟဂ်ျခွဲတမ်း ၃၅၀ ဦးအတွက် ဟဂ်ျခရီးစဉ်ပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်မည့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားပြီး မြန်မာနိုင်ငံဆိုင်ရာ ဆော်ဒီအာရေးဗီးယားနိုင်ငံသံရုံး၊ အသိအမှတ်ပြု(မော်နာဇင်ကတ်)ရရှိထားသည့် ခရီးသွားကုမ္ပဏီများ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်တင်ဒါစည်းကမ်းချက်များကို ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၀၉ ၂၀၃၈၅၆၃ တွင်လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာအစ္စလာမ်ဘာသာရေးအဖွဲ့ကြီးရုံး(အမှတ်-၁၈၄၊ ၃ လွှာ၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၈၈၁၄၆)တွင်လည်းကောင်း၊ ၁-၅-၂၀၂၆ ရက်နေ့မှ ၃-၅-၂၀၂၆ ရက်နေ့အထိ ၀၉ ၃၀ အချိန်မှ ၁၆ ၃၀ အချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပုံစံများကို ပြည့်စုံစွာဖြည့်စွက်ပြီး ချိပ်ပိတ်၍ **ရန်ကုန်တိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ (ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့)**တွင် ၄-၅-၂၀၂၆ ရက်နေ့(တနင်္လာနေ့)မွန်းတည့် ၁၂ နာရီတိတိ နောက်ဆုံးထားတင်သွင်းရပါမည်။

၄။ ယင်းနေ့ ၁၄ ၀၀ အချိန်(မွန်းလွဲ ၂ နာရီ)တိတိ၌ **အစည်းအဝေးခန်းမ၊ သာသနာရေးဝန်ကြီးဌာန(ရန်ကုန်ရုံးခွဲ)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**တွင် တင်ဒါတင်သွင်းသူများ၏ရှေ့မှောက်၌ တင်ဒါဖွင့်လှစ်စိစစ်ရွေးချယ်ပြီး တင်ဒါအောင်သူကို အတည်ပြုမည်ဖြစ်ပါသည်။

၅။ ၂၀၂၆ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာ စိစစ်ရေးအဖွဲ့၏ စိစစ်ရွေးချယ်မှုသည် အပြီးသတ်အဆုံးအဖြတ်ဖြစ်ပါသည်။ (သတ်မှတ်အချိန်ကျော်လွန်မှ တင်သွင်းသောတင်ဒါများနှင့် သတ်မှတ်စည်းကမ်းချက်များနှင့်ညီညွတ်ပြည့်စုံမှုမရှိသော တင်ဒါများကို လက်ခံရွေးချယ်မည်မဟုတ်ပါ)

**၂၀၂၆ ခုနှစ်၊ ဟဂ်ျဝတ်ပြုသွားရောက်ခြင်းဆိုင်ရာစိစစ်ရေးအဖွဲ့**


SPORTS VIEW JOURNAL



- အင်္ဂလိပ်ပရီးမီးယားလိဂ်...


### အမည်ပြောင်း
ဇေယျာသီရိမြို့နယ်၊ အနော်ရထာရပ်ကွက်၊ စံပယ်(၅)ရိပ်သာ၊ တိုက်(၃၁/ဇ) မှတ်ပုံတင်အမှတ် ၈/ဆဖန(နိုင်)၀၅၉၀၉၉ ကိုင်ဆောင်သူ (အဘ)ဦးဇေယျာမင်း၏သမီးဖြစ်သူ မခင်စစ်သွေးအား မခေတ်စံဝတီဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခေတ်စံဝတီ**

### ပျောက်ဆုံးကြောင်း
ခင်နှင်းယု(ဘ)ဦးတင်ဦး ၁၂/လယန(နိုင်)၀၁၈၇၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
နော်ညွန့်ညွန့်အေး(ဘ)ဦးသန်းဆွေ ၁၄/မအပ(နိုင်)၁၂၁၈၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၅၁၄၇၂၉

### ပျောက်ဆုံးကြောင်း
သဲအိစံ(ဘ)ဦးစောမြင့် ၁၂/ကမန(နိုင်)၁၄၇၈၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
မာမာချို(ဘ)ဦးမာမက်အီစွတ်(ခ)ဦးတင်မောင် ၁၂/ဗတထ(နိုင်)၀၂၅၅၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဌေးဌေးခိုင်(ဘ)ဦးလှရှိန် ၇/ဖမန(နိုင်)၁၉၀၁၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ထွန်းနိုင်လင်း(ဘ)ဦးသိန်းမြင့် ၁၁/မအတ(နိုင်)၀၀၀၁၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၇၆၂၀၂၉

### ပျောက်ဆုံးကြောင်း
တိုးလွင်(ဘ)ဦးအောင်သိန်း ၉/တသန(နိုင်)၁၉၈၁၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 262579)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၇၁၁၅၂၈

### ပျောက်ဆုံးကြောင်း
နော်ဂရိတ်(ဘ)ဦးသိန်းချစ် ၁၂/အစန(နိုင်)၀၄၃၈၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၀၁၄၁၆

### ပျောက်ဆုံးကြောင်း
အောင်လံမြို့နယ်၊ စမြကျေးရွာနေ ဇင်ချိုစန်း(ဘ)ဦးစံလှိုင် ၈/အလန(နိုင်)၂၁၆၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့နေ ဂျိုက်ရမ်း(ဘ)ဦးရမ်းလခန်း ၇/ကတခ(ပြု)၀၁၂၆၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂


- အင်္ဂလိပ်ပရီးမီးယားမျှော်လင့်ချက် လင်းလက်နိုင်ကြမလား။
- ပြည်တွင်းအားကစားသတင်းများ။
- တစ်ပတ်အတွင်းကစားမည့်ပွဲစဉ်များနှင့် အချိန်များ။
- အင်ဒိုနီးရှားအသင်း၏ အဓိကနောက်ခံကစားသမား ဂျတ်စတင်းဟပ်ဘ်နာနှင့် အင်တာဗျူး။
- ပွဲစဉ်အလိုက်အမှတ်ပေးဇယား။
- ချန်ပီယံဆုဗလား အများဆုံးရရှိထားတဲ့ ထိပ်တန်းနည်းပြတွေအကြောင်း။
- ကမ္ဘာ့အချမ်းသာဆုံး အားကစားအသင်းပိုင်ရှင်များ။
- ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ စပိန်လာလီဂါ ပွဲစဉ်(၃၀)နှင့် အင်္ဂလိပ်ပရီးမီးယား ကွာတားဖိုင်နယ်ပွဲစဉ်များ ကြိုတင်ခန့်မှန်းချက်။

ထွက်ပြီ
သတင်း၊ ဓာတ်ပုံ၊ ဆောင်းပါး
စေစေဆာဆာဖြင့် အတွဲ (၁၅)၊ အမှတ် (၁၄)
ဖြန့်ချိရေး မြဝတီစာပေတိုက်(ဖုန်း-၀၉၃၂၄၉၈၇၂၄)



သိပ္ပံနှင့် လူမှုရေး၊ ပညာရေး၊ နိုင်ငံတကာဗဟုသုတ ကဏ္ဍစုံလင်စွာဖြင့် စာဖတ်ပရိသတ်များ၏လိုအင်များကို အမြဲဖြည့်ဆည်းပေးလျက်ရှိသော




တေဇ ရုပ်စုံ
- မိမိရင်သွေးငယ်များအတွက် ပုံပြင်ဗဟုသုတကဏ္ဍ၊ ဝတ္ထုတိုကဏ္ဍ၊ နိုင်ငံတကာသိမှတ်ဖွယ်ရာအဖြာဖြာကဏ္ဍ၊ တေဇသုတအဖြာဖြာတို့ကို စုံလင်စွာဖော်ပြထားသည့်စာစောင်
- အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားသည့် ကာတွန်းကဏ္ဍ၊ ကလေးများ အသိဉာဏ်ပညာမြင့်မားစေရေးအတွက် ဉာဏ်စမ်းကဏ္ဍများပါရှိသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစကားပုံများကို လေ့လာသိရှိစေရန်အတွက် မြန်မာမှုဥပစာစကားများကို ပုံနှင့်တကွ ဖော်ပြထားသည့်စာစောင်
- ရင်သွေးငယ်လေးများ မြန်မာစာအရေးအသား မြင့်မားတိုးတက်လာစေမည့် စာစီစာကုံးပြိုင်ပွဲပါရှိသည့်စာစောင်
- ကာတွန်းသရုပ်ဖော်ပန်းချီနှင့်အတူ တေဇကလေးတို့အတွက် မတ်လထုတ် တေဇရုပ်စုံစာစောင်ထွက်ရှိလို့လာပါပြီ။

ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၆၉၂၁၃၆၈၈ (စာတည်းဌာန)
၀၉ ၃၂၄၉၈၇၂၄ (ဖြန့်ချိရေး)
မြဝတီစာပေတိုက်က ထုတ်ဝေသည်။


**ပျောက်ဆုံးကြောင်း**
ခင်သက်ထား(ဘ)ဦးထွန်းရီ ၁၀/ခဆန(နိုင်)၁၀၁၉၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၇၄၀၅၂၀၇

**ပျောက်ဆုံးကြောင်း**
ဇာနည်အောင်(ဘ)ဦးနိုင် ၁၀/မဒန(နိုင်)၂၅၈၁၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၄၈၄၄၀၇၇

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot အမှတ် |
|---|---|---|---|
| (က) | ဆူးလေဆိပ်ကမ်းတံတားဝင်းအတွင်းရှိ ဆိပ်ခံတံတားအမှတ်(၂၊ ၃)၏ ဘေးကာခံတုံး (Concrete Coping) များ ပြုပြင်ခြင်းနှင့် ဆိပ်ခံတံတား၏ Apron များအား ကတ္တရာကွန်ကရစ်(AC)ဖြင့် ပြုပြင်ခြင်းလုပ်ငန်း။ | ၁ | Lot (1) |
| (ခ) | ဆိပ်ကြီးမြစ်ကြောင်းထိန်းတံတိုင်း၏ ပျက်စီးနေသောသံကူကွန်ကရစ် မြစ်ကြောင်းထိန်းနံရံအလျား ၂၀၀' အား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း။ | ၁ | Lot (2) |
| (ဂ) | ရန်ကုန်ဆိပ်ကမ်းနယ်မြေရှိ ၁၂၀'x ၂၀'x ၆'.၆" အရွယ် ဆိပ်ခံဖောင(၁)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot (3) |
| (ဃ) | ပန်းဆိုးတန်းဆိပ်ကမ်းနယ်မြေနှင့် ဗိုလ်တထောင်ဆိပ်ကမ်းနယ်မြေတို့ရှိ သံစည်ဖွဲ့ဆိပ်ခံဖောတံတားများတွင် တပ်ဆင်အသုံးပြုလျက်ရှိသည့် ၄၀'x ၁၀'x ၅' အရွယ်သံစည်ဖောများအနက် သံစည်ဖော(၅)လုံးအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot (4) |
| (င) | မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရုံးချုပ်၊ ဒုတိယထပ်ရှိအခန်းအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင် သမိုင်းမှတ်တမ်း၊ ပြခန်းအဖြစ်ပြုပြင်မွမ်းမံခြင်းလုပ်ငန်း။ | ၁ | Lot (5) |
| (စ) | နန်းသီတာဆိပ်ခံတံတားနှင့် ကျုန်းမာရေးအမှတ်(၂)ဆိပ်ခံတံတားအကြား ကမ်းပါးထိန်းနံရံ အလျား ၂၀၀' တည်ဆောက်ခြင်းလုပ်ငန်း။ | ၁ | Lot (6) |
| (ဆ) | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်း တော်ဝင်သံကူကွန်ကရစ်ဆိပ်ခံတံတား၏ တောင်ဘက်ကပ်လျက်မြေနေရာတွင် အပြည်ပြည်ဆိုင်ရာကမ်းရိုးတန်းဆိပ်ကမ်းသစ်တစ်ခုတည်ဆောက်ခြင်းလုပ်ငန်း။<br>(က) သံကူကွန်ကရစ်ဆိပ်ခံတံတားတစ်စင်းတည်ဆောက်ခြင်း။ | ၁ | Lot (7) |

၃။ အမှတ်စဉ်-၂(က)မှ (စ)အထိတင်ဒါပုံစံ ဝယ်ယူနိုင်သည့်နေ့ရက်နှင့်အချိန် - ၄-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ(ရုံးချိန်အတွင်း)

အမှတ်စဉ်-၂(ဆ)တင်ဒါပုံစံ ဝယ်ယူနိုင်သည့်နေ့ရက်နှင့်အချိန် - ၄-၅-၂၀၂၆ ရက်နေ့မှ ၂၉-၅-၂၀၂၆ ရက်နေ့အထိ(ရုံးချိန်အတွင်း)

၄။ အမှတ်စဉ်-၂(က)မှ (စ)အထိ တင်ဒါဖွင့်မည့်နေ့ရက်နှင့်အချိန် - ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ

အမှတ်စဉ်-၂(ဆ)တင်ဒါဖွင့်မည့် နေ့ရက်နှင့်အချိန် - ၄-၆-၂၀၂၆ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ

၅။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်ရုံးချုပ်၊ တတိယထပ်၊ မြို့ပြအင်ဂျင်နီယာဌာန

၆။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း၊ ၀၉-၄၃၁၂၇၄၆၈၊ ၀၉-၅၁၈၃၀၈၅၊ ၀၉-၄၃၀၄၉၃၃၇၊ ၀၉-၂၅၇၄၀၆၀၇၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများ

| စဉ် | လုပ်ငန်းအမည် | အရေအတွက် | Lot အမှတ် |
|---|---|---|---|
| (က) | ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ဆိပ်ကမ်း၊ ပိုလန်ဖောတံတားရှိ ၁၂၀'x ၂၀' အရွယ် ဆိပ်ခံဖောအား ပြုပြင်ခြင်းလုပ်ငန်း။ | ၁ | Lot (8) |
| (ခ) | တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ဆိပ်ကမ်း၊ ဆိပ်ငယ်(အောက်)ဆိပ်ခံဖောတံတားတွင် လက်ရှိတပ်ဆင်ထားသော ၁၂၀'x ၂၀' အရွယ် သံမဏိဆိပ်ခံဖောအမှတ်(၄)အား အကြီးစားပြုပြင်ခြင်းလုပ်ငန်း။ | ၁ | Lot (9) |

၃။ တင်ဒါပုံစံဝယ်ယူနိုင်သည့်နေ့ရက်နှင့်အချိန် - ၄-၅-၂၀၂၆ ရက်နေ့မှ ၁၅-၅-၂၀၂၆ ရက်နေ့အထိ(ရုံးချိန်အတွင်း)

၄။ တင်ဒါဖွင့်မည့်ရက်နှင့်အချိန် - ၂၁-၅-၂၀၂၆ (ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ

၅။ အမှတ်စဉ်-၂(က)တင်ဒါပုံစံရောင်းချမည့်နေရာ - ပုသိမ်ဆိပ်ကမ်းရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ပုသိမ်မြို့

အမှတ်စဉ်-၂(ခ)တင်ဒါပုံစံရောင်းချမည့်နေရာ - မြိတ်ဆိပ်ကမ်းရုံး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ မြိတ်မြို့

၆။ အသေးစိတ်အချက်အလက်များအားသိရှိလိုပါက ပုသိမ်ဆိပ်ကမ်းရုံးအတွက် ဖုန်း၊ ၀၉-၂၅၄၄၃၄၂၀၀၊ ၀၉-၂၅၂၀၄၅၅၂၅ သို့လည်းကောင်း၊ မြိတ်ဆိပ်ကမ်းရုံးအတွက် ဖုန်း၊ ၀၉-၂၅၄၀၁၇၄၂၁၊ ၀၉-၄၂၁၉၆၅၈၄၇ သို့လည်းကောင်း ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ပျောက်ဆုံးကြောင်း**
ဖြိုးပြည့်ဝသုန်(ဘ)အောင်ကျော်ထွန်း ၁၂/ဥကမ(နိုင်)၂၃၀၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၈၈၅၃၁၀၉

**ပျောက်ဆုံးကြောင်း**
အာယု(ဘ)ဦးစံငြိမ်း ၅/ယမပ(နိုင်)၁၄၆၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 413463)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၄၃၉၀၇၈၉

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေတို့ဖြင့်ဆောင်ရွက်မည့် ကုန်ထုတ်လမ်း၊ တံတားနှင့် ကျေးလက်ရေပေးရေးလုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၃၀-၄-၂၀၂၆)ရက် (ကြာသပတေးနေ့)
(ခ) တင်ဒါလျှောက်လွှာ ရောင်းချမှု ပိတ်သိမ်းမည့်ရက် - (၁၄-၅-၂၀၂၆)ရက် (ကြာသပတေးနေ့)
(ဂ) တင်ဒါလျှောက်လွှာ(နောက်ဆုံး) တင်သွင်းရမည့်ရက် - (၁၄-၅-၂၀၂၆)ရက် (ကြာသပတေးနေ့)(၁၆:၃၀)နာရီအထိ
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက် - (၁၉-၅-၂၀၂၆)ရက်(အင်္ဂါနေ့)
(င) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး
(စ) တင်ဒါအကြိုရှင်းလင်းမည့်ရက် (သီးခြားဖိတ်စာမပို့ပါ) - (၁၂-၅-၂၀၂၆)ရက် (အင်္ဂါနေ့)(နံနက် ၁၀:၀၀) တိုင်းကျေးလက်ရုံး

၂။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၂၄၅) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်းနံပါတ်-၀၁-၉၀၁၀၆၅၀ နှင့် email-ygn.drd@drdmyanmar.net သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွက် ဧရာဝတီတိုင်းဒေသကြီးအစိုးရ ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လျှပ်စစ်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများအသစ်တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများ၊ အစားထိုးတည်ဆောက်ခြင်းလုပ်ငန်းများ၊ ပစ္စည်းဝယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - ၃၀-၄-၂၀၂၆ ရက်မှ ၂၉-၅-၂၀၂၆ ရက်အထိ
(ခ) တင်ဒါတင်သွင်းရမည့်ရက် - ၂၀-၅-၂၀၂၆ ရက်မှ ၂၉-၅-၂၀၂၆ ရက် (၁၄:၀၀ နာရီထိ)
(ဂ) တင်ဒါပိတ်မည့်ရက် - ၂၉-၅-၂၀၂၆ ရက် (၁၄:၀၀ နာရီထိ)
(ဃ) တင်ဒါဖွင့်လှစ်မည့်ရက်အား ထပ်မံကြေညာပေးသွားမည်ဖြစ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများအား တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံးမှ ရောင်းချပေးသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်များ** - ၀၄၂-၂၄၅၅၂(အင်ဂျင်နီယာဌာန)
- ၀၄၂-၂၁၈၉၁(ဘဏ္ဍာရေးဌာန)

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ဧရာဝတီတိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့
## သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး(မူလ)ရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် - (၂၉-၄-၂၀၂၆)(ရုံးချိန်အတွင်း)
(ခ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ မုံရွာမြို့
(ဂ) တင်ဒါလျှောက်လွှာ ရောင်းချမည့်နောက်ဆုံးရက် - (၂၈-၅-၂၀၂၆)ညနေ(၄:၀၀)နာရီ
(ဃ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက် - (၂၉-၅-၂၀၂၆)ညနေ(၄:၀၀)နာရီ
(င) တင်ဒါတင်သွင်းရမည့်နေရာ - စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ မုံရွာမြို့
(စ) တင်ဒါစာအိတ်(A)/စာအိတ်(B) ဖွင့်ဖောက်စစ်ဆေးမည့်ရက် - ထပ်မံအကြောင်းကြားပါမည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ဝယ်ယူသည့်စနစ်ဖြင့် ရောင်းချမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဘူတာလမ်းနှင့် ရုံးကြီးလမ်းထောင့်၊ ဖုန်း(၀၉-၇၈၅၆၃၆၈၈၃၊ ၀၉-၂၆၅၁၁၁၂၁၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**


SIN MINN
အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
ISO 9001
BUREAU VERITAS
Certification
UKAS
MANAGEMENT
SYSTEMS
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် – ဖုန်း ၀၉ ၆၈၆၉၉၃၅၈၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


STARMART Showroom များတွင် အရည်အသွေးမြင့် စားသောက်ကုန်များအပါအဝင်
ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ဝိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
Kha Yae Pin Mart
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ -၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ -၃၀၈၆၀၁၈၀
RHINO
TRISTAR


သဘာဝအစစ်မို့ အရသာထူး စိတ်ရွှင်ကြည်နူး
ရွှေဖီဦး
Lemon Tea
Tea mix
Black Tea
SHWE PHE OO
Lemon Tea
Plus
Vitamin C
FDA အမှတ်
၈၄/ ၁၄၀၉၁/ထလ
ASEAN-OSHNET AWARD
Best Practices Award
ပင်ရင်းအရောင်း-ဖုန်း – ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း – ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း – ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း – ၀၉ ၆၈၅၁၁၉၀၇၇

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)သင်တန်းဆင်းပွဲများကျင်းပပြုလုပ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲကျင်းပစဉ်။

**နေပြည်တော် မေ ၂၉**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး **စာမျက်နှာ ၁၆ ကော်လံ ၁ ➲**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလက်ခံယုံကြည်သည့် KIA အဖွဲ့နှင့် KPDF အမည်ခံအဖွဲ့ဝင် ၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်




စာ - ၁၂ သို့

တနိုင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်ခဲယမ်းများကိုလွှဲပြောင်းအပ်နှံစဉ်။

# အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်ခဲ့ပြီး တိမ်းရှောင်နေသည့် တရားမဝင်ပြည်ပနိုင်ငံသားများ၊ မြန်မာနိုင်ငံသားများနှင့် နိုင်ငံအတွင်း တရားမဝင်ဝင်ရောက်နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား မူဆယ်မြို့၌ ဖမ်းဆီးရမိ



မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိနေအိမ်၌ ဖမ်းဆီးရမိသည့် တရားမဝင်တရုတ်နိုင်ငံသား ၂၆ ဦးကို တွေ့ရစဉ်။

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာနှင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများ **စာမျက်နှာ ၁၄ ကော်လံ ၁ ➲**

